# ရတနာပုံ

၁၉၉၂ ခုနှစ်၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

yadanarbonnews.com

၁၃၈၆ခုနှစ်၊ နယုန်လဆန်း (၇) ရက်၊ ကြာသပတေးနေ့၊ (13-6-2024)၊ အတွဲ (၃၃)၊ အမှတ် (၀၄၄)


**ဒို့တာဝန်အရေးသုံးပါး**

- ❖ ပြည်ထောင်စုမပြိုကွဲရေး။
- ❖ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- ❖ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံးတည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် NCA ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း

## မြန်မာနိုင်ငံလုံးဆိုင်ရာပညာရေးညီလာခံ(၂၀၂၄)ကျောင်းပရေးဦးစီးကော်မတီ ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြား



မြန်မာနိုင်ငံလုံးဆိုင်ရာပညာရေးညီလာခံ(၂၀၂၄)ကျောင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း မြန်မာနိုင်ငံလုံးဆိုင်ရာပညာရေးညီလာခံ(၂၀၂၄)ကျောင်းပရေးဦးစီးကော်မတီ ညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

**နေပြည်တော် ဇွန် ၁၂**

မြန်မာနိုင်ငံလုံးဆိုင်ရာ ပညာရေးညီလာခံ (၂၀၂၄)ကျောင်းပရေးဦးစီးကော်မတီ ညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ပညာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံလုံးဆိုင်ရာပညာရေးညီလာခံ(၂၀၂၄)ကျောင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း တက်ရောက်အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးများ၊ နေပြည်တော်ကောင်စီဝင်၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**စာမျက်နှာ ၁၈ ကော်လံ ၁**




ရတနာပုံ
၂၀၂၄ ခုနှစ် ဇွန် ၁၃ ရက်
အယ်ဒီတာ့အာဘော်

# နိုင်ငံတော်ကာကွယ်ရေးအတွက် နိုင်ငံ့သားကောင်းများ

ကမ္ဘာ့နိုင်ငံများရှိ နိုင်ငံသားတိုင်း မိမိနေထိုင်ရာနိုင်ငံကိုချစ်မြတ်နိုးပြီး နိုင်ငံတကာနှင့်ယှဉ်လျှင် မိမိနိုင်ငံကို ငြိမ်းချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်ကာ ကမ္ဘာ့အလယ်တွင် ဝင့်ထည်စေချင်သည့်စိတ်ဓာတ်ရှိကြသည်။ ထိုသို့ စိတ်ဓာတ်မျိုးရှိရုံဖြင့် မိမိတို့လိုလားတောင့်တသောနိုင်ငံဖြစ်လာမည်မဟုတ်ပေ။ နိုင်ငံသားတိုင်း လိုလားတောင့်တသော ငြိမ်းချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးဖြစ်စေရန်၊ အနှောင့်အယှက်အဖျက်အဆီးများကိုကာကွယ်ရန် နိုင်ငံသားအားလုံး တညီတညွတ်တည်း ဝိုင်းဝန်းဆောင်ရွက်ကြရမည်ဖြစ်သည်။

လက်ရှိတွင်ဖြစ်ပေါ်နေသော မြန်မာနိုင်ငံ၏ ပထဝီနိုင်ငံရေးဆိုင်ရာစိန်ခေါ်မှုများ၊ ပြောင်းလဲလာသည့် ကမ္ဘာ့နိုင်ငံရေးအခင်းအကျင်းများ၊ နိုင်ငံတွင်းအကြမ်းဖက်များ၏ နှောင့်ယှက်မှုများနှင့်လုံခြုံရေးဆိုင်ရာအခြေအနေများကြောင့် နိုင်ငံတော်ကြီး ထိခိုက်ပြိုကွဲမှုမဖြစ်စေရေး၊ ဖွံ့ဖြိုးတိုးတက်မှုများ မနှောင့်နှေးစေရေးနှင့် နိုင်ငံသူ၊ နိုင်ငံသားတို့၏ အကျိုးစီးပွားများ ထိခိုက်ဆုံးရှုံးမှုများမရှိစေရေးအတွက် ကာကွယ်ရေးအင်အား တောင့်တင်းခိုင်မာစေရန်မှာ ပဓာနကျလာခဲ့သည်။ အင်အားတောင့်တင်းခိုင်မာသည့် ကာကွယ်ရေးအင်အားဖြင့်သာ နိုင်ငံတော်နှင့် နိုင်ငံသားများကို ဘေးအန္တရာယ်အသွယ်သွယ်မှ ကာကွယ်ပေးနိုင်မည်ဖြစ်သည်။ ထို့ကြောင့် နိုင်ငံ၏ကာကွယ်ရေးအင်အား တောင့်တင်းခိုင်မာစေရန် အရွယ်ရောက်သူနိုင်ငံသားတိုင်း၊ နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်ရှိသူတိုင်း နိုင်ငံတော်ကာကွယ်ရေးတာဝန်များတွင် တက်ကြွစွာပါဝင်ထမ်းဆောင်ရန် လိုအပ်ပေသည်။

ထို့ပြင် နိုင်ငံသားတိုင်း ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးဟူသော ဒို့တာဝန်အရေးသုံးပါးကို ထိန်းသိမ်းစောင့်ရှောက်ရန် တာဝန်ရှိပေသည်။ အဆိုပါတာဝန်များကို ထမ်းဆောင်နိုင်ရန်အတွက် စစ်ပညာသင်ကြားရန်နှင့် နိုင်ငံတော်ကာကွယ်ရေးအတွက် စစ်မှုထမ်းဆောင်နိုင်ရန် ရည်ရွယ်၍ ပြည်သူ့စစ်မှုထမ်းဥပဒေကို ၂၀၁၀ ပြည့်နှစ် နိုဝင်ဘာလတွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီက ပြဋ္ဌာန်းခဲ့ပြီး ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီ ၁၀ ရက်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက စတင်အာဏာသက်ဝင်စေခဲ့သည်။

နိုင်ငံတော်က လိုအပ်ချိန်တွင် လူငယ်လူရွယ်များ၏ ပေးဆပ်ရဲမှု၊ စွန့်လွှတ်စွန့်စားလိုမှုသည် မိမိတို့ မြန်မာလူမျိုးများ၏အသွေးအသားထဲတွင် အမြဲရှိနေကာ အရေးကြီးလျှင် သွေးနီးတတ်သည်မှာ မြန်မာတို့၏ ဝိသေသတစ်ခုပင်ဖြစ်သည်။ ပြည်သူ့စစ်မှုထမ်းရွက်မည့်သူများကို ယခုအခါ ဥပဒေနှင့်အညီ ဆင့်ခေါ်မှုပြုခဲ့ရာ တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးရှိ လူငယ်များသည် မိမိတို့သဘောဆန္ဒအလျောက် စာရင်းပေးသွင်းလာသည်ကို ဂုဏ်ယူဖွယ်တွေ့ရသည်။ ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၁)ကို ဧပြီ ၈ ရက်၊ အမှတ်စဉ်(၂)ကို မေ ၁၄ ရက်တွင် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီး၌ဖွင့်လှစ်ခဲ့ရာ အရည်အချင်းကိုက်ညီသူ နိုင်ငံ့သားကောင်းများသည် သက်ဆိုင်ရာသင်တန်းကျောင်းအသီးသီးတွင် စစ်ပညာများကိုသင်ယူလျက်ရှိသည်။

သို့ဖြစ်ရာ ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းခြင်းသည် နိုင်ငံတော်လုံခြုံရေးနှင့် နိုင်ငံသားအားလုံးအတွက်ပင်ဖြစ်သည်။ ထို့ကြောင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကိုတည်ဆောက်နိုင်ရေးအတွက် နိုင်ငံ၏ကာကွယ်ရေးအင်အား တောင့်တင်းခိုင်မာစေရန်၊ အနှောင့်အယှက်အဖျက်အဆီးများကိုကာကွယ်ရန် နိုင်ငံ့သားကောင်းလူငယ်လူရွယ်များအနေဖြင့် ပြည်သူ့စစ်မှုထမ်းသင်တန်းများကို တက်ကြွပျော်ရွှင်စွာတက်ရောက်နေမှုများအပေါ် ဂုဏ်ယူအားပေးပါကြောင်း ရေးသားလိုက်ရပေသည်။

# ပြည်ပကဝယ်ယူမှုများပြားသဖြင့် မန္တလေးဈေးကွက်တွင် ပဲဇီးကွက်အရောင်းအဝယ်ကောင်းမွန်လျက်ရှိ

**မန္တလေး ဇွန် ၁၂**

ပြည်ပက ဝယ်ယူမှုများပြားသဖြင့် မန္တလေးဈေးကွက်တွင် ပဲဇီးကွက်အရောင်းအဝယ်ကောင်းမွန်လျက်ရှိကြောင်း ပွဲစားကုန်သည်စက်ပိုင်များ မဟာကထိန်တော်အသင်း(မန္တလေးကုန်စည်ဒိုင်) အတွင်းရေးမှူး ဦးစက်မောင်ဆွေက ပြောပြ၍ သိရသည်။

မြန်မာနိုင်ငံမှထွက်ရှိသည့် ပဲဇီးကွက်ကို လက်ရှိတွင် တရုတ်နိုင်ငံက ပြန်လည်ဝယ်ယူမှုများရှိလာကြောင်း၊ လက်ရှိတွင် ပြည်တွင်း၌ ပဲဇီးကွက်များအရောင်းအဝယ် ပြန်လည်ကောင်းမွန်လျက်ရှိပြီး မန္တလေးဈေးကွက်အတွင်း၌ပါ ပဲဇီးကွက်များ အရောင်းအဝယ်ကောင်းမွန်လျက်ရှိကြောင်း သိရသည်။

"ပြည်တွင်းကထွက်ရှိတဲ့ ပဲဇီးကွက်တွေကို အခုလက်ရှိအချိန်မှာ တရုတ်နိုင်ငံအပြင် အိန္ဒိယနိုင်ငံဘက်ကပါ ပြန်ပြီးဝယ်ယူမှုတွေရှိလာတယ်။ ပြည်တွင်းကလဲ ဝယ်ယူမှုများလာတာကြောင့် အရင်ကထက် အရောင်းအဝယ်ပိုကောင်းမွန်နေပါတယ်။ ပဲဇီးကွက်ဟာ မန္တလေးဈေးကွက်ထဲမှာ အရောင်းအဝယ်ကောင်းမွန်တဲ့ ပဲအမျိုးအစားတွေထဲက တစ်မျိုးအပါအဝင်ဖြစ်ပါတယ်။ အခု မန္တလေးအပြင် ရန်ကုန်ဈေးကွက်ထဲမှာပါ ပဲဇီးကွက်ကအရောင်းအဝယ် ပြန်ပြီးကောင်းမွန်နေပါတယ်"ဟု ဦးစက်မောင်ဆွေက ပြောပြသည်။

မန္တလေးဈေးကွက်အတွင်း ယနေ့ ပဲဇီးကွက်ဈေးနှုန်းမှာ သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၁၉၀၀၀၀ ထိ ပေါက်ဈေးရှိပြီး အရောင်းအဝယ်ကောင်းမွန်လျက်ရှိကြောင်း ပွဲစားကုန်သည်စက်ပိုင်များ မဟာကထိန်တော်အသင်း(မန္တလေးကုန်စည်ဒိုင်)မှ သိရသည်။ (၁၈၄)

# ရေဝတီမြစ်ရေများချိန်ကာလဖြစ်သောကြောင့် တောင်သမန်အင်းအတွင်း ဇွန်လ ဒုတိယပတ်မှစ၍ အင်းရေ နှစ်ပေခန့်မြင့်တက်လာ



**မန္တလေး ဇွန် ၁၂**

ဧရာဝတီမြစ်ရေများချိန်ကာလဖြစ်သောကြောင့် တောင်သမန်အင်းအတွင်း ဇွန်လ ဒုတိယပတ်မှစ၍ အင်းရေ နှစ်ပေခန့်မြင့်တက်လာကြောင်း အဆိုပါတံတားပြုပြင်ထိန်းသိမ်းရေးအဖွဲ့ အတွင်းရေးမှူး ဦးစိုးဝင်းက ပြောပြ၍ သိရသည်။

ယခုလက်ရှိတွင် ဧရာဝတီမြစ်အတွင်း မြစ်ရေများချိန်ကာလသို့ ရောက်ရှိနေပြီဖြစ်ကြောင်း၊ မြစ်ရေများချိန် ကာလဖြစ်သည့်အတွက် တောင်သမန်အင်းအတွင်း မြစ်ရေများဝင်ရောက်လာပြီး အင်းရေ နှစ်ပေခန့် မြင့်တက်လာကြောင်း သိရသည်။

"တောင်သမန်အင်းအတွင်း အင်းရေက တစ်နှစ်ကို သုံးကြိမ်လောက်မြင့်တက်ပါတယ်။ အခု ပထမအကြိမ်ဖြစ် ဇွန်လ ဒုတိယပတ်ကစပြီး တောင်သမန်အင်းရေ စတင်မြင့်တက်လာပါတယ်။ လာမဲ့ ဇူလိုင်လထဲမှာလဲ ဧရာဝတီမြစ်ရေနဲ့ ဒုဋ္ဌဝတီမြစ်ရေတိုးလာပြီး အင်းရေ ဒုတိယအကြိမ်မြင့်တက်လာဖို့ ရှိပါတယ်"ဟု ဦးစိုးဝင်းက ပြောပြသည်။

အဆိုပါတောင်သမန်အင်းနှင့် တံတားပေါ်သို့ ဇွန်လ ပထမပတ်က တစ်ရက်လျှင် ပြည်တွင်းခရီးသွားဦးရေ ၄၀၀ ကျော်သာရှိခဲ့သော်လည်း ယခုလက်ရှိ ဇွန်လ ဒုတိယပတ်တွင် တစ်ရက်လျှင် ပြည်တွင်းခရီးသွားဦးရေ ၆၀၀ ကျော် ဝင်ရောက်လည်ပတ်လျက်ရှိကြောင်း သိရသည်။

တောင်သမန်တံတားတွင် တိုင်လုံး ၁၀၈၆ တိုင်ရှိပြီး တောင်သမန်အင်းအတွင်း ပြည်တွင်း၊ ပြည်ပခရီးသွားများ နေဝင်ဆည်းဆာအလှကို ငှက်လှေများဖြင့် လှည့်လည်ကြည့်ရှုနိုင်ရန် ငှက်လှေအစီးရေ ၅၀ ကျော်ဖြင့် ပြေးဆွဲပေးလျက်ရှိကြောင်း သိရသည်။

"အခုက ကျောင်းဖွင့်ချိန်ဖြစ်လို့ တောင်သမန်တံတားနဲ့အင်းကို လာရောက်လည်ပတ်တဲ့ ခရီးသွားတွေ လျော့ကျသွားတာမျိုးမရှိပါဘူး။ နယ်ဝေးဒေသတွေက ခရီးသွားတွေအပြင် မန္တလေးမြို့က ဒေသခံတွေလဲ လာရောက်လည်ပတ်မှုတွေရှိပါတယ်။ မည်စည်ပင်တန်းဘက်ကိုလဲ လာရောက်လည်ပတ်မှုများပါတယ်။ ခရီးသွားတွေ အများဆုံးလာရောက်လည်ပတ်တာကတော့ စနေနေ့နဲ့ တနင်္ဂနွေနေ့ ရုံးပိတ်ရက်တွေဖြစ်ပါတယ်"ဟု အတွင်းရေးမှူး ဦးစိုးဝင်းက ပြောပြ၍ သိရသည်။ (၁၈၄)

# မန္တလေးဈေးကွက်အတွင်း နယ်ပယ်ပေါင်းစုံမှ အုန်းသီးများ လှိုင်လှိုင်ဝင်ရောက်လျက်ရှိ

**မန္တလေး ဇွန် ၁၂**

မန္တလေး ဈေးကွက်အတွင်း နယ်ပယ်ပေါင်းစုံမှ အုန်းသီးများ လှိုင်လှိုင် ဝင်ရောက်လျက်ရှိပြီး အရောင်းအဝယ်ပုံမှန်ဖြစ်လျက်ရှိကြောင်း အုန်းသီးပွဲရုံပိုင်ရှင် ဒေါ်သူသူက ပြောပြ၍သိရသည်။

အုန်းသီးများကို ပြည်ပဖောက်သည်ဈေးကွက်နိုင်ငံများသို့ တင်ပို့ရောင်းချနေပြီး မန္တလေးဈေးကွက်အတွင်း ဝယ်ယူမှုကောင်းမွန်ခြင်းကြောင့် ယခုကဲ့သို့ နယ်ပယ်ပေါင်းစုံမှအုန်းသီးများ ယခင်ကထက် လှိုင်လှိုင်ဝင်ရောက်လာခြင်းဖြစ်ကြောင်း၊ ဈေးကွက်အတွင်း အုန်းသီးတစ်လုံးလျှင် ငွေကျပ် ၁၅၀၀ မှ ၂၀၀၀ ကြား အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း သိရသည်။

"မန္တလေးဈေးကွက်က ကျယ်တဲ့အတွက် နယ်ပယ်ပေါင်းစုံက ထွက်တဲ့အုန်းသီးတွေ အရင်ကထက် အဝင်ပိုများလာတာဖြစ်နိုင်တယ်။ အရောင်းအဝယ်ကတော့ ပုံမှန်ပါပဲ။ အဝင်များတော့ ဈေးနှုန်းကတော့ နည်းနည်းအေးသွားတယ်"ဟု အုန်းသီးပွဲရုံပိုင်ရှင် ဒေါ်သူသူက ပြောပြသည်။

အုန်းသီးကို ပြည်တွင်း မုန့်လုပ်ငန်းများတွင် အသုံးပြုကြသည့်အပြင် အုန်းသီးအစိမ်းများကို ပွဲလမ်းသဘင်အခမ်းအနားများ၊ ဘုရားပွဲနတ်ပွဲများတွင် အများဆုံးအသုံးပြုကြကြောင်း၊ အုန်းသီးနှုများကို အရည်သောက်အုန်းသီးအဖြစ် မန္တလေးဈေးကွက်အတွင်း ရောင်းချမှုများပြုလုပ်လျက်ရှိကြောင်း သိရသည်။

မြန်မာနိုင်ငံအတွင်းမှ ထွက်ရှိသော အုန်းသီးများကို ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ကုန်ကြမ်းအဖြစ်တင်ပို့ကြပြီး အဆင့်မြင့်ထုတ်ကုန်များကို ပြန်လည်ထုတ်လုပ်ကြကြောင်း၊ လက်ရှိတွင် ပြည်တွင်းတွင်လည်း ကုန်ချောထုတ်လုပ်ကာ ပြည်ပနိုင်ငံသို့တင်ပို့နိုင်ရန်အတွက် လုပ်ဆောင်နေကြသော်လည်း လုပ်ဆောင်သူအရေအတွက် နည်းပါးသေးကြောင်း သိရသည်။ (၀၄၉)

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၀၉-၄၅၈၈၉၁၃၀၀၊ကြော်ငြာ-၈၄လမ်းနှင့်၂၉-၃၀လမ်းကြား-၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com ၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ၈၀ရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# မင်းလှမြို့နယ် တောင်ဦးကျေးရွာ၌ VDP စီမံကိန်း မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းပြုလုပ်

**မင်းလှ ဇွန် ၁၂**

မကွေးတိုင်းဒေသကြီး သရက်ခရိုင် မင်းလှမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် တောင်ဦးကျေးရွာ၌ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP) မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းကို ယနေ့နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်သည်။

ရှေးဦးစွာ မင်းလှမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်သင်းသင်းအေးက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)အကောင်အထည်ဖော်ဆောင်ရွက်ပေးရခြင်း၏ ရည်ရွယ်ချက်များ၊ အကျိုးကျေးဇူးများ၊ စီမံကိန်းလက်စွဲစာစောင်ပါ အကြောင်းအရာများ၊ စီမံကိန်းအကောင်အထည်ဖော်ရေးဆိုင်ရာလုပ်ငန်းစဉ်များ၊ ကျေးလက်နေပြည်သူများထားရှိရမည့် ကျေးရွာစိတ်ဓာတ်များ၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဥပဒေ၊ နည်းဥပဒေပါ ကျေးလက်နေပြည်သူများ၏ တာဝန်နှင့် ခံစားခွင့်များ၊ ပြစ်မှုပြစ်ဒဏ်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းများက ကျေးရွာကော်မတီဝင်များထမ်းဆောင်ရမည့် တာဝန်ဝတ္တရားများ၊ ခံစားခွင့်များ၊ ကျေးရွာကော်မတီဝင်များ ရွေးချယ်ရာတွင် သတ်မှတ်ထားသည့် အရည်အချင်းများ၊ စည်းမျဉ်းစည်းကမ်းများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် အခမ်းအနားသို့ တက်ရောက်လာကြသည့် ကျေးရွာသူ၊ ကျေးရွာသားများက အများဆန္ဒနှင့်အညီ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းကော်မတီဝင် ခုနစ်ဦးကို ရွေးချယ်ဖွဲ့စည်းပေးခဲ့ကြောင်း သိရသည်။

တောင်ဦးကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP)ရန်ပုံငွေကျပ် သိန်း ၁၅၀ အသုံးပြုပြီး လမ်း၊ တံတားလုပ်ငန်းများ၊ ရေပေးရေးလုပ်ငန်းများနှင့် အခြားလုပ်ငန်းများကို ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။ **ကိုညို**



မန္တလေး၊ ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီးကန်ပတ်လမ်းရှိ စိတ္တဓါနသံဃာ့ဆေးရုံကြီးတွင် အလှူရှင် စဉ့်ကိုင်မြို့နေ ဦးညီညီ-ဒေါ်သိန်းနု(သန်းတစ်ရာဆီစက်)မိသားစုက ဆွမ်း၊ ဆေးပဒေသာပင်အတွက် အလှူငွေကျပ် ၁၀၀၀၀၀၀ လှူဒါန်းရာ နာယက-မဟာသဒ္ဓမ္မဇောတိကဓဇ ဂေရိတ်ဦးမြဝင်း၊ ဆေးရုံကြီးကြပ်ရေးနှင့်အထောက်အကူပြုအဖွဲ့ခေါင်းဆောင်-သုဓမ္မဇောတိကဓဇ ဦးစိုးလင်း၊ ဆွမ်းကွမ်းအတွင်းရေးမှူး ဦးဝဏ္ဏနှင့် တာဝန်ရှိသူများက လက်ခံရယူစဉ်။

# ဖျာပုံမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ မေလအတွင်း ငါးတန်ပိသာချိန် ၈၅၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရ



**ဖျာပုံ ဇွန် ၁၂**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ မေလအတွင်း ငါးတန်ပိသာချိန် ၈၅၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရကြောင်း ဖျာပုံမြို့နယ်မှ ရေထွက်ကုန်ပစ္စည်းများ ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်သူဇာက ပြောပြ၍ သိရသည်။

ဖျာပုံမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဧပြီလအတွင်းက ငါးတန်ပိသာချိန် ၅၅၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး မေ ၁ ရက်မှ ၃၁ ရက်ထိ တစ်လအတွင်း ငါးတန်ပိသာချိန် ၈၅၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရကြောင်း၊ ဖျာပုံမြို့နယ်မှ ငါးတန်များကို ရန်ကုန်ဈေးကွက်သို့ တင်ပို့ ရောင်းချလျက်ရှိကြောင်း သိရသည်။

"ပြီးခဲ့တဲ့ မေလအတွင်း ငါးတန်ပိသာချိန် ၈၅၀၀၀ ထိ ရန်ကုန်ဈေးကွက်ကို တင်ပို့ရောင်းချခဲ့ရပါတယ်။ ဖျာပုံမြို့နယ်ကနေ ထွက်တဲ့ ရေထွက်ကုန်မှန်သမျှ ရန်ကုန်ဈေးကွက်ကို တင်ပို့ရောင်းချတာဖြစ်ပါတယ်။ ရန်ကုန်ဘက်က အဝယ်လိုက်နေလို့ ပြီးခဲ့တဲ့တစ်လအတွင်းကော၊ အခုလက်ရှိကော ရေထွက်ကုန်တွေ အရောင်းအဝယ်ကောင်းနေပါတယ်။ ငါးတန်က ပြည်တွင်းဈေးကွက်မှာကို အရောင်းအဝယ်သွက်နေပါတယ်။ တင်ပို့အားတက်လာတော့ ငါးတန်မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူတွေ အဆင်ပြေလာပါတယ်"ဟု ဖျာပုံမြို့နယ်မှ ရေထွက်ကုန်ပစ္စည်းများရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်သူဇာက ပြောပြသည်။

ဖျာပုံမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချခဲ့သည့် ငါးတန် ၁၀ ပိသာလျှင် ငွေကျပ် ၁၀၅၀၀၀ ထိ ဈေးရရှိကြောင်း၊ အဆိုပါငါးတန်များကို ရန်ကုန်ဈေးကွက်သို့ ပိုမိုတင်ပို့ရောင်းချနေရခြင်းကြောင့် မွေးမြူရေးလုပ်ငန်းရှင်များ၊ ငါးရောင်းဝယ်ရေးကုန်သည်များ၊ ငါးကန်လုပ်သားများ၊ ကုန်တင်ကားအငှားလိုက်သူများ အဆင်ပြေလျက်ရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# သန်လျင်မြို့နယ် ကျိုက်အင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**သန်လျင် ဇွန် ၁၂**

ရန်ကုန်တိုင်းဒေသကြီး သန်လျင်ခရိုင် သန်လျင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ မိသားစုဝင်ငွေတိုး လုပ်ငန်းများ တိုးချဲ့လုပ်ကိုင်နိုင်ရန်နှင့် တိုးပွားလာသောရန်ပုံငွေများဖြင့် ကျေးရွာတွင်းဖွံ့ဖြိုးရေး လုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်ရည်ရွယ်၍ လက်ယက်စမ်းကျေးရွာအုပ်စု ကျိုက်အင်းကျေးရွာ၌ တတိယအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို ယနေ့နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့သည်။

ရှေးဦးစွာ သန်လျင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဦးဝဏ္ဏထွန်းက စီမံကိန်းအကြောင်းအရာများ၊ စီမံကိန်းရန်ပုံငွေ ထုတ်ချေးပေးရခြင်း၏ရည်ရွယ်ချက်များ၊ အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့်စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြို့နယ်ဦးစီးအရာရှိနှင့် တာဝန်ရှိသူများက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ စီမံကိန်းရန်ပုံငွေကျပ် ၃၅၂ သိန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက ကျိုက်အင်းကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူလေးဦး၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ သုံးဦး၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ကိုးဦးနှင့် အခြားလုပ်ငန်းလုပ်ကိုင်သူ ၁၁ ဦး စုစုပေါင်း အသင်းသား၊ အသင်းသူ ၂၇ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေကျပ် ၃၅၂ သိန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။ **ရျှိသန်းညွန့်**

# ရမည်းသင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မြေပဲကေ ၈၉၀၀ ကျော်ထိ စိုက်ပျိုးပြီးစီးပြီဖြစ်

**ရမည်းသင်း ဇွန် ၁၂**

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မြေပဲကေ ၈၉၀၀ ကျော်ထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ရမည်းသင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်မျိုးသန့်က ပြောပြ၍ သိရသည်။

ရမည်းသင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မြေပဲကေ ၁၇၅၀၀ စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် မေလနောက်ဆုံးပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် မြေပဲကေ ၈၉၀၀ ကျော်စိုက်ပျိုးပြီးဖြစ်ကြောင်း၊ အဆိုပါသီးနှံများစိုက်ပျိုးနေခြင်းသည် ပြည်တွင်းရှိ စားသုံးသူပြည်သူများ ဆီဖူလုံမှုရှိစေရေးအတွက် စိုက်ပျိုးခြင်းဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီမှာ ရမည်းသင်းမြို့နယ်အတွင်း မြေပဲကေ ၁၇၅၀၀ စိုက်ပျိုးဖို့လျာထားပါတယ်။ လက်ရှိမှာတော့ ကေ ၈၉၀၀ ကျော် စိုက်ပျိုးပြီးနေပါပြီ။ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ဆီထွက်သီးနှံတွေကို ပြည်တွင်းစားသုံးမှုဖူလုံစေဖို့အတွက် ဘဏ္ဍာနှစ်အလိုက် တိုးချဲ့စိုက်ပျိုးနိုင်အောင်ဆောင်ရွက်နေပါတယ်။ ဆီထွက်သီးနှံစိုက်ပျိုးတာက ဒေသတွင်းဆီဖူလုံမှုအတွက် အဓိကရည်မှန်းချက်ထားပြီး စိုက်ပျိုးနေတာပါ"ဟု ရမည်းသင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်မျိုးသန့်က ပြောပြသည်။

ရမည်းသင်းမြို့နယ်တွင် ယခုနှစ် မြေပဲစိုက်တောင်သူများ၏ စိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းစေရန်၊ ပိုးမွှားရောဂါကျရောက်မှုမရှိစေရန်နှင့် ပေါင်းမြက်များကင်းရှင်းစေရန်အတွက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှဝန်ထမ်းများက တောင်သူများစိုက်ပျိုးထားရှိသည့် စိုက်ခင်းများထိ ကွင်းဆင်းစစ်ဆေးဆောင်ရွက်ပေးလျက်ရှိကြောင်း၊ စားသုံးဆီဖူလုံစေရေးအတွက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ဘဏ္ဍာနှစ်အလိုက်၊ ဆီထွက်သီးနှံအမျိုးအစားအလိုက် မျိုးကောင်းမျိုးသန့်များရရှိရေးနှင့် စိုက်ပျိုးရေးနည်းပညာပေးခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

(၁၈၅)



# စာဆိုဦးနိုး၏ ဘဝကြေးမုံ၊ စာကြေးမုံ (၁)

**ဗိုလ်ရှိတ်(ရတနာပူရ)**

ဆရာကြီးဦးဖေမောင်တင်သည် ခေတ်အဆက်ဆက် ဖြတ်သန်းလာသော မြန်မာစာပေသမိုင်းကို ခေတ်ခုနစ်ပိုင်းခွဲခြား၍လေ့လာရန် ပြောကြားခဲ့သည်။ ထိုခေတ် ခုနစ်ခေတ်မှာ-

၁။ ပုဂံခေတ်

၂။ ပင်းယခေတ်

၃။ အင်းဝခေတ်

၄။ တောင်ငူခေတ်

၅။ ညောင်ရမ်းခေတ်

၆။ ကုန်းဘောင်ခေတ် ပထမပိုင်း

၇။ ကုန်းဘောင်ခေတ် ဒုတိယပိုင်း ဟူ၍ဖြစ်သည်။

ထိုခေတ် ခုနစ်ခေတ်အတွင်း စာဆိုတော်များစွာ ပေါ်ထွန်းခဲ့သည်။ အထူးသဖြင့် ကုန်းဘောင်ခေတ်သည် စာဆိုတော်များစွာထွက်ပေါ်ခဲ့သလို စာပေအမျိုးအစားများလည်း စုံလင်လှသည်။ ထို့ကြောင့် ကုန်းဘောင်ခေတ်ကို မြန်မာစာပေအဖွံ့ဖြိုးဆုံးကာလဟု ပညာရှင်များကဆိုကြသည်။

ကုန်းဘောင်ခေတ်ဦးပိုင်းကာလ သို့မဟုတ် ဆရာကြီးဦးဖေမောင်တင်ခေတ်ခွဲသလို ကုန်းဘောင်ခေတ်ပထမပိုင်းတွင်ပေါ်ထွန်းခဲ့သော စာဆိုတော်များတွင် ဦးနိုးလည်း တစ်ဦးအပါအဝင်ဖြစ်သည်။ ဦးနိုးသည် ကုန်းဘောင်ခေတ်ဦးပိုင်းကာလတွင် ပေါ်ထွန်းခဲ့သော စာဆိုတော်တစ်ဦးဖြစ်သော်လည်း ထင်ပေါ်မှုမရှိခဲ့ပါ။ တိမ်မြုပ်လျက်သာရှိနေသည်။ ယခုမျက်မှောက်ခေတ်ကာလတွင် စာဆိုတော်တို့၏ အတ္ထုပ္ပတ္တိနှင့်ပတ်သက်၍ အထူးကိုးကားရသည့် ဗိုလ်မှူးဘသောင်း၏ စာဆိုတော်များအတ္ထုပ္ပတ္တိကျမ်းနှင့် ဆရာလှသမိန်၏ ဂန္ထဝင်ပုဂ္ဂိုလ်ကျော်များအတ္ထုပ္ပတ္တိတို့တွင် ဦးနိုး၏အကြောင်းကို ဖော်ပြခြင်းမရှိဘဲကျန်ခဲ့ပါသည်။

ဦးနိုးသည် စာဆိုအနေဖြင့်သာ တိမ်မြုပ်နေသည် မဟုတ်ပေ။ ဦးနိုးရေးခဲ့သော စာပေတို့မှာလည်း အများအားဖြင့်တိမ်မြုပ်နေခဲ့သည်။ ပုံနှိပ်မှုအဖြစ် ဝေဿန္တရာပျို့၊ မဟာမုနိဘုရားကြီးသမိုင်းပျို့၊ ရှင်မာလဲပျို့တို့လောက်သာ ရောက်ရှိခဲ့သည်။ အခြားသောပျို့တို့မှာ တိမ်မြုပ်နေခဲ့သည်။

တိမ်မြုပ်နေသော ဦးနိုး၏ဘဝအကြောင်းကို စိတ်ဝင်စားမိသည်မှာ ကြာပြီဖြစ်သည်။ သို့နှင့် ဦးနိုးအကြောင်းကို စာအုပ်စာတမ်းတော်တော်များများတွင် ရှာဖွေကြည့်ရှုမိသည်။ ထိုသို့ရှာဖွေသောအခါမှ ဦးနိုး၏ဘဝအကြောင်းတွင် လွဲမှားမှုများစွာဖော်ပြထားသည်များကို တွေ့လာရသည်။ ဦးနိုး၏ဇာတိကို လွဲမှားခြင်း၊ ဦးနိုးကို အခြားဦးနိုးတစ်ဦးနှင့်ရောထွေးခြင်း၊ ဦးနိုးကို ကုလားလူမျိုးဟု မှားယွင်းဖော်ပြခြင်း စသည်ဖြင့် လွဲမှားမှုများစွာတွေ့လာရသည်။ နဂိုကတည်းကမှ တိမ်မြုပ်နေရသည့်အထဲ ယခုကဲ့သို့ အလွဲလွဲအမှားမှားများကို တွေ့လာရသည့်အခါ ဦးနိုးအတွက် များစွာစိတ်မကောင်းဖြစ်ရသည်။ အလွဲတကာ အလွဲများတွင် အဆိုးဆုံးက ဦးနိုးကိုကုလားလူမျိုးဟု လွဲမှားခြင်းပင်ဖြစ်သည်။ အမှန်က ဦးနိုးသည် ဘုရားတကာ၊ ရဟန်းဒကာတစ်ဦးသာဖြစ်သည်။ ထိုကဲ့သို့ ဦးနိုး၏ဘဝဖြစ်စဉ်နှင့်ပတ်သက်၍ လွဲလွဲမှားမှားဖြစ်နေသည်များကို အမှန်သို့ရောက်ရန် စိတ်ဆန္ဒရှိသည်မှာ အမှန်သာဖြစ်သည်။ သို့ဖြစ်၍ ဦးနိုး၏ ဘဝကြေးမုံ၊ စာပေကြေးမုံကို ပီပီပြင်ပြင်ဖြစ်လာစေရန် သုတေသနပြုချင်လာသည်။ ဦးနိုးနှင့်စပ်ဆိုင်ရေးသားထားသည့် စာအုပ်၊ စာတမ်းများကို ရှာဖွေသည်။ စုဆောင်းသည်။ ပုံမနှိပ်ရသေးသော ပေမူ၊ လက်ရေးမူများဖြင့်ရှိသည့်ပျို့များကိုပါ တက်အားသရွေ့ရှာဖွေသည်။ သို့နှင့် ဦးနိုးရေးသမျှပျို့အားလုံးနီးပါးရှာဖွေတွေ့ရှိခဲ့သည်။ ရှာရခက်သည်မှာ ပုံနှိပ်မှုဖြင့်ရိုက်နှိပ်ခဲ့သည့် မဟာမြတ်မုနိဘုရားကြီးသမိုင်းပျို့ဖြစ်သည်။ ထိုပျို့မှာ ဒုတိယကမ္ဘာစစ်ကြီးမဖြစ်မီက ရိုက်နှိပ်ခဲ့သောကြောင့် ရှာရခက်သည်။ သို့သော် ထိုပျို့မူစာအုပ်ကိုရှာဖွေတွေ့ရှိခဲ့သည်။ ကံအားလျော်စွာပင် မဟာမြတ်မုနိဘုရားကြီးသမိုင်းပျို့ ပေမူတစ်ဆူကို စစ်ကိုင်းမြို့နယ် ရွာသစ်ကြီးရွာမှရရှိခဲ့သည်။ ဦးနိုးရေးခဲ့သောပျို့များစုဆောင်းမိလာသောအခါတွင် ဦးနိုး၏ဘဝကြေးမုံ၊ စာကြေးမုံကို သုတေသနပြုတင်ပြပါမည်။ အဓိကအားဖြင့် နောက်လူတို့ရေးသားသည့် ပြင်ပသက်သေများထက် ဦးနိုးကိုယ်တိုင်ရေးသားခဲ့သည့် အတွင်းသက်သေများကို အထောက်အထားပြု၍ ဦးနိုး၏ဘဝကြေးမုံ၊ စာကြေးမုံကို တင်ပြပါမည်။

❖ ဦးနိုးသည် စာဆိုအနေဖြင့်သာ တိမ်မြုပ်နေသည် မဟုတ်ပေ။ ဦးနိုးရေးခဲ့သောစာပေတို့မှာလည်း အများအားဖြင့် တိမ်မြုပ်နေခဲ့သည်။ ပုံနှိပ်မှုအဖြစ် ဝေဿန္တရာပျို့၊ မဟာမုနိဘုရားကြီးသမိုင်းပျို့၊ ရှင်မာလဲပျို့တို့လောက်သာရောက်ရှိခဲ့သည်။ အခြားသောပျို့တို့မှာ တိမ်မြုပ်နေခဲ့သည်။ တိမ်မြုပ်နေသော ဦးနိုး၏ဘဝအကြောင်းကို စိတ်ဝင်စားမိသည်မှာ ကြာပြီဖြစ်သည်။ သို့နှင့် ဦးနိုးအကြောင်းကို စာအုပ်စာတမ်းတော်တော်များများတွင် ရှာဖွေကြည့်ရှုမိသည်။ ထိုသို့ ရှာဖွေသောအခါမှ ဦးနိုး၏ဘဝအကြောင်းတွင် လွဲမှားမှုများစွာဖော်ပြထားသည်များကို တွေ့လာရသည်။ ❖

**ဦးနိုး၏ဇာတိ**

ဦးနိုး၏မွေးဖွားနှစ်ကို တိတိကျကျမသိရပါ။ ထို့အတူ မိဘအမည်များကိုလည်း မသိရပါ။ မှတ်တမ်းတချို့၌ ဦးနိုးသည် ညောင်ရမ်းခေတ်တွင် အင်းဝမြို့၌ မွေးဖွားခဲ့သည်ဟူ၍လည်းကောင်း၊ တချို့က ဆင်ဖြူရှင် မြေဒူးမင်းလက်ထက် အင်းဝမြို့၌မွေးဖွားခဲ့သည်ဟူ၍လည်းကောင်း ဆိုကြသည်။ ထိုအဆိုနှစ်ရပ်တွင် မည်သည့်အဆိုကမှန်သည်ကို တိတိကျကျမပြောနိုင်သေးပါ။ တိတိကျကျပြောနိုင်သည်မှာ ဦးနိုးသည် အင်းဝဇာတိ၊ အင်းဝမြို့တွင်မွေးဖွားခဲ့သည့်အကြောင်းသာဖြစ်သည်။ ဦးနိုးသည် အင်းဝသားဖြစ်သည်။ ထိုအကြောင်းကို ဦးနိုးကိုယ်တိုင်ရေးသားခဲ့သည့် ဝေဿန္တရာပျို့နိဂုံးပိုဒ်ရေ လေး၌-

"ရတနာပူရ၊ ရွှေအင်းဝသည်

ဌာနအစစ်၊ ချက်မြုပ်ဖြစ်၍

မွေးချစ်မိဘ၊ ဘိုးဘွားစသည်

နေကျမှန်စွာ၊ ပြည်ပုရာတည့်"ဟူ၍ အင်းဝဇာတိဖြစ်ကြောင်း ရေးဖွဲ့ခဲ့သည်။

ထို့ပြင် ဦးနိုးကိုယ်တိုင်ရေးသားခဲ့သည့် ရှင်မာလဲပျို့ နိဂုံးပိုဒ်ရေ တစ်၌-

"မှတ်သားနောင်လာ၊ လူတကာတို့

ဤစာဆိုသူ၊ ကျွန်ုပ်မူကား

ဇမ္ဗူဒီပ၊ တောင်ကျွန်းမဉ္ဇ

အေးမြကုန်စွာ၊ သီတာရေကြည်

ပတ်ဝန်းလည်၍၊ မြရည်လျှံဖြိုး

မင်းဝံရိုးတွင်၊ ကမ်းသာယာ

တုသိတာသို့၊ ရတနာပူရ

ရွှေအင်းဝ၌၊ မိဘနှစ်ပါး

ငါ့ကိုဖွားထွေ၊ မွေးချက်ကြွေသည်

မင်းနေမှန်သာ၊ မြို့ကြီးသားတည့်"ဟူ၍ အင်းဝဇာတိဖြစ်ကြောင်း တိတိကျကျရေးသားခဲ့သည်။ နောက်ထပ်သက်သေတစ်ရပ်မှာလည်း ဦးနိုးရေးသားခဲ့သည့် ဇနကပျို့နိဂုံးတွင်-

"ရတနာပူရ၊ ရွှေဝတွင်ခြင်း

မြို့များမင်းကား၊ ကြောင်းရင်းအဟုတ်

ချက်မြုပ်ဌာန၊ မှန်မောလှသည်

မုချမမှား၊ ရွှေဝသားတည့်"ဟူ၍ မုချစစ်စစ် အင်းဝသားဖြစ်ကြောင်း ရေးဖွဲ့ထားသည်။ သို့ဖြစ်သောကြောင့် ဦးနိုးသည် အင်းဝသားစစ်စစ်သာဖြစ်ကြောင်း မှတ်သားရမည်ဖြစ်သည်။

တစ်ချိန်က ကဗျာသင်္ဂဟမေဒနီကျမ်းတွင် ဦးနိုးကို "မုံရွေးဇာတိ ဆရာကြီးဦးနိုးဆို မဟာမုနိသမိုင်းလင်္ကာ" ဟူ၍ ဦးနိုး၏ဇာတိမှာ မုံရွေးဇာတိဖြစ်ကြောင်း ဆိုခဲ့ဖူးသည်။ ထိုအဆိုသည် မှားယွင်းနေသည်။ ဦးနိုးသည် အသက် ၁၆ နှစ်သားမှစ၍ အင်းဝမှမုံရွေးရွာသို့ ပြောင်းကာနေထိုင်ခဲ့သဖြင့် ဦးနိုးကို မုံရွေးဇာတိဟု အမှတ်မှားနေကြခြင်းဖြစ်သည်။ အင်းဝဇာတိသာ အမှန်ဖြစ်သည်။

ထို့ပြင် မောင်ဂန္ထန္တရဗဟုသုတအမည်ခံ ဦးဘသိမ်း ပြုစုသော ကဗျာစရိယကဝိဝံသစာတမ်းတွင် "ငနိုး။ ကတိုးကူတော်ရွာ၊ ဒွါရကျော်ထင်ယောက်ဖ၊ စကုမြို့ဇာတိ။ ကျမ်းဂန်တတ်မြောက်လှသော ရဟန်းလူထွက် ငနိုးဆို ၁၁၂၃ စာပြီး၏။ ရွှေတိုးဂါမံချီမြင်းကြန်လင်္ကာ၊ ဝေဿန္တရာပျို့၊ ဇနက၊ ဘုရားကြီးသမိုင်း၊ ရှင်မာလဲပျို့၊ ပဋ္ဌာစာရီပျို့များရေးသည်"ဟူ၍ ဖော်ပြထားသည်။ ကဗျာစရိယကဝိဝံသစာတမ်းသည် ဦးနိုးကို စကုမြို့ဇာတိ ရဟန်းလူထွက်ဟုဆိုထားသည်။ ထိုအဆိုမှာ မှားနေသည်။ မှားကြောင်းမှာ ဦးနိုးနှစ်ဦးကို တစ်ဦးတည်းထင်ကာ ရောထွေးရေးခဲ့ခြင်းကြောင့် မှားခြင်းဖြစ်သည်။ "ရွှေတိုးဂါမံ"ချီမြင်းကြန်လင်္ကာကိုရေးသူမှာ စကုမြို့ဇာတိ ရဟန်းလူထွက်ဦးနိုးဖြစ်သည်။ မြင်းကြန်လင်္ကာရေးသူ ဦးနိုးနှင့် ပျို့များကိုရေးသူ ဦးနိုးကို ရောထွေးခဲ့ခြင်းဖြစ်သည်။ လူတွင်သာရောထွေးသည်မဟုတ် ပြုစုခဲ့သောစာပေများကိုပါ ရောထွေးခဲ့ခြင်းဖြစ်သည်။ ဝေဿန္တရာပျို့၊ ဇနကပျို့၊ ဘုရားကြီးသမိုင်းပျို့၊ ရှင်မာလဲပျို့၊ ပဋ္ဌာစာရီပျို့တို့ကိုရေးသူမှာ အင်းဝဇာတိဦးနိုးဖြစ်သည်။ သတိပြုရမည့်အမှားမျိုးဖြစ်သည်။ သို့ဖြစ်သောကြောင့် "ရွှေတိုးဂါမံ"ချီမြင်းကြန်လင်္ကာရေးသူ ဦးနိုးနှင့် အင်းဝဇာတိပျို့စာဆိုဦးနိုးကိုဆက်၍မမှားတော့ဘဲ မှန်ကန်စွာရေးသားမှတ်သားသင့်သည်။

**ငယ်မည်**

ဦးနိုး၏မွေးနှစ်၊ မိဘအမည်တို့ကိုမသိရသော်လည်း ဦးနိုး၏ ငယ်အမည်မှာ မောင်မြတ်နိုးဖြစ်ကြောင်း ဦးနိုးရေးသားခဲ့သောပျို့များတွင် တွေ့ရသည်။ ဦးနိုး၏ငယ်အမည်မှာ မောင်မြတ်နိုးဖြစ်ကြောင်းကို ဝေဿန္တရာပျို့နိဂုံး၌-

"လင်္ကာဆိုသူ၊ ကျွန်ုပ်မူကား

မြန်လူတခွင်၊ သိတင်ခေါ်ကြ

ပဥ္စင်းဖဟု၊ ဘောဂဒကာ

ငယ်မည်မှာမူ၊ မေတ္တာမောက်ဖြိုး

မောင်မြတ်နိုးသည်"ဟူ၍ ရေးဖွဲ့ထားသည်။ ဦးနိုး၏ငယ်မည်မှာ မောင်မြတ်နိုးဖြစ်သော်လည်း အများကမူ ဦးနိုးဟူ၍သာ အဖျားဆွတ်၍ခေါ်ကြသည်။ ထိုအကြောင်းကို ဦးနိုးကိုယ်တိုင်က မဟာမုနိဘုရားကြီးသမိုင်းပျို့၌-

"ကျွန်ုပ်အားမူ၊ အများခေါ်ကြ

ပဥ္စင်းဖဟု၊ ဘောဂဒါယကာ

ရက္ခာသီရိ၊ မြတ်လှဘိ၍

မြတိအဆင်း၊ ထင်ခြင်းတော်ဘိ

ဗောဓိဒါယကာ၊ ပလ္လင်ပါလျက်

ရွှေသာညီးညီး၊ ဘုရားကြီးဒါယကာ

ငယ်မည်မှာမူ၊ ဝေါဟာခေါ်ငြား

ကျော်ထင်ရှားသည်၊ အများခေါ်ကြမောင်နိုးတည်း" ဟူ၍ ရေးဖွဲ့ထားသည်။ ထို့ကြောင့် ဦးနိုး၏ငယ်မည်သည် မောင်မြတ်နိုးဖြစ်ပြီး အများက မောင်နိုးဟူ၍သာခေါ်ကြောင်း သိရသည်။

**အင်းဝမှမုံရွေးရွာသို့**

ဦးနိုးသည် အင်းဝဇာတိဖြစ်သော်လည်း ငယ်ရွယ်စဉ်အခါ ၁၆ နှစ်သားအရွယ်ကတည်းကပင် အင်းဝမှ မုံရွေးရွာသို့ပြောင်းရွှေ့နေထိုင်ခဲ့သည်။ မုံရွေးရွာသည် မုံရွာမြို့အရှေ့ဘက် စစ်ကိုင်း-မုံရွာကားလမ်းဘေးတွင်ရှိသော ရွာကြီးဖြစ်သည်။ ဦးနိုးသည် မုံရွေးရွာသို့ မိဘများမပါဘဲ သွားရောက်နေထိုင်ခဲ့သည်။ ဆရာကြီးဦးမောင်မောင်တင်(မဟာဝိဇ္ဇာ)၏ "ပျို့စာဆိုဦးနိုး"ဟူသော ဆောင်းပါးတွင် ဦးနိုးသည် ၁၀ နှစ်သားအရွယ်တွင် အင်းဝမှမုံရွေးရွာသို့သွားရောက်နေထိုင်ခြင်းဖြစ်ကြောင်းကို "ဦးနိုးသည် အသက် ၁၀ နှစ်အရွယ်သို့ရောက်လေသောအခါ မိဘများမပါဘဲ ကိုယ်ထူးကိုယ်ချွန်တစ်ယောက်တည်း၊ သီတာထံပြင်းတွေတွေဆင်း သည့် ချင်းတွင်းနံဘေး ရွာမုံရွေးသို့ ရောက်လေတော့သည်" ဟူ၍ ရေးထားသည်။ ၁၀ နှစ်သားအရွယ်ပြောင်းရွှေ့နေသည်အဆိုသည် မှားယွင်းနေသည်။ ၁၆ နှစ်သားအရွယ်သာ အမှန်ဖြစ်သည်။ ထိုအကြောင်းကို ဦးနိုးရေးဖွဲ့ခဲ့သော ရှင်မာလဲပျို့နိဂုံးပိုဒ်ရေ တစ်၌-

"ကြီးမားသက်စစ်၊ ဆယ့်ခြောက်နှစ်တွင်

မွေးချစ်မိဘ၊ တကွမပါ

ငါ့ချည်းသာလျှင်၊ ရွေးခါဒါန

လှုကြေးကျသည့်၊ ပုညကံသာ

ကြောင်းရင်းပါ၍၊ သီတာထံပြင်း

တွေတွေဆင်းသည့်၊ ချင်းတွင်းနံဘေး

ရွာမုံရွေးသို့"ဟူ၍ စပ်ဆိုထားသည်။

# လမ်းလျှောက်ခြင်းဖြင့် စိတ်ကိုကြည်လင်လန်းဆန်းစေနိုင်သည်



မိမိတို့အနေနဲ့တစ်ခါတလေမှာ စိတ်ညစ်မှုတွေ၊ စိတ်အလိုမကျမှုတွေ ကြုံဖူးမှာပါ။ အဲဒီအချိန်မှာ မရည်ရွယ်ပါဘဲ ခဏလောက်ဖြစ်ဖြစ် လမ်းထလျှောက်မိတတ်ကြပါတယ်။

အဲဒီလို လမ်းလျှောက်လိုက်ချိန်မှာ မိမိတို့မှာဖြစ်ပေါ်နေတဲ့ စိတ်ညစ်မှုတွေ၊ စိတ်အလိုမကျမှုတွေ သက်သာပျောက်ကင်းသွားပြီး တစ်ခါတစ်ရံမှာ အကြံဉာဏ်ကောင်းတွေ ထွက်လာတာကို လက်တွေ့ကြုံဖူးကြမှာပါ။

ပညာရှင်တွေရဲ့ လေ့လာမှုအရဆိုရင်လည်း လမ်းလျှောက်ခြင်းဟာ စိတ်ကိုကြည်လင်လန်းဆန်းစေတယ်လို့ တွေ့ရှိထားပါတယ်။

တစ်ကိုယ်တည်းလမ်းလျှောက်ခြင်းထက် စိတ်တူကိုယ်တူရှိတဲ့ အဖော်တစ်ဦးဦးနဲ့လမ်းလျှောက်ခြင်းက ပိုပြီးတော့တောင် အထောက်အကူဖြစ်စေပါတယ်။

ဒါ့အပြင် ပုံမှန်လမ်းလျှောက်ခြင်းဟာ စိတ်ဖိစီးမှု၊ စိတ်ဓာတ်ကျဆင်းမှုနဲ့ စိတ်ပူပန်မှုတွေကိုလည်း ကျဆင်းစေတယ်လို့ ဆိုပါတယ်။

လမ်းလျှောက်ခြင်းဟာ ငွေကုန်ကြေးကျခြင်းလည်း မရှိပါဘူး။ ကိုယ့်ရဲ့တစ်နေ့တာအချိန် ၂၄နာရီထဲကမှ မိနစ် ၃၀လေးသာ ဖဲ့ပေးလိုက်ရုံနဲ့ ပြန်ရလာမယ့် အကျိုးကျေးဇူးတွေက မနည်းလှပါဘူး။

ကိုယ်ကျန်းမာရင် စိတ်ချမ်းသာတယ်လို့ ပြောစမှတ်ရှိသလိုမျိုး စိတ်လည်းချမ်းသာစေ၊ ကိုယ်လည်းကျန်းမာစေဖို့ နေ့စဉ်ဘဝမှာ မိနစ် ၃၀ ကြာ လမ်းလျှောက်ကြပါစို့လို့ တိုက်တွန်းနှိုးဆော်လိုက်ရပါတယ်။

# တို့တိုင်းပြည်ဂုဏ်တင့်ဖို့ ညီညွတ်ကြပါစို့

- မြန်ပြည်နေ မြန်ပြည်ဖွားမို့
ရိုးသားတာက အစဉ်လာ၊
တစ်မြေတည်းနေ တစ်ရေတည်းသောက်လို့
စည်းမဖောက်ခဲ့ပါ၊
ခေတ်အဆက်ဆက် ညီညာစွာ
ပြည်သာအောင် ဆောင်ရွက်ကြ၊
ရာဇဝင် သမိုင်းမှတ်တမ်း
ဇာတ်လမ်းတိုင်းလှ။

- နှောင်းအတိတ်ကို တုပလို့
ယခုမှစ ပြင်စို့ကွာ၊
သွေးကွဲလျှင် ပြည်ပျက်နိုင်သမို့
လက်ဆက်ညီညာ၊
တို့အတူတကွ ပေါင်းစည်းကာ
ပန်းတိုင်သာဆီ ပြိုင်တူလှမ်း၊
အနှစ်မဲ့ပေ ဆိုးအတ္တကို
ပယ်သတ်ကြစမ်း။

- ပုဂံတောင်ငူ ကုန်းဘောင်ခေတ်လို
ဘုန်းရောင်သစ်ဖို့ တွေးမျှော်ရည်၊
အမေကျော် ဒွေးတော်လွမ်းဇာတ်
ဖြတ်ပစ်ရမည်၊
ငါတို့တိုင်း ငါတို့ပြည်
ကမ္ဘာတည်သရွေ့ ဂုဏ်တင့်ရေး၊
တို့ညီနောင် ပေါင်းစုအားနဲ့
ကြိုးစားစို့လေး။ ။

**စိုင်းနေဝန်း(ဟုမ္မလင်း)**

# စစ်ကိုင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဝါ ၁၄၀၂ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**စစ်ကိုင်း ဇွန် ၁၂**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင် စစ်ကိုင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဝါ ၁၄၀၂ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း စစ်ကိုင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဇော်ဦးက ပြောပြ၍ သိရသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စစ်ကိုင်းမြို့နယ်တွင် ဝါ ၁၈၄၀၆ ဧက စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် မေလမှစတင်၍စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၁၄၀၂ ဧကစိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

“ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ စစ်ကိုင်းမြို့နယ်မှာ ဝါ ဧက ၁၈၀၀၀ ကျော်စိုက်ပျိုးဖို့လျာထားပါတယ်။ ဒီနေ့ထိ ဧက ၁၀၀၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ ဆက်လက်စိုက်ပျိုးနေပါတယ်။ ဝါစိုက်ပျိုးထုတ်လုပ်ရာမှာ စိုက်ပျိုးရာသီအပီစိုက်ပျိုးနိုင်ဖို့ ဝါမျိုးစေ့တွေပံ့ပိုးပေးနေတယ်”ဟု စစ်ကိုင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဇော်ဦးက ပြောပြသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စစ်ကိုင်းမြို့နယ်တွင် ဝါများစိုက်ပျိုးရန်အတွက် လျာထားမှုအနေဖြင့် မလိုင်ဝါ ၄၈၉၂ ဧက၊ ချည်မျှင်ရှည်ဝါ(မိုး) ၃၁၂၆ ဧက၊ ချည်မျှင်ရှည်ဝါ(မိုးနှောင်း) ၁၀၃၈၈ ဧက စုစုပေါင်း ၁၈၄၀၆ ဧကဖြစ်ကြောင်း သိရသည်။

ယခုနှစ် စစ်ကိုင်းမြို့နယ်တွင် ဝါသီးနှံ စိုက်ပျိုးတောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ဝါမျိုးကောင်းမျိုးသန့်များ ရရှိစေရေး၊ ဝါသီးနှံဖြစ်ထွန်းအောင်မြင်စေရန် ပိုးမွှားရောဂါကြိုတင်ကာကွယ်နိုင်ရေး၊ အထွက်နှုန်းကောင်းမွန်စေရန် စိုက်နည်းစနစ်မှန်ကန်စေရေးတို့ကို နည်းပညာပေးသင်တန်းများ ဖွင့်လှစ်ပို့ချပေးခဲ့ပြီး ဝါစိုက်တောင်သူများလိုအပ်သည့်နည်းပညာများကို ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ဝါစိုက်ပျိုးမှုအနေဖြင့် ဝါတစ်ဧကလျှင် ကုန်ကျစရိတ် ငွေကျပ် ၃၅၀၀၀၀ ရှိပြီး ဝါတစ်ဧကလျှင် ပိဿာ ၁၀၀၀ ခန့်ထွက်ရှိကြောင်း သိရသည်။

ဝါသီးနှံကို စစ်ကိုင်းတိုင်းဒေသကြီးရှိ စစ်ကိုင်း၊ မုံရွာ၊ ယင်းမာပင်၊ ရွှေဘိုနှင့် ကန့်ဘလူခရိုင်အတွင်းရှိ မြို့နယ် ၁၉ မြို့နယ်တွင် စိုက်ပျိုးလျက်ရှိကြောင်း သိရသည်။(၂၀၆)

# ပဲခူးမြို့နယ်၌ အသက်မွေးဝမ်းကျောင်း အထောက်အကူပြု ပန်းရန်သင်တန်းဖွင့်

**ပဲခူး ဇွန် ၁၂**

ပဲခူးတိုင်းဒေသကြီး ပဲခူးခရိုင် ပဲခူးမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ မိသားစုဝင်ငွေတိုးလုပ်ငန်းများဆောင်ရွက်နိုင်စေရန်ရည်ရွယ်၍ အသက်မွေးဝမ်းကျောင်းအထောက်အကူပြု ပန်းရန်သင်တန်းဖွင့်ပွဲကို ဇွန် ၁၁ ရက် နံနက်ပိုင်းက အဆိုပါဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ပဲခူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမင်းမင်းသိမ်းက ကျေးလက်နေပြည်သူများ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန်နှင့် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်ရန်အတွက် သင်တန်းဖွင့်လှစ်ပို့ချပေးခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် သင်တန်းနည်းပြဆရာက သင်တန်းသားများကို သင်တန်းတွင် သင်ကြားမည့် သင်ခန်းစာများကို ကြိုးစား၍ လေ့လာသင်ယူစေလိုကြောင်းနှင့် သင်တန်းတွင်လိုက်နာရမည့် စည်းကမ်းချက်များကို အသေးစိတ် ရှင်းလင်းပြောကြားခဲ့ပြီး အခမ်းအနားသို့တက်ရောက်လာကြသော ဌာနဆိုင်ရာတာဝန်ရှိသူများက သင်တန်းသားများကို သင်ထောက်ကူပစ္စည်းများ ပေးအပ်ခဲ့သည်။

အဆိုပါသင်တန်းသို့ ပဲခူးမြို့နယ်အတွင်းရှိ ကျေးရွာများမှ သင်တန်းသားဦးရေ ၂၀ တက်ရောက်ကြပြီး သင်တန်းကို ဇွန် ၁၁ ရက်မှ ၃၀ ရက်ထိ စာတွေ့၊ လက်တွေ့ဖြင့် အခမဲ့သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **သုတ**

# မိုင်းဖြတ်မြို့နယ် ဆိုင်းလေကျေးရွာ၌ ရေပြွန်တပ်ဆင်ခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု စစ်ဆေး

**မိုင်းဖြတ် ဇွန် ၁၂**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)တာချီလိတ်ခရိုင် မိုင်းဖြတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန်ရည်ရွယ်၍ မြစိမ်းရောင်ကျေးရွာစီမံကိန်း အတိုးရငွေဖြင့် မိုင်းဖြတ်ကျေးရွာအုပ်စု ဆိုင်းလေကျေးရွာ၌ ရေပြွန်တပ်ဆင်ခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ဇွန် ၁၁ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။


ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မိုင်းဖြတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်မေလွင်နှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များနှင့်အတူ ရေပြွန်လေးခုတပ်ဆင်ခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူး ဒေါ်ခင်မေလွင်က ဆောင်ရွက်ပြီး ဖွံ့ဖြိုးရေးလုပ်ငန်းများကို ရေရှည်တည်တံ့ခိုင်မြဲအောင် ပိုင်းဝန်းထိန်းသိမ်းဆောင်ရွက်ရန်မှာကြားသည်။

ဆိုင်းလေကျေးရွာ၌ အကျယ် လေးပေ၊ အမြင့် ၁ ဒသမ ၅ ပေရှိ ရေပြွန် လေးခုတပ်ဆင်ခြင်းလုပ်ငန်းကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အတိုးရငွေ၏ ၅၀ ရာခိုင်နှုန်းဖြစ်သည့် ငွေကျပ် သိန်း ၄၀ အသုံးပြု၍ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုတို့ဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ယခုနှစ် မေ ၂၀ ရက်မှစ၍ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများအားလုံးရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း မိုင်းဖြတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်မေလွင်က ပြောပြ၍ သိရသည်။

**ဧင်မာ**

## နိုင်ငံတကာ သတင်းများ

# ကာဇက်စတန်၌ တူကီယဲသမ္မတနှင့်တွေ့ဆုံဆွေးနွေးရန် ရုရှားသမ္မတပူတင် မျှော်လင့်ထား



**မော်စကို ဇွန် ၁၂**

ကာဇက်စတန်နိုင်ငံ၌ လာမည့်လတွင်ကျင်းပမည့် ဒေသတွင်း အစည်းအဝေးတစ်ခုတွင် တူကီယဲသမ္မတ အာဒိုဂန်နှင့် တွေ့ဆုံဆွေးနွေးနိုင်ရန် ရုရှားသမ္မတပူတင်က မျှော်လင့်ထားကြောင်းရုရှားမီဒီယာများက ယနေ့တွင် သတင်းထုတ်ပြန်ထားသည်။

မိမိအနေဖြင့် ကာဇက်စတန်နိုင်ငံ အက်စတာနာမြို့၌ ကျင်းပမည့် ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ညီလာခံ၌ တူကီယဲသမ္မတနှင့်တွေ့ဆုံဆွေးနွေးရန် မျှော်လင့်ထားကြောင်း ရုရှားသမ္မတပူတင်က ပြောကြားခဲ့သည်။

မော်စကိုမြို့သို့ ရောက်ရှိနေသည့် တူကီယဲနိုင်ငံခြားရေးဝန်ကြီးဟာကန်ဖိုင်ဒင်နှင့် တွေ့ဆုံစဉ် သမ္မတပူတင်က အဆိုပါအတိုင်း ပြောကြားခဲ့ခြင်းဖြစ်သည်။

ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်ရေးအဖွဲ့(အက်စ်စီအို) ထိပ်သီးညီလာခံကို အက်စတာနာမြို့၌ ဇူလိုင် ၃ ရက်တွင် စတင်ကျင်းပမည်ဖြစ်သည်။

ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ ထိပ်သီးညီလာခံများတွင် တူကီယဲနိုင်ငံသည် ဆွေးနွေးပွဲမိတ်ဖက်နိုင်ငံအဖြစ် တစ်ခါတစ်ရံ ပါဝင်တတ်သည်။

တူကီယဲနိုင်ငံသည် ရုရှားနိုင်ငံ၊ ယူကရိန်းနိုင်ငံနှင့်ပါ ဆက်ဆံရေးကိုထိန်းထားပြီး ယူကရိန်းစစ်ပွဲအဆုံးသတ်ရေးအတွက် ကြားနေနိုင်ငံအဖြစ်ပါဝင်ရန် ကြိုးပမ်းလျက်ရှိကြောင်း သိရသည်။

**Ref : RT**

**Trs : KKO**

# နျူကလီးယားလက်နက် စစ်ရေးလေ့ကျင့်မှုများ၌ အစ်ကန်းဒါး-အမ် ဒုံးကျည်တပ်ဖွဲ့များပါဝင်ဟု ရုရှားထုတ်ပြန်

**မော်စကို ဇွန် ၁၂**

လီနင်ဂရက်စစ်ဒေသ၌ ပြုလုပ်နေသည့် နည်းဗျူဟာမြောက်နျူကလီးယားလက်နက်စစ်ရေးလေ့ကျင့်မှုများတွင်အစ်ကန်းဒါး-အမ်ဒုံးကျည်စနစ်များ ထည့်သွင်းအသုံးပြုနေကြောင်း ရုရှားကာကွယ်ရေးဝန်ကြီးဌာနက ယနေ့တွင် ထုတ်ပြန်ထားသည်။

ရုရှားလက်နက်ကိုင် တပ်များသည် ဘီလာရုစ်တပ်များနှင့် ပူးပေါင်း၍ နည်းဗျူဟာမြောက် နျူကလီးယား လက်နက်စစ်ရေးလေ့ကျင့်မှု ဒုတိယအဆင့်ကို စတင်လျက်ရှိသည်။

နည်းဗျူဟာမြောက် နျူကလီးယားလက်နက်စစ်ရေးလေ့ကျင့်မှုများတွင် လီနင်ဂရက်စစ်ဒေသနှင့် ရုရှားရေတပ်တို့ ပါဝင်နေကြောင်း ရုရှားကာကွယ်ရေးဝန်ကြီးဌာန၏ အဆိုအရ သိရသည်။

အဆိုပါစစ်ရေးလေ့ကျင့်မှုများတွင် လီနင်ဂရက်စစ်ဒေသမှနည်းဗျူဟာမြောက် အစ်ကန်းဒါး-အမ်ဒုံးကျည်တပ်ဖွဲ့များလည်း ပါဝင်နေကြောင်း ရုရှားကာကွယ်ရေးဝန်ကြီးဌာနသတင်းထုတ်ပြန်ချက်၌ဖော်ပြထားသည်။

ရုရှား လက်နက်ကိုင်တပ်များသည် ရုရှားသမ္မတပူတင်၏ညွှန်ကြားချက်အရ နည်းဗျူဟာမြောက်နျူကလီးယား လက်နက်စစ်ရေးလေ့ကျင့်မှုများကို ပြုလုပ်နေခြင်းဖြစ်သည်။

အနောက်အုပ်စု နိုင်ငံများမှ ခေါင်းဆောင်အချို့တို့က ရုရှားနိုင်ငံကို ခြိမ်းခြောက်မှုများပြုလုပ်လာခြင်းကြောင့် နည်းဗျူဟာမြောက် နျူကလီးယားလက်နက်စစ်ရေးလေ့ကျင့်မှုများ ပြုလုပ်နေခြင်းဖြစ်ကြောင်း ရုရှားအစိုးရက သတင်းထုတ်ပြန်ထားသည်။

**Ref : RT**

**Trs : KKO**

# အကျဉ်းထောင်လုံခြုံရေးဝန်ထမ်းဦးရေ ၁၀၀ ကျော်ကို ဂွါတီမာလာအစိုးရ စုံစမ်းစစ်ဆေးမည်

**ဂွါတီမာလာစီးတီး ဇွန် ၁၂**

အာဏာအလွဲသုံးစားပြုလုပ်မှု အပါအဝင်စွဲချက်များဖြင့် အကျဉ်းထောင် လုံခြုံရေးဝန်ထမ်းဦးရေ ၁၀၀ကျော်ကို စုံစမ်းစစ်ဆေးရန် ဂွါတီမာလာအစိုးရက စီစဉ်ထားကြောင်း ယနေ့သတင်းများတွင် ရေးသားဖော်ပြထားသည်။

အကျဉ်းထောင်ရှင်းလင်းရေး လုပ်ငန်းတစ်ခုအတွင်း ဖွက်ထားသည့်ငွေကြေးများနှင့် မိကျောင်းအပါအဝင် မွေးမြူထားသည့် တိရစ္ဆာန်များကိုပါ အကျဉ်းထောင်များ၌ စစ်ဆေးတွေ့ရှိခဲ့ရပြီးနောက် အကျဉ်းထောင်လုံခြုံရေး ဝန်ထမ်းများကို စုံစမ်းစစ်ဆေးရန် ဂွါတီမာလာအစိုးရက စီစဉ်ထားခြင်းဖြစ်သည်။

စုံစမ်းစစ်ဆေးမှုခံရမည့်အကျဉ်းထောင်ဝန်ထမ်းများအနက် ၁၀၂ဦးတို့မှာ အယ်လ်အင်ဖိုင်ရာနီတိုအမည်ရှိအကျဉ်းထောင်မှလုံခြုံရေးဝန်ထမ်းများဖြစ်ကြသည်။

ဂွါတီမာလာ တာဝန်ရှိသူများသည် ဇွန် ၃ ရက်တွင် အယ်လ်အင်ဖိုင်ရာနီတို အကျဉ်းထောင်ကို စစ်ဆေးရှင်းလင်းမှုများပြုလုပ်ခဲ့ရာ ဖွက်ထားသည့်ငွေကြေးအမေရိကန်ဒေါ်လာ ၂၄၀၀၀နီးပါးနှင့် မိုဘိုင်းဖုန်း အလုံး ၃၀တို့ကို ရှာဖွေတွေ့ရှိခဲ့သည်။

ထို့ပြင် သိမ်းငှက်နှင့် မိကျောင်းအပါအဝင် မွေးမြူထားသည့် တိရစ္ဆာန်အမျိုးမျိုးကိုလည်း ရှာဖွေတွေ့ရှိခဲ့ရကြောင်း သိရသည်။

ဂွါတီမာလာ တာဝန်ရှိသူများသည် အကျဉ်းထောင်အတွင်းရှိ အကျဉ်းသားများကို အခြားအကျဉ်းထောင်များသို့ ရွှေ့ပြောင်းခဲ့ပြီးနောက် ရှာဖွေရှင်းလင်းရေးလုပ်ငန်းများ ပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**Ref : RT**

**Trs : KKO**

# ကူဝိတ်၌ အဆောက်အအုံတစ်လုံးမီးလောင် အနည်းဆုံး လူပေါင်း ၄၁ ဦးသေဆုံး



**ကူဝိတ်စီးတီး ဇွန် ၁၂**

ကူဝိတ်နိုင်ငံ တောင်ပိုင်း မင်းဒက်ဖ်အမည်ရှိမြို့၌ အလုပ်သမားများနေထိုင်ရာ အဆောက်အအုံတစ်လုံး ယနေ့တွင် မီးလောင်ကျွမ်းခဲ့ရာ အနည်းဆုံးလူပေါင်း ၄၁ ဦး သေဆုံးခဲ့ရကြောင်း သိရသည်။

မီးလောင်ကျွမ်းမှု ဖြစ်ပွားခဲ့သည့်အဆောက်အအုံသည် အလုပ်သမားများစွာနေထိုင်နေကြသည့် အဆောက်အအုံဖြစ်ပြီး မီးလောင်မှုဖြစ်ပွားစဉ် လူအများအပြားကယ်ထုတ်နိုင်ခဲ့ကြောင်း ကူဝိတ်တာဝန်ရှိသူများက ပြောကြားခဲ့သည်။

မီးလောင်မှုဖြစ်ပွားစဉ် သေဆုံးသူ ၄၁ ဦးအနက် အများအပြားမှာ မီးခိုးရှူမိ၍ အသက်ရှူကျပ်သေဆုံးခဲ့သူများဖြစ်ကြကြောင်း သိရသည်။

မီးလောင်မှုဖြစ်ပွားပြီးနောက် ယင်းအဆောက်အအုံသို့ ကူဝိတ်ဒုတိယဝန်ကြီးချုပ် ရှိတ်ခ်ဖာဟက်ယူဆွတ်ဖ်အယ်လ်ဆာဘား သွားရောက်စစ်ဆေးခဲ့သည်။

အဆောက်အအုံပိုင်ရှင်များ၏ စည်းမျဉ်းစည်းကမ်း ချိုးဖောက်မှုများနှင့် မတော်လောဘတို့သည် မီးလောင်မှု ဖြစ်ပွားရခြင်း၏ နောက်ခံအကြောင်းရင်းများဖြစ်ကြကြောင်း ကူဝိတ်ဒုတိယဝန်ကြီးချုပ်က သုံးသပ်ထားသည်။

လက်ရှိအချိန်တွင် ကူဝိတ်မီးသတ်သမားများက မီးလောင်ကျွမ်းမှုကို ထိန်းချုပ်ထားနိုင်ပြီး မီးလောင်မှု ဖြစ်ပွားရခြင်း၏ အကြောင်းရင်းကို စုံစမ်းစစ်ဆေးလျက်ရှိကြောင်း သိရသည်။

**Ref : RT**

**Trs : KKO**

# ရုရှားရေတပ်မှစစ်သင်္ဘောများ ကျူးဘားသို့သွားရောက် အတ္တလန္တိတ်သမုဒ္ဒရာအတွင်း စစ်ရေးလေ့ကျင့်မှုများပြုလုပ်ခဲ့

**မော်စကို ဇွန် ၁၂**

ရုရှားရေတပ်မှ နျူကလီးယားစွမ်းအင်သုံး ကာဇန် အမည်ရှိ ရေငုပ်သင်္ဘောနှင့် အက်မိုင်ရယ်ဂေါ့ရှ်ကော့ဗ် ဖရီးဂိတ်စစ်သင်္ဘောတို့သည် ကျူးဘားနိုင်ငံသို့ဦးတည်သွားရောက်နေစဉ် အတ္တလန္တိတ်သမုဒ္ဒရာအတွင်း စစ်ရေးလေ့ကျင့်မှုများပြုလုပ်ခဲ့ကြောင်းရုရှားကာကွယ်ရေးဝန်ကြီးဌာနက ယနေ့တွင် သတင်းထုတ်ပြန်ထားသည်။



အဆိုပါစစ်ရေးလေ့ကျင့်မှုများအတွင်း ကာဇန်ရေငုပ်သင်္ဘောနှင့် အက်မိုင်ရယ်ဂေါ့ရှ်ကော့ဗ်တို့သည် မိုင်ပေါင်း ၃၇၀အကွာရှိ ပစ်မှတ်တုကို ဒုံးကျည်များဖြင့် တိကျစွာပစ်ခတ်ခဲ့ကြောင်း ရုရှားကာကွယ်ရေးဝန်ကြီးဌာနကြေညာချက်၌ ဖော်ပြထားသည်။

ကာဇန် ရေငုပ်သင်္ဘောနှင့် အက်မိုင်ရယ်ဂေါ့ရှ်ကော့ဗ်တို့သည် ကျူးဘားနိုင်ငံသို့ ဦးတည်သွားရောက်နေသည့် ရုရှားရေတပ်သင်္ဘောအုပ်စု၌ပါဝင်သော စစ်ရေယာဉ်များဖြစ်ကြသည်။

အဆိုပါ ရုရှားရေတပ်စစ်သင်္ဘောအုပ်စုသည် ယနေ့တွင် ကျူးဘားနိုင်ငံသို့ ရောက်ရှိနိုင်ပြီး ယူကရိန်းစစ်ပွဲကို အကြောင်းပြု၍ ရုရှားနှင့် အမေရိကန်နိုင်ငံတို့ကြား ဆက်ဆံရေး တင်းမာနေချိန်တွင် ကျူးဘားနိုင်ငံသို့ ရုရှားရေတပ်သင်္ဘောအုပ်စု လာရောက်နေခြင်းဖြစ်သည်။


ကျူးဘားနိုင်ငံသို့ ရောက်ရှိလာမည့် ရုရှားရေတပ်အုပ်စုကို ခြိမ်းခြောက်မှုအဖြစ် မှတ်ယူထားခြင်း မရှိသော်လည်း မိမိတို့အနေဖြင့် အနီးကပ် စောင့်ကြည့်နေမည်ဟု အမေရိကန်အစိုးရ တာဝန်ရှိသူများက ပြောကြားခဲ့ကြောင်း သိရသည်။

**Ref : Xinhua**

**Trs : KKO**

# SCIENCE AND TECHNOLOGY

## နေမျက်နှာပြင်စွမ်းအင်ပေါက်ကွဲမှုဖြစ်စဉ်ကို အိန္ဒိယအာကာသအေဂျင်စီ၏ အဒိတျာ-အယ်လ်-၁ အာကာသယာဉ်က ဓာတ်ပုံမှတ်တမ်းရယူနိုင်ခဲ့



**နယူးဒေလီ ဇွန် ၁၂**

ပြီးခဲ့သည့်လအတွင်း ဖြစ်ပွားခဲ့သော နေမျက်နှာပြင်စွမ်းအင်ပေါက်ကွဲမှုဖြစ်စဉ်ကို အိန္ဒိယအာကာသအေဂျင်စီ၏ အဒိတျာ-အယ်လ်-၁ အာကာသယာဉ်က ဓာတ်ပုံမှတ်တမ်းရယူနိုင်ခဲ့ကြောင်း ဇွန် ၁၁ ရက် သတင်းများအရ သိရသည်။

မေ ၃ ရက်နှင့် မေ ၉ ရက်က ပေါ်ပေါက်ခဲ့သည့် နေမျက်နှာပြင် စွမ်းအင် ပေါက်ကွဲမှုများကြောင့် ကမ္ဘာ့ဝင်ရိုးစွန်းဒေသများ၌ နှစ်ပေါင်း ၅၀၀ အတွင်း အားအကောင်းဆုံး ဝင်ရိုးစွန်းအလင်းရောင်များ ပေါ်ထွက်ခဲ့သည်။

အထက်ပါ နေမျက်နှာပြင်စွမ်းအင်ပေါက်ကွဲမှုဖြစ်စဉ်များကို အဒိတျာ-အယ်လ်-၁ နေလေ့လာရေး အာကာသယာဉ်က ဓာတ်ပုံရိုက်ကူးနိုင်ခဲ့ကြောင်း အိန္ဒိယအာကာသအေဂျင်စီက သတင်းထုတ်ပြန်ထားသည်။

အဒိတျာ-အယ်လ်-၁ အာကာသယာဉ်သည် အိန္ဒိယအာကာသအေဂျင်စီ၏ ပထမဆုံးနေလေ့လာရေး အာကာသယာဉ်ဖြစ်သည်။

အိန္ဒိယအာကာသအေဂျင်စီသည် အဒိတျာ-အယ်လ်-၁ နေလေ့လာရေး အာကာသယာဉ်ကို ၂၀၂၃ ခုနှစ် စက်တင်ဘာ ၂ ရက်က လွှတ်တင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါအာကာသယာဉ်သည် ကမ္ဘာမြေနှင့် ကီလိုမီတာ ၁ ဒသမ ၅ သန်းအကွာ ပတ်လမ်းပေါ်တွင် နေရာယူ၍ နေကိုလေ့လာလျက်ရှိကြောင်း သိရသည်။

**Ref : Russia Today**

**Trs : KKO**


## နာဆာ၏ ဂျိမ်းစ်ဝက်ဘ်အာကာသရေဒီယိုတယ်လီစကုပ်က ရှေးအကျဆုံးကြယ်ပေါက်ကွဲမှုများကို တွေ့ရှိထား

**ဝါရှင်တန် ဇွန် ၁၂**

အမေရိကန်အစိုးရအမျိုးသားလေကြောင်းနှင့်အာကာသစီမံခန့်ခွဲရေးအေဂျင်စီ(နာဆာ)၏ ဂျိမ်းစ်ဝက်ဘ်အာကာသရေဒီယိုတယ်လီစကုပ်သည် ရှေးအကျဆုံး ကြယ်ပေါက်ကွဲမှုများကို တွေ့ရှိထားကြောင်း ယနေ့သတင်းများအရ သိရသည်။

ဂျိမ်းစ်ဝက်ဘ်အာကာသရေဒီယိုတယ်လီစကုပ်အနေဖြင့် စူပါနိုဗာကြယ်ပေါက်ကွဲမှုဖြစ်စဉ်သစ် ၈၀ ကို ရှာဖွေတွေ့ရှိထားသည်။

အထက်ပါ စူပါနိုဗာကြယ်ပေါက်ကွဲမှုဖြစ်စဉ်သစ်များအနက် တစ်ခုမှာ လွန်ခဲ့သောနှစ်ပေါင်း ၁၂ ဘီလီယံက ပေါ်ပေါက်ခဲ့ခြင်းဖြစ်ရာ ရှာဖွေတွေ့ရှိဖူးသမျှ စူပါနိုဗာကြယ်ပေါက်ကွဲမှုများအနက် ရှေးအကျဆုံး၊ ကမ္ဘာဂြိုဟ်နှင့်အဝေးဆုံး ကြယ်ပေါက်ကွဲမှုဖြစ်ကြောင်း အမေရိကန် သိပ္ပံပညာရှင်များက ပြောကြားသည်။



အဆိုပါ စူပါနိုဗာကြယ်ပေါက်ကွဲမှုဖြစ်ပွားချိန်တွင် စကြဝဠာ၏ သက်တမ်းမှာ ၁ ဒသမ ၈ ဘီလီယံသာရှိသေးသည်ဟု သိပ္ပံပညာရှင်များက တွက်ချက်ထားကြောင်း သိရသည်။

ယခင်တွေ့ရှိခဲ့ဖူးသည့် စူပါနိုဗာကြယ် ပေါက်ကွဲမှုများအနက် ရှေးအကျဆုံး ကြယ်ပေါက်ကွဲမှုများမှာ စကြဝဠာ၏သက်တမ်း ၃ ဒသမ ၃ ဘီလီယံအရောက်တွင် ဖြစ်ပွားခဲ့သည့် ကြယ်ပေါက်ကွဲမှုများဖြစ်ကြောင်း သိရသည်။

စကြဝဠာကြီး၏ စုစုပေါင်း သက်တမ်းမှာ လက်ရှိအချိန်တွင် ၁၃ ဒသမ ၈ ဘီလီယံထိရှိပြီဖြစ်ကြောင်း သိရသည်။

**Ref : Sputnik News**

**Trs : KKO**

## ပလီစတိုစင်းရေခဲခေတ်က ကြယ်တာရာဟင်းလင်းပြင်ဖြတ်တိမ်တိုက်ကြီးတစ်ခု နေအဖွဲ့အစည်းနှင့် ဝင်တိုးတိုက်မှုကြောင့် ပေါ်ထွက်လာရခြင်းဖြစ်နိုင်

**ဝါရှင်တန် ဇွန် ၁၂**

ပလီစတိုစင်းရေခဲခေတ်သည် ကြယ်တာရာ ဟင်းလင်းပြင်ဖြတ် တိမ်တိုက်ကြီးတစ်ခု နေအဖွဲ့အစည်းနှင့်ဝင်တိုးတိုက်မှုကြောင့် ပေါ်ထွက်လာရခြင်းဖြစ်နိုင်ကြောင်း ဇွန် ၁၁ ရက် သတင်းများအရ သိရသည်။

အမေရိကန်နိုင်ငံ ဘော်စတွန်တက္ကသိုလ်မှ သိပ္ပံပညာရှင်များ၏ အဆိုအရ လွန်ခဲ့သောနှစ်ပေါင်း နှစ်သန်းခန့်က ကြယ်တာရာဟင်းလင်းပြင်ဖြတ် တိမ်တိုက်ကြီးတစ်ခု နေအဖွဲ့အစည်းနှင့် ဝင်ရောက်တိုးတိုက်မိခဲ့ကြောင်း သိရသည်။

အဆိုပါတိမ်တိုက်ကြီးသည် နေမှထုတ်လွှတ်လိုက်သည့် စွမ်းအင်အမှုန်စီးကြောင်းများကို ပိတ်ကာခဲ့မှုကြောင့် ကမ္ဘာဂြိုဟ်ပေါ်၌ အပူချိန်ရုတ်တရက်ကျဆင်း၍ ပလီစတိုစင်းရေခဲခေတ်ပေါ်ထွက်လာရခြင်း ဖြစ်နိုင်ကြောင်း သိပ္ပံပညာရှင်များက ပြောကြားသည်။

အမေရိကန် သိပ္ပံပညာရှင်များ၏ တွက်ချက်မှုအရ လင့်စ်အမည်ရှိ နက္ခတ်တာရာနယ်မြေအတွင်းမှ ကြယ်တာရာဟင်းလင်းပြင်ဖြတ် တိမ်တိုက်များသည် လွန်ခဲ့သည့်နှစ်ပေါင်း နှစ်သန်းနှင့် သုံးသန်းကြားတွင် နေအဖွဲ့အစည်းနှင့် ဝင်ရောက်တိုးတိုက်မိခဲ့ကြောင်း သိရသည်။

ပလီစတိုစင်းရေခဲခေတ်သည် လွန်ခဲ့သောနှစ်ပေါင်း ၂ ဒသမ ၆ သန်းခန့်တွင် ပေါ်ထွက်ခဲ့သောရေခဲခေတ်ဖြစ်သည်။

ပလီစတိုစင်း ရေခဲခေတ်သည် သက်တမ်းအားဖြင့် နှစ်ပေါင်း ၁၂,၀၀၀ ခန့် ကြာမြင့်ခဲ့ကြောင်း သိရသည်။

**Ref : Xinhua News**

**Trs : KKO**

# HEALTH

## ကိုဗစ်နှင့်တုပ်ကွေးရောဂါကို ကာကွယ်နိုင်သည့် စမ်းသပ်ဆဲကာကွယ်ဆေးတစ်မျိုး ရလဒ်ကောင်းရရှိ

**နယူးယောက် ဇွန် ၁၂**

ကိုဗစ်ရောဂါနှင့် တုပ်ကွေးရောဂါ နှစ်မျိုးစလုံးကို ကာကွယ်ပေးနိုင်သည့် စမ်းသပ်ဆဲကာကွယ်ဆေးတစ်မျိုးသည် စမ်းသပ်မှုများ၌ ရလဒ်ကောင်းများရရှိထားကြောင်း ဇွန် ၁၁ ရက် သတင်းများအရ သိရသည်။

mRNA-1083 အမည်ရှိ အဆိုပါစမ်းသပ်ဆဲကာကွယ်ဆေးသည် လက်တွေ့စမ်းသပ်မှုများပြုလုပ်ရာတွင် သက်ကြီးပိုင်းများကြား ရလဒ်ကောင်းများ ရှိလာသည်ကို တွေ့ရကြောင်း အမေရိကန်နိုင်ငံ အခြေစိုက် Moderna ကုမ္ပဏီက သတင်းထုတ်ပြန်ထားသည်။

လက်တွေ့စမ်းသပ်မှုများမှပေါ်ထွက်လာသည့် ရလဒ်များအရ mRNA-1083 ကာကွယ်ဆေးထိုးနှံထားသည့် သက်ကြီးပိုင်းများတွင် ကိုဗစ်ရောဂါနှင့် တုပ်ကွေးရောဂါ နှစ်မျိုးစလုံးအတွက် အားကောင်းသည့် ခုခံအားစနစ်တုံ့ပြန်မှုများပေါ်ထွက်လာသည်ကို တွေ့ရကြောင်း Moderna ကုမ္ပဏီက သတင်းထုတ်ပြန်ချက်များတွင် ဖော်ပြထားသည်။

လက်ရှိတွင် Moderna ကုမ္ပဏီသည် mRNA-1083 ကာကွယ်ဆေးကို တတိယအဆင့်လက်တွေ့စမ်းသပ်မှုများ ပြုလုပ်လျက်ရှိသည်။

mRNA-1083 ကာကွယ်ဆေး လက်တွေ့စမ်းသပ်မှုများတွင် အသက် ၆၅ နှစ်နှင့်အထက် လူဦးရေ ၄၀၀၀ ကျော် ပါဝင်နေကြောင်း သိရသည်။

mRNA-1083 ကာကွယ်ဆေးကို အသက် ၅၀ နှင့် ၆၄ နှစ်ကြား လူဦးရေ ၄၀၀၀ တို့ဖြင့် စမ်းသပ်ခဲ့ရာတွင်လည်း အားကောင်းသည့် ကိုဗစ်ရောဂါနှင့် တုပ်ကွေးရောဂါခုခံအားစနစ် တုံ့ပြန်မှုများ ပေါ်ထွက်လာသည်ကို တွေ့ရကြောင်း သုတေသနပညာရှင်များက ပြောကြားခဲ့သည်။

**Ref : Russia Today**

**Trs : KKO**

## အပင်ထွက်ဓာတ်စာများစားသုံးမှုက ရောဂါဘယတစ်မျိုးမျိုးကြောင့် ငယ်ငယ်ရွယ်ရွယ်ဖြင့် အသက်ဆုံးပါးနိုင်ခြေကို လျှော့ချပေးနိုင်

**နယူးယောက် ဇွန် ၁၂**

အပင်ထွက်ဓာတ်စာများ စားသုံးမှုသည် ရောဂါဘယတစ်မျိုးမျိုးကြောင့် ငယ်ငယ်ရွယ်ရွယ်ဖြင့် အသက်ဆုံးပါးနိုင်ခြေကို လျှော့ချပေးနိုင်ကြောင်း ဇွန် ၁၁ ရက် သတင်းများအရ သိရသည်။

အပင်ထွက် အစားအစာများ စားသုံးမှုသည် ရာသီဥတုပြောင်းလဲမှုအရှိန်ကိုလျှော့ချရာတွင် အထောက်အကူပြုနိုင်သကဲ့သို့ လူသားတို့၏ ကျန်းမာရေးအတွက်လည်း အထူးအကျိုးပြုနိုင်ကြောင်း အမေရိကန်နိုင်ငံ ဟားဘတ်တီအိတ်ချ်ချန်ပြည်သူ့ကျန်းမာရေးသိပ္ပံမှ သုတေသနပညာရှင်များက ပြောကြားသည်။

အမေရိကန် သုတေသနပညာရှင်များသည် အမျိုးသားနှင့် အမျိုးသမီး ၂၀၀၀၀၀ ကျော်တို့၏ ကျန်းမာရေးအချက်အလက်များကို လေ့လာခဲ့ကြသည်။

လေ့လာချက်မှ ပေါ်ထွက်လာသည့်ရလဒ်များအရ အပင်ထွက်ဓာတ်စာပုံစံများကို အများဆုံးစားသောက်သူများသည် အနည်းဆုံးစားသုံးသူများထက် ရောဂါဘယတစ်မျိုးမျိုးကြောင့် ငယ်ငယ်ရွယ်ရွယ်ဖြင့် အသက်ဆုံးပါးနိုင်ခြေ ၃၀ ရာခိုင်နှုန်း ပို၍နည်းပါးသည်ကို တွေ့ရကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

အထက်ပါရောဂါပုံစံများထဲ၌ ကင်ဆာရောဂါများ၊ နှလုံးရောဂါများနှင့် အဆုတ်ရောဂါများလည်း အကျုံးဝင်ကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

**Ref : Xinhua News**

**Trs : KKO**



# နိုင်ငံတကာ အားကစားသတင်းများ

## တိုက်စစ်မှူးစီရော်နယ်ဒို နိုင်ငံတကာသွင်းဂိုး ၁၃၀ ပြည့်မြောက်သည့် မှတ်တမ်းကောင်းတစ်ရပ်ရရှိ

**လစ္စဘွန်း ဇွန် ၁၂**

ပေါ်တူဂီ အသင်းနှင့် အိုင်ယာလန်အသင်းတို့ ကစားခဲ့သည့် ခြေစမ်းပွဲစဉ်တွင် ပေါ်တူဂီ အသင်းက သုံးဂိုးဂိုးမရှိဖြင့် အနိုင်ရခဲ့ပြီး အသင်းအတွက် သွင်းဂိုး နှစ်ဂိုး သွင်းယူပေးခဲ့သည့် တိုက်စစ်မှူး စီရော်နယ်ဒိုသည် နိုင်ငံတကာ သွင်းဂိုး ၁၃၀ ပြည့်မြောက်သည့် မှတ်တမ်းကောင်းတစ်ရပ်ကို ရရှိခဲ့သည်။

အိုင်ယာလန် အသင်းနှင့် ပွဲစဉ်တွင် စီရော်နယ်ဒိုသည် ပေါ်တူဂီအသင်း တိုက်စစ်ကို ဦးဆောင်လာခဲ့ပြီး ပွဲချိန် ၁၈ မိနစ်တွင် ဂျာအိုဖီးလစ်က ဦးဆောင်ဂိုး သွင်းယူခဲ့ပြီးနောက် စီရော်နယ်ဒိုက ပွဲချိန် မိနစ် ၅၀ နှင့် မိနစ် ၆၀ တို့တွင် အသင်းအတွက် ဦးဆောင်ဂိုးများ ဆက်တိုက်သွင်းယူနိုင်ခဲ့ကာ နိုင်ငံအသင်းနှင့်အတူ ပြိုင်ပွဲစုံ ၂၀၇ ပွဲတွင် သွင်းဂိုး ၁၃၀ ထိ သွင်းယူနိုင်သည့် ပထမဆုံး ကစားသမားဖြစ်လာခဲ့သည်။

စီရော်နယ်ဒိုသည် ဘောလုံးသမိုင်းတစ်လျှောက်တွင် နိုင်ငံတကာသွင်းဂိုး ၁၃၀ ပြည့်မြောက်သည့် ပထမဆုံးကစားသမားအဖြစ် မှတ်တမ်းဝင်ခဲ့ပြီးနောက် ၎င်းနောက်တွင် အီရန်တိုက်စစ်မှူး အလီဒါယီက သွင်းဂိုး ၁၀၈ ဂိုးဖြင့် ဒုတိယ၊ တိုက်စစ်မှူးမက်ဆီက သွင်းဂိုး ၁၀၆ ဂိုးဖြင့် တတိယ၊ အိန္ဒိယတိုက်စစ်မှူး ချက်ဟီထရီက ၉၄ ဂိုးဖြင့် စတုတ္ထ၊ မလေးရှား တိုက်စစ်မှူး ဒါဟာရီက ၈၉ ဂိုးဖြင့် ပဉ္စမနေရာတွင် ရပ်တည်လျက်ရှိသည်။

ယူရိုပြိုင်ပွဲ သမိုင်းတွင်လည်း စီရော်နယ်ဒိုသည် ပြိုင်ပွဲတစ်လျှောက် သွင်းဂိုး ၁၄ ဂိုးသွင်းယူ၍ ဂိုးသွင်းအများဆုံး ကစားသမားအဖြစ် ရပ်တည်နေသကဲ့သို့ ယူရိုခြေစစ်ပွဲစဉ်များတွင်လည်း သွင်းဂိုး ၄၀ ထိသွင်းယူ၍ ဂိုးသွင်းအများဆုံး ကစားသမားအဖြစ် ရပ်တည်လျက်ရှိသည်။

အသက် ၃၉ နှစ်ရှိ စီရော်နယ်ဒိုသည် ကစားသမားဘဝတစ်လျှောက် ကလပ်အသင်းနှင့် နိုင်ငံအသင်းအတွက် သွင်းဂိုး ၈၉၅ ဂိုးထိ သွင်းယူနိုင်ခဲ့ပြီး ကစားသမားဘဝ သွင်းဂိုး ၉၀၀ ပြည့်မြောက်ရန်အတွက် သွင်းဂိုး ငါးဂိုးသာ ကျန်ရှိတော့ကြောင်း သိရသည်။

**Ref : RT**
**Trs : ML**



## အားကစားသတင်းအတိုအထွာများ

- မန်ယူအသင်းပိုင်ရှင် ရက်ကလစ်ဖ်က နည်းပြတန်ဟတ်ကို လာမည့်နွေရာသီတွင် ထုတ်ပယ်သွားမည်မဟုတ်ဘဲ ၂၀၂၅ ခုနှစ် စာချုပ်ကုန်ဆုံးချိန်ထိ ဆက်လက်ခန့်အပ်ရန် ဆုံးဖြတ်ထားကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။
- ၂၀၂၄ ယူရိုပြိုင်ပွဲတွင် အင်္ဂလန်အသင်းအနေဖြင့် အောင်မြင်မှု မရခဲ့ပါက အသင်းမှ ထွက်ခွာတော့မည်ဖြစ်ကြောင်း နည်းပြ ဆောက်ဂိတ်က အတည်ပြုပြောကြားခဲ့သည်။
- အိုက်စလန်အသင်းကို အနိုင်ရခဲ့ပြီးနောက် တနင်္လာနေ့က ပြုလုပ်ခဲ့သည့် လေ့ကျင့်ရေးအစီအစဉ်တွင် ဒဏ်ရာပြဿနာ ကြုံတွေ့ခဲ့သည့် ကွင်းလယ်ကစားသမား ကူပိုင်နာသည် ယူရိုပြိုင်ပွဲတွင် နယ်သာလန်အသင်းနှင့် ပါဝင်နိုင်တော့မည်မဟုတ်ကြောင်းသိရပြီး အသင်းအနေဖြင့် ဖရန်ကီဒီဂျောင်းနှင့် ကူပီနာတို့ကို လက်လွှတ်ရမည်ဖြစ်သည်။

**ML**

## အရှေ့တောင်အာရှမှ အင်ဒိုနီးရှားအသင်း ကမ္ဘာ့ဖလားခြေစစ်ပွဲ တတိယအဆင့်သို့ တက်ရောက်နိုင်ခဲ့



**ဂျကာတာ ဇွန် ၁၂**

ကမ္ဘာ့ဖလားခြေစစ်ပွဲ ဒုတိယအဆင့် အုပ်စုနောက်ဆုံးပွဲစဉ်တွင် အင်ဒိုနီးရှားအသင်းက ဖိလစ်ပိုင်အသင်းကို နှစ်ဂိုး ဂိုးမရှိဖြင့် အနိုင်ရခဲ့သောကြောင့် အုပ်စုဒုတိယနေရာဖြင့် ခြေစစ်ပွဲတတိယအဆင့်သို့တက်ရောက်ခဲ့ပြီး ၂၀၂၆ ကမ္ဘာ့ဖလားယှဉ်ပြိုင်ခွင့်ရရှိရန် နီးစပ်လာကြောင်း သိရသည်။

အရှေ့တောင်အာရှမှ အင်ဒိုနီးရှားအသင်းသည် ခြေစစ်ပွဲ အုပ်စု (F) တွင် ဗီယက်နမ်၊ ဖိလစ်ပိုင်၊ အီရတ်အသင်းတို့နှင့် တစ်အုပ်စုတည်းကစားခဲ့ရပြီး တိုက်ရိုက်ခြေစစ်ပွဲအောင်မြင်ရန် ဒေသတွင်းပြိုင်ဘက် ဗီယက်နမ်အသင်းနှင့် နောက်ဆုံးပွဲစဉ်ထိ ယှဉ်ပြိုင်ခဲ့ရသော်လည်း ဗီယက်နမ်အသင်းက အီရတ်အသင်းကို သုံးဂိုးတစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့ပြီး အင်ဒိုနီးရှားအသင်းက ဖိလစ်ပိုင်အသင်းကို နှစ်ဂိုးဂိုးမရှိဖြင့် အနိုင်ရခဲ့သောကြောင့် ပြိုင်ပွဲပြီးဆုံးချိန်တွင် အီရတ်အသင်းက ရမှတ် ၁၈ မှတ်ဖြင့် အဆင့်(၁)၊ အင်ဒိုနီးရှားအသင်းက ရမှတ် ၁၀ မှတ်ဖြင့် အဆင့်(၂)၊ ဗီယက်နမ်အသင်းက ရမှတ်ခြောက်မှတ်ဖြင့် အဆင့်(၃)၊ ဖိလစ်ပိုင်အသင်းက ရမှတ်တစ်မှတ်ဖြင့် အဆင့်(၄)တွင် ရပ်တည်နိုင်ခဲ့သည်။

ထို့ကြောင့် အင်ဒိုနီးရှားအသင်းသည် ၂၀၂၆ ကမ္ဘာ့ဖလားခြေစစ်ပွဲ ဝင်ခွင့်ရရှိရန် နီးစပ်လျက်ရှိနေပြီး ၂၀၂၇ အာရှဖလားပြိုင်ပွဲတွင်လည်း ခြေစစ်ပွဲ အောင်မြင်ထားကြောင်း သိရသည်။

အခြားအုပ်စုပွဲစဉ်မှ ထိုင်းအသင်းသည်လည်း နောက်ဆုံးပွဲစဉ်တွင် စင်ကာပူကို သုံးဂိုး ဂိုးမရှိဖြင့် အနိုင်ရခဲ့ပါက ခြေစစ်ပွဲအောင်မြင်မည်ဖြစ်သော်လည်း သုံးဂိုးတစ်ဂိုးဖြင့်သာ အနိုင်ရခဲ့သောကြောင့် တရုတ်အသင်းက ထိပ်တိုက်တွေ့ဆုံမှုတွင် တစ်ပွဲနိုင်၊ တစ်ပွဲသရေရလဒ်ရရှိထားပြီး ရမှတ်တူ၊ ဂိုးကွာခြားချက်တူနေသော်လည်း ခြေစစ်ပွဲတတိယအဆင့်သို့ တက်ရောက်နိုင်ခဲ့သည်။

အာရှဇုန်မှ ကမ္ဘာ့ဖလားခြေစစ်ပွဲ ဒုတိယအဆင့်ပြီးဆုံးချိန်တွင် ကာတာအသင်း၊ ကူဝိတ်အသင်း၊ ဂျပန်အသင်း၊ မြောက်ကိုရီးယားအသင်း၊ တောင်ကိုရီးယားအသင်း၊ တရုတ်အသင်း၊ အိုမန်အသင်း၊ ကာဇက်စတန်အသင်း၊ အီရန်အသင်း၊ ဥဇဘက်ကစ္စတန်အသင်း၊ အီရတ်အသင်း၊ အင်ဒိုနီးရှားအသင်း၊ ဂျော်ဒန်အသင်း၊ ဆော်ဒီအာရေဗျအသင်း၊ ယူအေအီးအသင်း၊ ဘာရိန်းအသင်း၊ ဩစတြေးလျအသင်းနှင့် ပါလက်စတိုင်းအသင်းတို့ ခြေစစ်ပွဲ တတိယအဆင့်သို့ တက်ရောက်ခဲ့ကြောင်း သိရသည်။

**Ref : Sputnik**
**Trs : ML**

## တိုက်စစ်မှူး ဆက်ကို လိုက်ပ်ဇစ်အသင်းတွင် ဆက်လက်ကစားရန်ဆုံးဖြတ်၍ သက်တမ်းတိုးစာချုပ်ချုပ်ဆို

**မက်ဒရစ် ဇွန် ၁၂**

အာဆင်နယ် အသင်းနှင့် ချဲလ်ဆီးအသင်းတို့က ခေါ်ယူရန် ပစ်မှတ်ထားနေသည့် တိုက်စစ်မှူး ဆက်ကိုသည် လိုက်ပ်ဇစ်အသင်းနှင့် ဆက်လက်ပူးပေါင်းရန် ဆုံးဖြတ်ခဲ့ပြီး လာမည့် ၂၀၂၉ ခုနှစ်ထိ စာချုပ်သစ် ချုပ်ဆိုခဲ့ကြောင်း သိရသည်။

လိုက်ပ်ဇစ် အသင်းသည် ဆက်ကိုကို ဆက်လက်ထိန်းသိမ်းရန် အစွမ်းကုန် ကြိုးစားခဲ့သော်လည်း စာချုပ်ပါ သဘောတူညီချက်တွင် ကစားသမားအနေဖြင့် လာမည့် ၂၀၂၅ ခုနှစ် သို့မဟုတ် ၂၀၂၆ ခုနှစ်တို့တွင် အသင်းမှ မိမိသဘောဆန္ဒအလျောက် ထွက်ခွာနိုင်ကြောင်း သိရပြီး ရက်ပိုင်းအတွင်း စာချုပ်သစ်ကိုစ္စကို တရားဝင်ထုတ်ပြန်မည်ဖြစ်သည်။

၂၀၂၃-၂၀၂၄ ဘောလုံးရာသီတွင် တိုက်စစ်မှူး ဆက်ကိုသည် လိုက်ပ်ဇစ်အသင်းနှင့်အတူ ပြိုင်ပွဲစုံ သွင်းဂိုး ၁၈ ဂိုးထိ သွင်းယူ၍ ခြေစွမ်း ပြသနိုင်ခဲ့သောကြောင့် ပရီးမီးယားလိဂ် အသင်းများဖြစ်သည့် အာဆင်နယ်အသင်းနှင့် ချဲလ်ဆီးအသင်းတို့က အပြိုင်ကမ်းလှမ်းမှုပြုလုပ်ခဲ့ရာ အာဆင်နယ်အသင်းက ပိုမိုလက်ဦးမှုရယူနိုင်ခဲ့သဖြင့် စာချုပ်ဖျက်သိမ်းကြေး ယူရို ၆၅ သန်းဖြင့် ခေါ်ယူရန် သဘောတူညီမှု ရရှိခဲ့သည်ဟု သတင်းထွက်ပေါ်ခဲ့သော်လည်း ယခုအခါ ကစားသမားအနေဖြင့် လိုက်ပ်ဇစ်အသင်းနှင့် ဆက်လက်ကစားရန်ဆုံးဖြတ်ခဲ့ပြီး သက်တမ်းတိုးစာချုပ် ချုပ်ဆိုခဲ့ခြင်းဖြစ်သည်။

အာဆင်နယ် အသင်းသည် တိုက်စစ်မှူးဆက်ကိုအား ခေါ်ယူရန် လက်လျှော့ခဲ့ရပြီးနောက် စပို့တင်းလစ္စဘွန်း တိုက်စစ်မှူး ဂျိုကာရက်စ်၊ နယူးကာဆယ် တိုက်စစ်မှူး အက်ဆက်ခ်နှင့် ဘိုလော့ဂ်နာတိုက်စစ်မှူး ဇက်ခ်ဇီးတို့ကိုခေါ်ယူရန် ကြိုးပမ်းနေပြီး စာချုပ်ဖျက်သိမ်းကြေး ယူရိုသန်း ၄၀ သာရှိသည့် ဇက်ခ်ဇီးကို အာဆင်နယ်အသင်းက ပိုမိုစိတ်ဝင်စားလျက်ရှိနေကြောင်း သိရသည်။

**Ref : Xinhua**
**Trs : ML**

## WBA International ဘင်တန်ဝိတ်တန်းချန်ပီယံခါးပတ်လုပွဲတွင် အီလီဂျာနှင့် ကိုင်ရိုနီတို့ ယှဉ်ပြိုင်ထိုးသတ်သွားမည်

**လက်စ်ဗီးဂတ် ဇွန် ၁၂**

WBA International ဘင်တန်ဝိတ်တန်း ချန်ပီယံခါးပတ်လုပွဲစဉ်အတွက် အမေရိကန်လက်ဝှေ့သမားများ ဖြစ်ကြသည့် အီလီဂျာနှင့် ကိုင်ရိုနီတို့ အမေရိကန်နိုင်ငံ လက်စ်ဗီးဂတ်မြို့၌ ဇွန် ၁၅ ရက်တွင် ထိုးသတ်သွားမည်ဖြစ်ကြောင်း WBAက ယနေ့တွင် အတည်ပြုထုတ်ပြန်ခဲ့သည်။

အီလီဂျာနှင့် ကိုင်ရိုနီတို့၏ပွဲစဉ်သည် WBA လိုက်ဝိတ်တန်း ကမ္ဘာ့ချန်ပီယံ စိန်ခေါ်ပွဲစဉ်ဖြစ်သည့် ဂါဗွန်တာနှင့် ဖရန့်ခ်မာတင်တို့ ထိုးသတ်သွားမည့်ပွဲစဉ်၏ Undercard ပွဲစဉ်အနေဖြင့် ထိုးသတ်သွားမည်လည်းဖြစ်သည်။

အီလီဂျာသည် ဘင်တန်ဝိတ်တန်းလောကတွင် အတိုးတက်ဆုံးသော လက်ဝှေ့သမားအဖြစ် သတ်မှတ်ခံထားရပြီး ကိုင်ရိုနီနှင့်ပွဲစဉ်တွင် အနိုင်ရရှိရန်လည်း ရေပန်းစားနေသူဖြစ်သည်။

အီလီဂျာသည် ပရော်ဖက်ရှင်နယ် လက်ဝှေ့သမားလောကသို့ စတင် ဝင်ရောက်လာကတည်းက ရှုံးပွဲမရှိသေးသည့် လက်ဝှေ့သမားတစ်ဦးဖြစ်ပြီး ဒိုင်ပွဲရပ်ရလဒ်များဖြင့် အနိုင်ရထားသည့်ပွဲစဉ် အမြောက်အမြားရှိနေသည့် အီလီဂျာ၏ ထိုးသတ်ဟန်ကလည်း လက်ဝှေ့လောကတွင် လယ်ဗယ်တစ်ခုသို့ ရောက်ရှိနေကြောင်းလည်း လက်ဝှေ့ကျွမ်းကျင်သုံးသပ်သူများက ချီးကျူးထားသည်။

အီလီဂျာသည် ပြိုင်ဘက်များဖြင့်ထိုးသတ်ရာ၌ အနီးကပ်ထိုးသတ်သည့်ဗျူဟာကို ရှောင်ပြီး ပြိုင်ဘက်အား အကပ်မခံဘဲ ခွာထိုးသည့်နည်းဗျူဟာကို အသားပေးသည့် လက်ဝှေ့သမားတစ်ဦးလည်းဖြစ်သည်။

အသက် ၂၁ နှစ်အရွယ် အီလီဂျာနှင့်ထိုးသတ်သွားမည့် အသက် ၂၉ နှစ်အရွယ် ကိုင်ရိုနီသည် အတွေ့အကြုံပိုင်းမှာ အီလီဂျာထက် သာလွန်သည့် ဝါရင့်လက်ဝှေ့သမားတစ်ဦးဖြစ်သည်။

အတွေ့အကြုံပိုင်း သာလွန်သော်လည်း အီလီဂျာက နည်းစနစ်ပိုင်းကြွယ်ဝသည့်အတွက် အီလီဂျာကသာ အနိုင်ရရှိရန် ရေပန်းစားနေခြင်းဖြစ်ကြောင်း သိရသည်။

**Ref : RT**
**Trs : AZL**



# နေရှင်နယ်လိဂ် ယူ-၂၀ ပြိုင်ပွဲ ပွဲစဉ်(၃) ပွဲစဉ်များကို ဇွန် ၁၃ ရက်မှ ၁၅ ရက်ထိ ရန်ကုန်မြို့၌ ဆက်လက်ကျင်းပမည်



**ရန်ကုန် ဇွန် ၁၂**

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် မြန်မာနေရှင်နယ်လိဂ် ကော်မတီက ကြီးမှူးကျင်းပလျက် ရှိနေသည့် မြန်မာနေရှင်နယ်လိဂ် ယူ-၂၀ ပြိုင်ပွဲ ပွဲစဉ်(၃) ပွဲစဉ်များကို ဇွန် ၁၃ ရက်မှ ၁၅ ရက်ထိ ရန်ကုန်မြို့တွင် ဆက်လက်ကျင်းပသွားမည် ဖြစ်ကြောင်း သိရသည်။

မြန်မာနေရှင်နယ်လိဂ် ယူ-၂၀ ပြိုင်ပွဲ ပွဲစဉ်(၃) ပွဲစဉ်များအဖြစ် ဇွန် ၁၃ ရက် ညနေ ၃ နာရီခွဲတွင် ပဒုမ္မာအားကစားကွင်း၌ မဟာယူနိုက်တက်ယူ-၂၀အသင်းနှင့် ရှမ်းယူနိုက်တက် ယူ-၂၀ အသင်း၊ ညနေ ၃ နာရီခွဲ၌ စလင်းအားကစားကွင်းတွင် မြဝတီအက်ဖ်စီ ယူ-၂၀ အသင်းနှင့် ရောဝတီယူနိုက်တက် ယူ-၂၀ အသင်း၊ ညနေ ၃ နာရီခွဲ တောင်ဒဂုံအားကစားကွင်းတွင် ဟံသာဝတီယူနိုက်တက် ယူ-၂၀ အသင်းနှင့် ရတနာပုံအက်ဖ်စီ ယူ-၂၀ အသင်းတို့ ကစားသွားမည်ဖြစ်သည်။

အလားတူ ဇွန် ၁၄ ရက် ညနေ ၃နာရီခွဲ၌ ပဒုမ္မာအားကစားကွင်းတွင် ISPE ယူ-၂၀အသင်းနှင့် သစ္စာအားမာန် ယူ-၂၀ အသင်း၊ ညနေ ၃နာရီခွဲ တောင်ဒဂုံအားကစားကွင်းတွင် ဒဂုံစတားယူ-၂၀ အသင်းနှင့် ရန်ကုန်ယူနိုက်တက် ယူ-၂၀ အသင်း၊ ဇွန် ၁၅ ရက် ညနေ ၃နာရီခွဲတွင် စလင်းအားကစားကွင်း၌ Junior Lions အသင်းနှင့် ရခိုင်ယူနိုက်တက် ယူ-၂၀ အသင်းတို့ ကစားသွားမည်ဖြစ်ကြောင်း သိရသည်။

**STA**

# ဂျာမနီအသင်းနည်းပြ နာဂျယ်စမန်းက ပါဘလိုဗစ်ချ်နေရာတွင် အမ်မရီချန်နှင့်အစားထိုး

**ဘာလင် ဇွန် ၁၂**

ဂျာမနီအသင်းနည်းပြ နာဂျယ်စမန်းက ယူရို ၂၀၂၄ ပြိုင်ပွဲကစားမည့်အသင်းကစားသမားစာရင်းမှ နုတ်ထွက်ခဲ့သည့် လူငယ်ကွင်းလယ်သမားနေရာတွင် အမ်မရီချန်ကို အစားထိုး ခေါ်ယူခဲ့ကြောင်း သိရသည်။

အသက် ၂၀ နှစ်သာရှိသေးသည့် ပါဘလိုဗစ်ချ်သည် ယခုနှစ် ဘောလုံးရာသီတွင် ဘိုင်ယန်မြူးနစ်အသင်းနှင့်အတူ အကောင်းဆုံးခြေစွမ်းပြသနိုင်ခဲ့ပြီးနောက် ယူရို ၂၀၂၄ ပြိုင်ပွဲ ဝင်ရောက်မည့် နည်းပြ နာဂျယ်စမန်း၏ ဂျာမနီအသင်း ကစားသမားစာရင်းတွင် ရွေးချယ်ခံခဲ့ရသည်။

သို့သော် ပါဘလိုဗစ်ချ်သည် ယူရို ၂၀၂၄ ပြိုင်ပွဲ ကျင်းပရန် ရက်ပိုင်းအလိုတွင် အာသီးရောင် ရောဂါဝေဒနာကြောင့် ဆေးဝါးကုသမှုခံယူပြီး အနားယူရမည်ဖြစ်သည့်အတွက် ယူရို ၂၀၂၄ ပြိုင်ပွဲတွင် ဝင်ရောက်ကစားနိုင်ရန် အဆင်သင့် မဖြစ်တော့သည့်အတွက် ဂျာမနီအသင်း ကစားသမားစာရင်းမှ နုတ်ထွက်ခဲ့ရခြင်းဖြစ်သည်။

အလားတူ ဝါရင့်ကွင်းလယ်ကစားသမား အမ်မရီချန်သည်လည်း ယခုနှစ် ဘောလုံးရာသီတွင် ဒေါ့မွန်အသင်းနှင့်အတူ အကောင်းဆုံးခြေစွမ်းပြသနိုင်ခဲ့ပြီး ဒေါ့မွန်အသင်းကို ချန်ပီယံလိဂ်ပြိုင်ပွဲတွင် ဗိုလ်လုပွဲအဆင့်ထိ ပို့ဆောင်ခဲ့ရာတွင် အဓိကကစားသမားအဖြစ် ခြေစွမ်းပြသနိုင်ခဲ့သော်လည်း အစောပိုင်းက ဂျာမနီအသင်း ကစားသမားစာရင်းမှ ချန်လှပ်ခံခဲ့ရခြင်းဖြစ်သည်။

ယခုအခါ ပါဘလိုဗစ်ချ်သည် အာသီးရောင် ရောဂါဝေဒနာကြောင့် ပြိုင်ပွဲကစားနိုင်ခြင်းမရှိတော့ဘဲ နုတ်ထွက်ခဲ့သည့်အတွက် နည်းပြနာဂျယ်စမန်းက ၎င်း၏နေရာတွင် အမ်မရီချန်ကို အစားထိုးခေါ်ယူခဲ့ကြောင်း သိရသည်။

**Ref : Sputnik**

**Trs : STA**

# 2024 MNL League Cup ပြိုင်ပွဲ ဗိုလ်လုပွဲစဉ်ကို ဇွန် ၁၉ ရက်တွင် ရန်ကုန်မြို့ သုဝဏ္ဏအားကစားကွင်း၌ ကျင်းပမည်



**ရန်ကုန် ဇွန် ၁၂**

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် မြန်မာနေရှင်နယ်လိဂ် ကော်မတီက ကြီးမှူးကျင်းပလျက် ရှိနေသည့် **2024 MNL League Cup** ပြိုင်ပွဲ ဗိုလ်လုပွဲစဉ်ကို ဇွန် ၁၉ ရက် ညနေ ၄ နာရီတွင် ရန်ကုန်မြို့ သုဝဏ္ဏအားကစားကွင်း၌ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

2024 MNL League Cup ပြိုင်ပွဲကို ယခုနှစ်ဘောလုံးရာသီ မြန်မာနေရှင်နယ်လိဂ် ပြိုင်ပွဲမတိုင်မီ ပထမဆုံးပြိုင်ပွဲအဖြစ် ကျင်းပခဲ့ခြင်းဖြစ်ပြီး ပြိုင်ပွဲကို မြန်မာနေရှင်နယ်လိဂ်၊ မြန်မာနေရှင်နယ်လိဂ်-၂ နှင့် အပျော်တမ်းလိဂ်မှ ကလပ်အသင်းများနှင့် အုပ်စုအဆင့်မှ စတင်ကျင်းပခဲ့ခြင်းဖြစ်ပြီး အုပ်စုပွဲစဉ်များအပြီးတွင် အုပ်စုတစ်ခုချင်းစီမှ အုပ်စုပထမနေရာရရှိသည့်အသင်း လေးသင်းအနေဖြင့် ဆီမီးဖိုင်နယ်အဆင့် တက်ရောက်နိုင်ခဲ့ခြင်းဖြစ်သည်။

2024 MNL League Cup ပြိုင်ပွဲ ဆီမီးဖိုင်နယ်အဆင့်တွင် ရန်ကုန်ယူနိုက်တက် အသင်း၊ ရတနာပုံအက်ဖ်စီ အသင်းတို့ ကစားခဲ့ရာ ရန်ကုန်ယူနိုက်တက်အသင်းက သုံးဂိုး တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ပြီး ဗိုလ်လုပွဲအဆင့် တက်ရောက်နိုင်ခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

အလားတူ ဆီမီးဖိုင်နယ်အဆင့် ပွဲစဉ်အဖြစ် ရှမ်းယူနိုက်တက် အသင်းနှင့် ဒဂုံစတားအသင်းတို့ ကစားခဲ့ရာ ရှမ်းယူနိုက်တက်အသင်းက နှစ်ဂိုး တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ပြီး ဗိုလ်လုပွဲသို့ တက်ရောက်နိုင်ခဲ့ကြောင်း သိရသည်။

**STA**

# စတုဂတ်အိုးပင်းတင်းနစ်ပြိုင်ပွဲ ပထမအဆင့်မှ အင်ဒီမာရေး ထွက်ခွာခဲ့ရ

**စတုဂတ် ဇွန် ၁၂**

ဂျာမနီနိုင်ငံ စတုဂတ်မြို့တွင် ကျင်းပနေသည့် စတုဂတ်အိုးပင်း တင်းနစ်ပြိုင်ပွဲ ပထမအဆင့်တွင် အမေရိကန် တင်းနစ်ကစားသမား ဂီရွန်နှင့် ဗြိတိန်တင်းနစ်ကစားသမား အင်ဒီမာရေးတို့ ယှဉ်ပြိုင်ကစားခဲ့ပြီး ဂီရွန်က(၆-၃၊ ၆-၄) ရလဒ်ဖြင့် အနိုင်ရရှိကာ ဒုတိယအဆင့်သို့ တက်ရောက်ခဲ့ကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

အင်ဒီမာရေးသည် စတုဂတ်အိုးပင်း တင်းနစ်ပြိုင်ပွဲတွင် ချန်ပီယံဆုအား နှစ်ကြိမ်တိုင်တိုင် ဆွတ်ခူးခဲ့ဖူးသည့် ကစားသမားတစ်ဦးဖြစ်ပြီး ဂီရွန်မှာ စတုဂတ်အိုးပင်းတင်းနစ်ပြိုင်ပွဲတွင် နှစ်ကြိမ်ပါဝင်ယှဉ်ပြိုင်ခဲ့ဖူးပြီး တစ်ကြိမ်မျှ နိုင်ပွဲမရသည့် ကစားသမား ဖြစ်သည်။

ဂီရွန်အနေဖြင့် စတုဂတ်အိုးပင်း တင်းနစ်ပြိုင်ပွဲတွင် သုံးကြိမ်မြောက် ပါဝင်ယှဉ်ပြိုင်ပြီး ပထမဆုံးသော နိုင်ပွဲကိုရရှိသွားခဲ့ခြင်းလည်းဖြစ်သည်။

ကမ္ဘာ့အဆင့်(၁) နေရာတွင် ရပ်တည်ခဲ့ဖူးသည့် အင်ဒီမာရေးသည် ယခုနှစ်အတွင်း ပုံစံကောင်း ရရှိရန် ရုန်းကန်ခဲ့ရသလို ယခင်က လက်စွမ်းမျိုး ပြန်လည်မရသေးသည့် အခြေအနေကြောင့် ပြင်သစ်အိုးပင်း တင်းနစ်ပြိုင်ပွဲတွင်လည်း ပထမအဆင့်မှပင် ပြိုင်ပွဲမှ ထွက်ခွာခဲ့ရသူဖြစ်သည်။

အင်ဒီမာရေးက လက်ရှိကစားထားနိုင်သည့် စွမ်းဆောင်ရည်သည် ပုံမှန်လက်စွမ်းအောက် ရောက်နေသလို တိုးတက်အောင် လေ့ကျင့်ချိန် ပိုပေးရမည်ဖြစ်ကြောင်းလည်း ဝန်ခံပြောကြားခဲ့ကြောင်း သိရသည်။

**Ref : Xinhua**

**Trs : AZL**



# 2024 US Open ဂေါက်သီးရိုက်ပြိုင်ပွဲမှ ဂျွန်ရမ်းနုတ်ထွက်

**မြောက်ကာရိုလိုင်းနား ဇွန် ၁၂**

အမေရိကန်နိုင်ငံ မြောက်ကာရိုလိုင်းနားပြည်နယ်တွင် ကျင်းပသွားမည့် 2024 US Open ဂေါက်သီးရိုက်ပြိုင်ပွဲတွင် စပိန်ဂေါက်သီးရိုက်ကစားသမား ဂျွန်ရမ်း ပါဝင်ယှဉ်ပြိုင်မည် မဟုတ်ကြောင်း ပြိုင်ပွဲကျင်းပရေး ကော်မတီက ယနေ့တွင် ထုတ်ပြန်ခဲ့ကြောင်း သိရသည်။

ဂျွန်ရမ်းသည် ခြေဖဝါးဒဏ်ရာကြောင့် ပြိုင်ပွဲမှနုတ်ထွက်ရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်ပြီး ပြိုင်ပွဲဝင်ရန် ဆန္ဒရှိနေသော်လည်း ဆရာဝန်များ၏ အကြံပြုချက်ကြောင့် ပြိုင်ပွဲမှ နုတ်ထွက်ရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်ကြောင်းလည်း ၎င်းက ပြောကြားခဲ့သည်။

ဂျွန်ရမ်းသည် LIV Golf အဖွဲ့ချုပ်ဖြင့် ပူးပေါင်းခဲ့ပြီးနောက် LIV Golf တွင် အောင်မြင်မှုရယူထားနိုင်ခြင်းမရှိသေးသလို ပါဝင်ယှဉ်ပြိုင်ခွင့်ရခဲ့သော PGA Tour များတွင်လည်း အောင်မြင်မှုရယူထားခြင်းမရှိသေးသည့် ကစားသမားတစ်ဦးဖြစ်သည်။

ဂျွန်ရမ်းသည် US Open ဂေါက်သီးရိုက်ပြိုင်ပွဲတွင် အောင်မြင်မှုရယူနိုင်ရန် ပစ်မှတ်ထားနေသလို ဂေါက်သီးရိုက်လောက၏ အရှိန်အဝါရှိသည့် ပြိုင်ပွဲတစ်ရပ်ဖြစ်သည့်အတွက် ပြိုင်ပွဲတွင် မဖြစ်မနေပါဝင်ယှဉ်ပြိုင်သွားရန် ဆုံးဖြတ်ထားသော်လည်း ဒဏ်ရာအခြေအနေမှာ အနားယူရန် လိုအပ်နေပြီး အနားမယူဘဲ ပြိုင်ပွဲဝင်မည်ဆိုပါက ဒဏ်ရာအခြေအနေမှာ ကာလရှည် အနားယူရဖွယ် ရှိသည့်အတွက်ကြောင့်လည်း ပြိုင်ပွဲမှနုတ်ထွက်ရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

စပိန်ဂေါက်သီးရိုက် ကစားသမားဂျွန်ရမ်းက "ကျွန်တော့်ရဲ့ ခြေဖဝါးဒဏ်ရာ အခြေအနေနဲ့ ပတ်သက်ပြီးတော့ ဆရာဝန်တွေနဲ့ အကြိမ်ကြိမ် စစ်ဆေးမှုတွေပြုလုပ်ခဲ့တယ်။ ဆရာဝန်တွေက ဒဏ်ရာအခြေအနေဟာ အနားယူဖို့လိုအပ်နေပြီး လှုပ်လှုပ်ရှားရှားလုပ်ဖို့ အဆင်မပြေနိုင်တဲ့ အကြောင်း အကြံပြုလာတယ်။ ဒီပြိုင်ပွဲဟာ ကျွန်တော်အနှစ်သက်ဆုံး ပြိုင်ပွဲတွေထဲမှာပါဝင်တယ်။ ဒါပေမဲ့လဲ ဒဏ်ရာ အခြေအနေကြောင့် ကျွန်တော်သဘောကျတဲ့ ပြိုင်ပွဲကနေနုတ်ထွက်ဖို့ ဝမ်းနည်းစွာနဲ့ ဆုံးဖြတ်လိုက်ရတယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

**Ref : RT**

**Trs : AZL**

# မြန်မာကို ကမ္ဘာကသိစေဖို့ (၃)

**လင်းလက်**

**ပေးဆပ်သူတို့နှလုံးသား**

"ငါ့နိုင်ငံတော်၊ ငါ့နိုင်ငံသား၊ ငါ့တပ်မတော်အတွက် ငါ၏အသက်ကို စွန့်လွှတ်ရန် အဓိဋ္ဌာန်ပြုပါ၏" ဆိုသည့် သစ္စာတရားကို ဦးထိပ်ပန်ဆင်ထားလျက် အသက်နှင့်ခန္ဓာကို ပြည်သူလူထုအတွက် ပေးဆပ်ထားပြီးဖြစ်သည့် တပ်မတော်သားတို့၏ နှလုံးသားသည် မွန်မြတ်သန့်စင်လှသည်။ လူတစ်ရာလျှင် တစ်ယောက်မလျှောက်ဝံ့သော ယောကျ်ားကောင်း ယောကျ်ားမြတ်တို့၏ လျှောက်သောလမ်းတွင် ရဲရဲဝံ့ဝံ့ လျှောက်လှမ်းနေကြသူများဖြစ်သည်။ နိုင်ငံသူ၊ နိုင်ငံသားတို့ အေးချမ်းသာယာစွာနေထိုင်နိုင်ရန်အတွက် ကြမ်းတမ်းသောလမ်းတွင် ဖွဲမလျှော့ဘဲ လျှောက်လှမ်းနေကြသူများဖြစ်သဖြင့် ပြည်သူများ၏ နှလုံးသားကို သိမ်းပိုက်ထားနိုင်ကြသူများလည်းဖြစ်သည်။

မကြာမီကာလတွင် လုပ်ဝေဆာစွာ ပွင့်လန်းလာကြမည့် နိုင်ငံ၏ အနာဂတ်တော်ဝင်ပန်းကလေးများဖြစ်သည့် လူငယ်များ၏စိတ်တွင် မျိုးချစ်စိတ်ဓာတ်များ ရှင်သန်ကိန်းအောင်းရန် လိုအပ်သည်။ ကိုယ်ကျိုးမဖက်ဘဲ အများအကျိုးအတွက် ပေးဆပ်လိုစိတ်ရှိသူများ၏ မွေ့လျော်ရာအရပ်ဖြစ်သည့် တပ်မတော်၏ရင်ခွင်တွင် ခေတ္တခိုဝင်ခွင့်ရမည့်အခွင့်အရေးကို လူငယ်များ လက်လွတ်မခံသင့်ပေ။ စစ်သည်တော်တိုင်း တစ်ဦးချင်းအနေဖြင့် ပြုကျင့်ရမည့်ကျင့်ဝတ် ၂၀ ပါး သည် လူငယ်များဘဝအတွက် အမှားကင်းကင်းဖြင့် ရပ်တည်ပေးနိုင်ရေး တည့်မတ်ပေးမည့် အရာများပင်ဖြစ်သည်။ လူငယ်များအနေဖြင့် ပြည်သူ့စစ်မှုထမ်းသင်တန်းများတွင် သင်ကြားပို့ချပေးမည့် ပညာရပ်များကို နှံ့စပ်သေချာစွာလေ့လာမည်ဆိုပါက ဘဝလမ်းကို ခွန်အားအပြည့်ဖြင့် လျှောက်လှမ်းနိုင်ကြမည်ဖြစ်သည်။

**ကာယဗလပြည့်ဝရေး**

လူငယ်မျိုးဆက်သစ်များအတွက် ခန္ဓာကိုယ်ကျန်းမာကြံ့ခိုင်ခြင်းတည်းဟူသော ကာယဗလပြည့်စုံနိုင်ရေးသည် အရေးကြီးသည်။ ကျန်းမာသန်စွမ်းသော ခန္ဓာကိုယ်ကို ပိုင်ဆိုင်သူသည် မိမိအလိုရှိရာ အလုပ်များကို စိတ်သွားတိုင်း ကိုယ်ပါ၍ ကြိုးစားဆောင်ရွက်နိုင်မည်ဖြစ်သည်။ စွမ်းရည်သုံးရပ်ဖြင့် ပြည့်စုံရသည့် တပ်မတော်သားဘဝတွင် စစ်သည်တော်တိုင်း တစ်ဦးချင်းအနေဖြင့် ပြုကျင့်ရမည့် ကျင့်ဝတ် ၂၀ ပါး ပါ "ကျန်းမာအောင်နေပါ၊ သန်စွမ်းအောင်လေ့ကျင့်ပါ" ဟူသော အချက်သည် လူငယ်များ ဘဝတစ်သက်တာအတွက် လိုက်နာကျင့်ကြံရမည့်အရာများပင်ဖြစ်သည်။ ပြည်သူ့စစ်မှုထမ်းသင်တန်းသားဘဝကတည်းက အချိန်မှန်မှန်အိပ်၊ အချိန်မှန်မှန်စား၊ အချိန်မှန်မှန်လေ့ကျင့်သင်ကြားဆိုသည့် စည်းကမ်းများဖြင့် သေသပ်စွာနေထိုင်ကြလျှင် စိတ်ရောကိုယ်ပါ ကျန်းမာကြံ့ခိုင်လာကြမည်ဖြစ်သည်။ ထိုအလေ့အကျင့်များကို သင်တန်းသားဘဝ၊ တပ်မတော်သားဘဝမှသည် တစ်သက်တာကာလပတ်လုံး လိုက်နာကျင့်သုံးသွားကြရန် တိုက်တွန်းလိုသည်။

စိတ်ဓာတ်ရေးရာ ခိုင်မာအားကောင်း၍ စည်းကမ်းတကျနေထိုင်ကြရသည့် ပြည်သူ့စစ်မှုထမ်းသင်တန်းသားဘဝတွင် ဖြတ်သန်းပြီးကြသည့် လူငယ်တိုင်းသည် မိဘမောင်ဖွားများနှင့် တိုင်းသူပြည်သားတို့ အားကိုးရသည့် သားကောင်းရတနာများဖြစ်လာကြမည်ဖြစ် သည်။ မိဘရင်ခွင်တွင် နေထိုင်စဉ်က လွတ်လပ် ပေါ့ပါးစွာ ဖြတ်သန်း၍ ဘဝနိဒါန်းကို ပေါ့လျော့စွာ ကုန်ခန်းကြခဲ့သူ လူငယ်များသည်ပင် ပြည်သူ့စစ်မှုထမ်းသင်တန်းက တည့်မတ်ပြုပြင်သင်ကြားပေးလိုက်သည့်အခါ ကျန်းမာပျော်ရွှင်၍ တန်ဖိုးရှိစွာ ဘဝနေထိုင်နည်းကို သိရှိလာကြမည်ဖြစ်သည်။ သင်တန်းသားဘဝသည် ယူတတ်လျှင်ကား မိမိဘဝအတွက် အမြတ်တွေချည်းပင်ဖြစ်သဖြင့် ခွင့်သာခိုက်တွင် အလိုက်သင့် လိုက်ပါစီးမျောရန် သာလိုသည်။

**မူးယစ်ကင်းစင်ဘဝတွင်**

အရာရာကို လက်တည့်စမ်းကြည့်ချင်၊ လုပ်ကြည့်ချင်ကြသည့် လူငယ်များအတွက် အရက်သေစာနှင့် မူးယစ်ဆေးဝါးတို့၏ အန္တရာယ်ကလည်း ကြောက်မက်ဖွယ်ကောင်းအောင် ခြိမ်းခြောက်၍နေပေသည်။ မူးယစ်ဆေးဝါးကြောင့် ဘဝပျက်ရခြင်း၊ လူမှုပတ်ဝန်းကျင်က ထွက်ခွာရခြင်း စသည့် ဘဝခါးခါးကို ကြုံတွေ့ကြရသည့် လူငယ်များ၏သတင်းများကို ကံမကောင်းစွာ ကြားရ၊ သိရသည့်အခါ ရင်နာလှသည်။ အနာဂတ်အတွက် လန်းဆန်းစွာဖူးပွင့်ကြရမည့် တော်ဝင်ပန်းကလေးများကို ညှိုးနွမ်းသွားအောင် ရိုက်ချက်ပြင်းပြင်းဖြင့် ပျက်စီးခြင်းချောက်ကမ်းပါးသို့ တွန်းချနေသည့် မူးယစ်ဆေးဝါးများ၏အန္တရာယ်ကို မိဘအုပ်ထိန်းသူများက စိုးရိမ်နေကြရသည်။

စည်းကမ်းသည် အသက်ဟု တင်စားရလောက်အောင်ပင် စည်းကမ်းတကျနေထိုင်ကြရသည့် ပြည်သူ့စစ်မှုထမ်းသင်တန်းသားဘဝသို့ ရောက်နေကြရသည့် သားကောင်းရတနာများအတွက်မူ မိဘအုပ်ထိန်းသူများ စိုးရိမ်စိတ်ထားရန်မလိုပေ။ စစ်သည်တော်တိုင်း တစ်ဦးချင်းအနေဖြင့် ပြုကျင့်ရမည့် ကျင့်ဝတ် ၂၀ ပါးတွင် "မူးယစ်ဆေးဝါးသုံးစွဲခြင်း၊ အရက်သေစာသောက်စားခြင်းနှင့် လောင်းကစားခြင်းရှောင်ပါ"ဟု တားမြစ်ထားပြီးဖြစ်သည်။ သင်တန်းသားဘဝဖြတ်သန်းနေကြရသည့် လူငယ်များအနေဖြင့် ဆေးလိပ်၊ ကွမ်းယာက အစပြု၍ မူးယစ်ဆေးဝါးဆိုသည့် အရာကိုယောင်၍ပင် ကိုင်မကြည့်မိသည့်စိတ်မျိုး ကိန်းအောင်းသွားမည်မှာ မြေကြီးလက်ခတ်မလွဲပင်ဖြစ်သည်။

**ကမ္ဘာနှင့် ရင်ပေါင်တန်းနိုင်ဖို့**

"ပါးစပ်ကသာ တိုင်းပြည်ကိုမချစ်ဘဲ အလုပ်ဖြင့် တိုင်းပြည်ကိုချစ်ပါ" ဆိုသည့် တပ်မတော်သားဘဝ စစ်သည်တော်တစ်ဦးအနေဖြင့် ပြုကျင့်ရမည့်ကျင့်ဝတ်ကဲ့သို့သော စံနှုန်းများကို ပြည်သူ့စစ်မှုထမ်းသင်တန်းများက မှန်ကန်တည့်မတ်စွာ သင်ကြားပေးခြင်းကို ခံယူလိုက်ကြရသည့် လူငယ်များသည် တိုင်းပြည်ကို အမှန်တကယ်ချစ်မြတ်နိုးသည့်စိတ် ကိန်းအောင်းသွားမည်မှာ အမှန်ပင်ဖြစ်သည်။ ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ထား၍ နေ့မအား ညမအားကြိုးစားနေကြရသည့် တပ်မတော်သားဘဝကို ခေတ္တပင်ရစေကာမူ ရလိုက်သည့်လူငယ်များသည်ကား အမျိုးသားရေးစိတ်များ နိုးကြားနေမည်ဖြစ်သည်။ ကိုယ်၊ နှုတ်၊ နှလုံးသုံးပါးစလုံး ယဉ်ကျေးပြေပြစ်စွာဖြင့် ပြုမူ၊ ပြောဆို၊ လုပ်ကိုင်တတ်ကြသူများအဖြစ်သို့ ရောက်ရှိလာကြမည့် လူငယ်များ၏လက်တွင် မြန်မာ့အနာဂတ်သည် ဝင်းလက်တောက်ပနေမည်ဖြစ်သည်။

တပ်မတော်သားတစ်ဦးနှင့် သာမန်အရပ်သားတစ်ဦး၏ ပြုမူ၊ ပြောဆို၊ လုပ်ကိုင်ဆောင်ရွက်မှုများသည် ကွဲပြားခြားနားကြသည်။ အသက်ကိုပင် ပဓာနမထားဘဲ အမျိုးသားရေးစိတ်ဓာတ်ဖြင့် နိုင်ငံနှင့်လူမျိုးအတွက် ပေးဆပ်လိုသူတစ်ဦးအဖြစ်သို့ လူငယ်တိုင်း ရောက်ရှိကြမည့်နည်းလမ်းမှာ ပြည်သူ့စစ်မှုထမ်းဥပဒေအရ စစ်ပညာသင်ကြားပေးခြင်းသာဖြစ်သည်။ ကမ္ဘာနှင့် ရင်ပေါင်တန်း၍ ကမ္ဘာ့နိုင်ငံရေးပင်လယ်ပြင်တွင် မြန်မာဟူသောသင်္ဘောကြီးကို ရွက်လွှင့်ကြမည့် လူငယ်များအနေဖြင့် စွန့်လွှတ်စွန့်စားဝံ့သည့် ရဲစွမ်းသတ္တိတို့ဖြင့် ပြည့်စုံကာ ကြုံလာသမျှသော အခက်အခဲတိုင်းကို ရင်ဆိုင်ကျော်ဖြတ်ရဲသည့် စွမ်းအားရှိရန်လိုသည်။ ထိုကဲ့သို့ ဘက်စုံထူးချွန်သည့် လူငယ်များဖြစ်လာစေရေးအတွက် ပြည်သူ့စစ်မှုထမ်းသင်တန်းများက သင်ကြားပေးမည်မှာ မလွဲကေန်အမှန်ပင်ဖြစ်သည်။

> ❖ "ပါးစပ်ကသာ တိုင်းပြည်ကိုမချစ်ဘဲ အလုပ်ဖြင့် တိုင်းပြည်ကိုချစ်ပါ"ဆိုသည့် တပ်မတော်သားဘဝ စစ်သည်တော်တစ်ဦးအနေဖြင့် ပြုကျင့်ရမည့်ကျင့်ဝတ်ကဲ့သို့သော စံနှုန်းများကို ပြည်သူ့စစ်မှုထမ်းသင်တန်းများက မှန်ကန်တည့်မတ်စွာ သင်ကြားပေးခြင်းကို ခံယူလိုက်ကြရသည့် လူငယ်များသည် တိုင်းပြည်ကို အမှန်တကယ်ချစ်မြတ်နိုးသည့်စိတ် ကိန်းအောင်းသွားမည်မှာ အမှန်ပင်ဖြစ်သည်။ ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ထား၍ နေ့မအား ညမအားကြိုးစားနေကြရသည့် တပ်မတော်သားဘဝကို ခေတ္တပင်ရစေကာမူ ရလိုက်သည့်လူငယ်များသည်ကား အမျိုးသားရေးစိတ်များ နိုးကြားနေမည်ဖြစ်သည်။ ❖

**ပဥ္စဝမင်းသားထုံး နှလုံးမူဖို့**

ကမ္ဘာ့နိုင်ငံရေးဇာတ်ခုံပေါ်တွင် မိတ်ကောင်းဆွေကောင်းပီသစွာ လက်တွဲခေါ်ကြသည့်နိုင်ငံများ ရှိသကဲ့သို့ ဇာတ်သိမ်းမလှစွာ နိုင်ငံရေးဇာတ်ခုံပေါ်က ကမောက်ကမပြုတ်ကျသွားစေရန် တွန်းချလိုကြသည့် နိုင်ငံများကလည်း ရှိနေပြန်သည်။ ထို့ကြောင့် မျိုးဆက်သစ်လူငယ်များအနေဖြင့် နိုင်ငံတော်ဘက်စုံထောင့်စုံအင်အားတောင့်တင်းလာမည့် လမ်းကြောင်းပေါ်တွင် ရဲရဲဝံ့ဝံ့လျှောက်လှမ်းကြရန် တိုက်တွန်းလိုသည်။ "ရဲသော်မသေ သေသော်ငရဲမလား" ဆိုသည့်စကားကို လက်ကိုင်ထား၍ အသက်ကို ပဓာနမထားဘဲ မိမိအလိုရှိရာ မှန်ကန်သောလမ်းသို့ ပဥ္စဝမင်းသားထုံး နှလုံးမူ၍ လျှောက်လှမ်းသွားကြရန်သာဖြစ်သည်။

ရှေးအခါက တက္ကသိုလ်ပြည်သို့ သွားရောက်ကာ ယောကျ်ားကောင်းတို့ တတ်မြောက်အပ်သော အဋ္ဌာရသ ၁၈ ရပ်ကို သင်ကြားတတ်မြောက်ပြီး၍ ဗာရာဏသီပြည်သို့ ပြန်လာသည့် ပဥ္စဝမင်းသားသည် ၎င်း၏အိမ်အပြန်ခရီးလမ်းတွင် ဖြတ်သန်းသွားလာသူမှန်သမျှကို သတ်ဖြတ်စားသောက်နေသည့် သိလေသလောမ ဘီလူးရှိသည့်တောကို ဖြတ်သန်းသွားရမည့်စိန်ခေါ်မှုကို ရင်ဆိုင်ရသည်။ အများသူငါ တားသည့်ကြားကပင် ဘာကိုမှ မကြောက်သည့်သတ္တိဖြင့် တောအုပ်ကိုဖြတ်ပြီး ဘီလူးနှင့်တွေ့သည့်အခါ ပါလာသည့် လေး၊ မြား၊ တောင့်၊ သန်လျက်၊ ဆောက်ပုတ် ဆိုသည့် လက်နက်ငါးပါးဖြင့် ဘီလူးကို တိုက်ခိုက်သည်။ သိလေသလောမဘီလူးသည် စေးထန်းသောအမွေးများရှိပြီး ထိုအမွေးဖြင့် ငြိစေ၍ ၎င်း၏ပိုင်နက်အတွင်း ရောက်ရှိလာသူတို့ကို ဖမ်းစားတတ်သည့် ဘီလူးဖြစ်သဖြင့် မင်းသား၏ လက်နက်ငါးပါးသည် ဘီလူး၏ အမွေးများတွင်သာ ငြိ၍ ကုန်သည်။

မင်းသားကား ဖွဲသတ္တိကို မလျှော့ဘဲ "ငါသည်ကား လက်နက်အားကိုးဖြင့် သင့်ကို ရင်ဆိုင်နေသူမဟုတ် ငါ၏ကိုယ်ပိုင်အစွမ်းအစဖြင့် သင့်ကို ရင်ဆိုင်သူသာဖြစ်သည်" ဟု ကြုံးဝါးကာ "ဦးခေါင်း၊ ခြေ၊ လက်တို့ဖြင့် တွန်းတိုက်တိုက်ခိုက်ပြန်သော်လည်း မင်းသားတစ်ကိုယ်လုံး လှုပ်၍မရအောင်ပင် ဘီလူး၏အမွေးများ၌ ငြိ၍ နေကုန်၏။ လှုပ်၍ပင်မရဘဲ ဘီလူးစားခံရမည့်အခြေအနေသို့ ရောက်ရှိနေသည့်မင်းသားကား ကြောက်ရွံ့တုန်လှုပ်ခြင်းအမှုကို မပြုဘဲ တည်ငြိမ်စွာရှိနေသည်ကို ဘီလူးမြင်သော် လွန်စွာအံ့သြ၍ "အသင်လူသား ငါစား၍ အသင်သေရမည်ကို မကြောက်သလော" ဟု မေးလေ၏။ မင်းသားကလည်း မဆိုင်းမတွပင် "ငါ့ကို စား၍ ငါကား သင့်၏ဝမ်းအတွင်းသို့ ရောက်အံ့၊ ငါ သေအံ့၊ သို့သော် ငါ၏ဝမ်းတွင်း၌ရှိသော ဝရဇိန်လက်နက်သည်ကား သင်၏အူတို့ကို အပိုင်းပိုင်းဖြတ်၍ သင့်ကို သေခြင်းသို့ ဆိုက်ရောက်စေအံ့၊ နှစ်ယောက်စလုံး သေရမည်ဖြစ်သဖြင့် ငါမကြောက်" ဟု ရဲဝံ့စွာ ပြန်လည်ပြောဆိုလိုက်သည်။

အမှန်စင်စစ်တွင်မူ ပဥ္စဝမင်းသား၏ ဝမ်းတွင်းတွင် ဝရဇိန်လက်နက်ဆိုသည်ကား မရှိပေ။ မင်းသားက ၎င်း၏ ရင်တွင်း၌ရှိသော ဉာဏ်ပညာနှင့် ခွန်အားတို့ကို ဘီလူးစား၍မရသော၊ မည်သူတစ်ဦးတစ်ယောက်ကမျှ ဖျက်ဆီး၍မရနိုင်သော ဝရဇိန်လက်နက်ဟု ညွှန်းဆိုကာ ပြောလိုက်ခြင်းပင်ဖြစ်သည်။ ရက်စက်ကြမ်းကြုတ်၍ ခက်ထန်ကြမ်းတမ်းလှသော ဘီလူးပင်ဖြစ်သော်လည်း မင်းသား၏ ဖွဲ၊ သတ္တိနှင့် ခွန်အားတို့ကို အရှုံးပေးကာ မင်းသားကိုမစားရဲဘဲ လွှတ်လိုက်ရသည်။ မြန်မာလူငယ်များအနေဖြင့်လည်း ပဥ္စဝမင်းသားထုံး နှလုံးမူ၍ ယောကျ်ားကောင်းတို့ တတ်အပ်သောအတတ်ပညာများကို သင်ကြားပေးမည့် ပြည်သူ့စစ်မှုထမ်းသင်တန်းများကို တက်ရောက်ကာ ပညာရည်ပြည့်ဝသည့် လူငယ်များအဖြစ် ရပ်တည်၍ ကြုံလာသမျှသော ပြည်ပရန်စွယ်မှန်သမျှကို ရဲရဲဝံ့ဝံ့ ရင်ဆိုင်သွားကြရန် တိုက်တွန်းလိုသည်။

**မေတ္တာအမှာစကား**

ပြည်သူများက ထာဝရလေးစားရသည့် တပ်မတော်သားဘဝရလာကြသူများသည် ခလေ့စရိုက်ပေါင်းစုံ၊ ပတ်ဝန်းကျင်မျိုးစုံ၊ ဘဝမျိုးစုံတွင် ကျင်လည်ခဲ့ကြသူများဖြစ်သော်လည်း တပ်မတော်အရိပ်အောက်ရောက်သည့်အချိန်ကစ၍ ဥမကွဲသိုက်မပျက် စည်းလုံးညီညွတ်စွာဖြင့် နိုင်ငံတော်ကာကွယ်ရန်အတွက် ဆိုသည့် ပေးဆပ်လိုသော စိတ်တစ်ခုတည်းဖြင့်သာ ဘဝကို ဖြတ်သန်းကြတော့သည်။ "ငါ့သားများ စစ်ထဲဝင်ရင်လေ သူ့ကို ပြောလိုက်စမ်းပါကွာ၊ စစ်တပ်ဆိုတာ အမှန်သာလိုက်နာနိုင်ရင် တကယ့်ယောကျ်ားမြတ်ဖြစ်စေနိုင်တဲ့တရားတွေကို သင်ကြားပေးတဲ့ ကျောင်းကြီးပေါ့" ဆိုသည့် စစ်သည်တော်ဟောင်းတစ်ဦး၏ အမှာစကားနှင့်အညီ ပြည်သူ့စစ်မှုထမ်းဥပဒေအရ စစ်ပညာသင်ကြားကြမည့် မျိုးဆက်သစ်လူငယ်များကို တစ်ဆင့်စကားဖြင့် မှာကြားလိုသည်။

တပ်မတော်ဆိုသည်မှာ စည်းကမ်းသေဝပ်မှုနှင့် အမိန့်နာခံမှုတို့တွင် စံနမူနာပြုရသည့် အဖွဲ့အစည်းတစ်ရပ်ဖြစ်ပြီး အပါး ၆၀ သော စစ်သည်တော်ကျင့်ဝတ်များကို နေ့စဉ် စောင့်ထိန်းရသောအဖွဲ့အစည်းတစ်ခုဖြစ်သည်။ အမျိုးသားရေးစရိုက်လက္ခဏာများကို အစဉ်တန်ဖိုးထားပြီး ကိုယ်ကျိုးစွန့် အနစ်နာခံကာ တိုင်းပြည်နှင့်လူမျိုးအကျိုးအတွက် အချိန်အခါမရွေး၊ နေရာဒေသမရွေး၊ ရာသီဥတုမရွေးပေးဆပ်နေကြသည့် တပ်မတော်သားများဘဝကို ကံကောင်းအကြောင်းလှ၍ရလာသည့်အခိုက်အတန့်ကို ထိရောက်အကျိုးရှိစွာ အသုံးချကာ အနာဂတ်မြန်မာနိုင်ငံတော်ကြီး သာယာလှပစွာဖြင့် ကမ္ဘာ့အလယ်တွင် ဂုဏ်ဝင့်ထည်နိုင်ရေးအတွက် ပေးဆပ်ကြမည့် လူငယ်မျိုးဆက်သစ်တော်ဝင်ပန်းကလေးများဖြစ်ကြပါစေကြောင်း အမှာစကားပါးကာ ရေးသားလိုက်ရပါသည်။

**ကိုးကား**

– **နေ့စဉ်ထုတ်သတင်းစာများ။**

# Vice Chairman of State Administration Council Deputy Prime Minister Vice-Senior General Soe Win addresses coordination meeting of Steering Committee to hold Myanmar National Education Conference (2024)



Vice-Senior General Soe Win addresses coordination meeting of Steering Committee to hold Myanmar National Education Conference (2024).

**Nay Pyi Taw June 12**

The Steering Committee to hold Myanmar National Education Conference (2024) held a coordination meeting at the Ministry of Education here this afternoon, addressed by Chairman of the steering committee Vice Chairman of State Administration Council Deputy Prime Minister Vice-Senior General Soe Win.

Present were union ministers, the Nay Pyi Taw Council chair, deputy ministers, Nay Pyi Taw Council member, permanent secretaries, directors general and officials.

In his speech, the Vice-Senior General said SAC of Republic of Union of Myanmar is implementing the nine adopted objectives, and to successfully implement the social objectives: **To implement a multi-education system that addresses all segments of society, nurturing intellectual and intelligent capacities among the entire population and producing a significant pool of skilled technicians crucial for the manufacturing sector; and To nurture the youth sector, bringing out versatile, physically strong, knowledgeable, morally upright, socially adept and economically empowered young individuals, poised to lead the nation's development efforts,** it had successfully organized the first Myanmar National Education Conference (2023) in accord with the theme: **Improving future education.**

The goals of this year's conference are: emergence of youths who love their country, production of qualified intellectuals, development of various branches of vocational education that supports production, continuous improvement of teachers' qualifications, development of research and innovation, and further strengthening of a quality-guaranteed education system.

This year's conference will be held for three days from 25 to 27 June at MICC-II with the theme: **Greater promotion of education for human resources development.** In order to organize the conference in accord with the theme, the steering committee was formed with union ministers of 13 ministries and Nay Pyi Taw Council, deputy ministers and officials, and a work committee and 11 subcommittees were also set up. The work committee and subcommittees had already held meetings. As the country's education sector is being implemented by MoE and related ministries area wise, the related ministries must realize their relations with the conference. The meeting invited collective suggestions and discussions.

This year's conference will review the work programs initiated by the first conference, and parallel sessions on the quality assurance sector in addition to basic education, higher education, vocational education, teaching knowledge, and research and innovation sectors. There will be six sectors and six papers will be presented for each section. Paper-wise and discussion-wise future work programs will be realized after a review of the results of the discussions. Discussions must be held in all seriousness till methods to ensure success and overcome challenges and future programs come out. During the previous conference 42 papers were read for five sectors, and this year 36 papers will be presented for six sectors. But the numbers do not matter, only the results matter. There are successes as well as ongoing tasks in implementing the review recommendations of the previous conference. Likewise, at this year's conference the results of discussion must be reviewed and collective discussions must be concentrated on achieving good education results and fine education foundations for future generations.

Ministry-wise recommendations on the work programs realized by the previous conference must be implemented till success is achieved. In order to maintain the success for its sustainability, sector-wise short-term and long-term plans must the materialized. Only then, will the conference be supportive of finding better answers, accurate statistics and fine results for the posterity.

The State Administration Council is making concerted efforts to enhance the nation's education standards, which is well known to everyone. These efforts include ensuring that all school-age children attend school and complete the KG+9 program, expanding basic education and vocational high schools in industrial, agricultural, and livestock sectors, opening the Naypyitaw State Academy, providing administrative and financial support, conducting capacity-building training, increasing literacy rates, and promoting reading habits. These are significant examples of the government's dedication. It is not only the government's efforts but also the collective understanding and support of the people towards the value of education that will achieve the nation's educational goals.

The education of the youth, who will bear the responsibility of carrying the nation forward, must be of the highest quality. To achieve this goal, the current education conference is being held. It is crucial for all stakeholders to work together towards the success of this national-level conference.

The Prime Minister has directed that the government prioritize education, healthcare, and other social sectors, aiming to surpass the current standards and achieve excellence. In line with this directive, efforts are being made to provide the necessary resources to ensure success in each relevant sector. Similarly, the respective ministries are urged to effectively implement their assigned responsibilities to achieve success.

The Ministry of Education has convened four preliminary meetings of the steering committee in preparation for the successful convening of the Education Conference (2024). During these meetings, tasks were distributed among the relevant ministries, including the selection of paper topics, the presentation of papers by ministries, and the preparation of exhibitions. The organizers encourage the composition of a theme song for the Education Conference (2024) that effectively captures the essence of the conference's objectives. The outcomes of the Education Conference (2024) should contribute to the advancement of Myanmar's education system. All ministries are urged to work together diligently and fulfill their respective roles and responsibilities to ensure the success of the 2024 Myanmar National Education Conference. Participants are encouraged to actively engage in discussions and contribute to the successful convening of the congress.

Steering Committee Secretary Union Minister for Education Dr. Nyunt Pe and Work Committee Secretary 1 Permanent Secretary of the Ministry of Education Dr Soe Win clarified the objectives of the conference (2024), the formation of committees and their responsibilities and preparations for the successful holding the conference.

After that, officials from the Security Subcommittee, the Document Acceptance and Verification Subcommittee, the Exhibits Arrangement Subcommittee, the Invitation and Reception Subcommittee, the Ceremony Preparation Subcommittee, the Hospitality and Dinner Organization Subcommittee, the News and Information Subcommittee, the Documentation and Subcommittee, the Entertainment Subcommittee, the Health Subcommittee, and the Finance Subcommittee explained their completed tasks and the necessary coordination efforts required to successfully hold the Myanmar National Education Conference (2024).

Afterwards, those in present reported on their respective sectors for the conference.

The Vice-Senior General coordinated the needs for the discussions, give a concluding remark and ended the meeting. 100

# Plans underway to sell apartments from Thilawa, Kanaung housing projects with loans


Photo shows housing blocks.

**Yangon June 12**

The Ministry of Construction stated that plans are underway to sell apartments from Thilawa, Kanaung housing projects with housing loan system in June.

Kanaung low-cost housing project is being implemented in Ward 89 of Dagon Myothit (Seikkan) Township in Yangon Region. Thilawa low-cost housing project is being implemented near local industrial zone and TSEZ on Thilawa special development road in Kyauktan Township.

Urban and Housing Development Department is taking responsibilities for construction of the projects. A total of 380 apartments from 11 completed buildings of two projects will be sold to residents at reduced prices in June this year.

In this regard, those who have saved more than K3 million at the housing savings at the Housing and Infrastructure Development Bank up to 31 December 2023 will have the chance to buy the apartment. So far, 2,189 savings account owners are listed for purchase of apartments.

They have a chance to list to buy apartments through DUHD Sale Housing" Facebook Page. If they cannot list it due to various reasons, they can list at the SMS to 09-795824722. Listing of nomination will be accepted from 9.30 am to 4 pm from 10 to 14 June.

Apartments will be sold through drawing lot system on 21 June. Those on the list do not have chance to list any more. They do not have chance to choose building number and apartment number. Those on the earlier list will have chance to join the draw-lot system.

For further information, dial 067-3407527 and 09-795824722 of the department, 01-8370124 and 01-8370125 of Home Loan Centre of CHID Bank and 09-401010810 and 09-401010820 of the call centre. 336

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ ammunition is tantamount to protecting the lives and property of innocent people.

# Plan underway to conduct training course for creation of mango value-added products

**Mandalay June 12**

A training course will be conducted for enthusiasts to make value-added products with the use of mango for the export purpose in Mandalay Region, said secretary U Kyaw Soe Naing of Myanmar Mango Market and Technological Development Association (Mandalay Branch).

Mango from farms of Myanmar can be exported as the one-third of them. Hence, farmers need to produce value-added products with the use of mango to be sent to the market. The training course will be conducted by the association in cooperation with the Agriculture Department on 16 June.

"We have plans to conduct the training course on making quality value-added mango products. We will admit 30 trainees. The course will last for three days. Trainees must pay trainee fee. The products of trainees will be given back to them. They will be served meals. They have to join the theoretical works at the MRCCI Office and practical works at Htonbo Post-Harvest Training School. Farmers need to process their mangoes from their farms not to lose them. As these are value-added ones, the products can be preserved for many days. So, the training will give new techniques and knowledge to them," he added.

At the training, trainers will share their experiences with trainees how to preserve mango and mango products, and how to produce the mango value-added products with the modern packaging system. The value-added products will benefit trainees and mango farms farmers and owners. 185


Mangoes for sale at a market.

# More than 1,300 acres of winter groundnut harvested in Hkamti Township

**Hkamti June 12**

Hkamti Township Agriculture Department stated that a total of 1,350 acres of groundnut has been harvested in Khamti Township of Sagaing Region.

Local farmers started harvesting of groundnut plantation in February 2024, yielding 64.51 baskets per acre.

Daw Su Su Khaing, Head of Township Agriculture Department, said: "Local farmers have raped all plantations of winter groundnut in the township. They do not prefer to grow groundnut in monsoon but plant in winter."

In 2023-24 winter, the township earmarked cultivation of 750 acres of groundnut but local farmers exceeded their cultivation on 1,350 acres.

The township Agriculture Department helped local farmers use quality strains of groundnut and provide agricultural technique for double and mixed cropping patterns.

This year, agricultural staff conducted agricultural technique courses, field demonstrations, prevention of pests and applying post-harvest technology and sold urea fertilizers at fair prices. 206

# Kyaukmyaung to cultivate over 7,200 acres of corn in 2024-2025 monsoon Season

**Kyaukmyaung June12**

According to reports from the Department of Agriculture of Kyaukmyaung Sub-township in Shwebo District, Sagaing Region, this year's monsoon planting season will see the cultivation of 7,232 acres of seed and edible corn.

For the 2024-2025 monsoon planting season, 3,579 acres of seed corn and 3,653 acres of edible corn will be cultivated in Kyaukmyaung Sub-township, totaling 7,232 acres, starting from the second week of June.

"This year, during the monsoon planting season, we have planned to cultivate over 7,000 acres of seed and edible corn in Kyaukmyaung Sub-township. We will ensure that the cultivation is carried out according to the planned acreage. To achieve successful corn production, we will provide educational support and measures to prevent pest infestations," said Daw Khin Win, Head of the Department of Agriculture of Kyaukmyaung Sub-township.

In the 2023-2024 monsoon planting season, it was planned to cultivate 7,232 acres of seed and edible corn in the sub-township. From June to September 2023, 3,260 acres of seed corn and 3,654 acres of edible corn, totaling 6,914 acres, were cultivated.

In the sub-township, the yield per acre for seed corn is over 50 tins, with an estimated cost of 500,000 kyats per acre, and for edible corn, the yield is 15,000 ears per acre, with an estimated cost of over 500,000 kyats per acre. 206

# နိုင်ငံတကာစစ်မှုရေးရာအပြောပြော

## ရုရှားက ယူကရိန်းအထူးစစ်ဆင်ရေးတွင် မြေပြင်သွား Kamikaze ဒရုန်းနှစ်စီး စမ်းသပ်တပ်ဖြန့်



ရုရှားနိုင်ငံပိုင် ကာကွယ်ရေးစက်မှုလုပ်ငန်းကုမ္ပဏီတစ်ခုသည် ယူကရိန်းအထူးစစ်ဆင်ရေးအတွင်း မြေပြင်သွား Kamikaze ဒရုန်းနှစ်စီး စမ်းသပ်တပ်ဖြန့်ခဲ့ကြောင်း The Defense Post သတင်းဌာနက ဇွန် ၆ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

တီထွင်ထုတ်လုပ်သူမှာ High Precision Complexes Holding ကုမ္ပဏီဖြစ်ပြီး Depesha နှင့် Buggy ဟုအမည်ပေးထားသော မောင်းသူမဲ့မြေပြင်သွားယာဉ်များ(UGV)သည် စားနပ်ရိက္ခာ၊ လောင်စာဆီနှင့် ခဲယမ်းမီးကျောက်များ ပံ့ပိုးပေးခြင်းကဲ့သို့သော ရည်မှန်းချက်တာဝန်များကို ထမ်းဆောင်နိုင်ရန်အတွက် ဒီဇိုင်းထုတ်ထားကြောင်း သိရသည်။

ထို့ပြင် ၎င်းတို့သည် ဝန်တင်ဆောင်နိုင်မှုအလေးချိန်အနေဖြင့် ကီလိုဂရမ် ၁၅၀ (ပေါင် ၃၃၀)နှင့် ကီလိုဂရမ် ၂၅၀ (ပေါင် ၅၅၀) အသီးသီးသယ်ဆောင်နိုင်စွမ်းရှိကာ ဆေးဘက်ဆိုင်ရာ ဒဏ်ရာရစစ်သည်များ ကယ်ထုတ်ခြင်းနှင့် ဆေးကုသခြင်းများအတွက်လည်း အသုံးပြုနိုင်မည်ဖြစ်ကြောင်း သိရသည်။

ထို့ထက်ပိုအရေးကြီးသည်မှာ မောင်းသူမဲ့မြေပြင်သွားယာဉ်များကို ဖောက်ခွဲရေးပစ္စည်းများတပ်ဆင်ထားပြီး တပ်ဖွဲ့ဝင်များအခြေစိုက်နေရာများ၊ မြေအောက်ဘန်ကာများ၊ ကတုတ်ကျင်းများ၊ အခိုင်အမာခံစစ်ဆင်သည့်နေရာများ၊ လက်နက်ကြီးပစ်ခတ်သည့်နေရာများ စသည့်ရန်သူ့တပ်စခန်းအခြေချနေရာများထံ ဦးတည်၍မောင်းနှင်သွားနိုင်ကာ ဖောက်ခွဲတိုက်ခိုက်နိုင်မည်ဖြစ်ကြောင်း သိရသည်။

“ဒီ UGV တွေကို Kamikaze ဒရုန်းတွေအဖြစ် ပြောင်းလဲနိုင်ခဲ့ပြီး အထူးစစ်ဆင်ရေးဇရိယာမှာ စမ်းသပ်တပ်ဖြန့်ပြီးပါပြီ”ဟု ရုရှားနိုင်ငံပိုင် TASS သတင်းဌာနက ရေးသားဖော်ပြခဲ့သည်။

အခြား ရုရှားနိုင်ငံသတင်းဌာနဖြစ်သည့် RIA Novosti ၏အဆိုအရ တင့်၊ သံချပ်ကာယာဉ်များ၏ ရွေ့လျားစစ်ကစားမှုများကို အဟန့်အတားဖြစ်သည့်“နဂါးသွားများ” ဟု ခေါ်ဝေါ်သုံးနှုန်းလေ့ရှိသော အတားအဆီးများကိုဖယ်ရှားရှင်းလင်းရန် ကမ္ဘာ့ပထမဆုံး Kamikaze ဒရုန်းအဖြစ် အသုံးပြုနိုင်မည်ဖြစ်ကြောင်း သိရသည်။

အဆိုပါမောင်းသူမဲ့မြေပြင်သွားယာဉ်နှစ်စီးတွင် ချိန်းတပ်နှင့် ဘီးတပ် ပုံစံနှစ်မျိုးဖြင့် တွေ့မြင်ခဲ့ရသည်။ ချိန်းတပ်အမျိုးအစား Depesha UGV ကို Joystick နှင့် FPV (First person view)တွင် အသုံးပြုလေ့ရှိသော ဦးထုပ်များဖြင့် ထိန်းချုပ်မောင်းနှင်ထားပြီး ဘီးတပ်ထားသည့် Buggy UGV ကို Joystick နှင့် တက်ဘလက် တစ်လုံးတို့ဖြင့် ထိန်းကျောင်းမောင်းနှင်၍ တိုက်ပွဲဝင်လုပ်ဆောင်နိုင်မည်ဖြစ်သည်။

ရုရှားနိုင်ငံသည် Kamikaze ဒရုန်းများကို စမ်းသပ်တပ်ဖြန့်မည်ဟု ကြေညာခဲ့ချိန်တွင် ယူကရိန်းစစ်ဘက်သည် ရုရှားတပ်ရင်း၊ တပ်ဖွဲ့များ၏ အခိုင်အမာကတုတ်ကျင်းများကို တိုက်ခိုက်ရန်အတွက် ဖောက်ခွဲရေးပစ္စည်းများ တင်ဆောင်ထားသောဒရုန်းများကို တပ်ဖြန့်ခဲ့ကြောင်း သတင်းများထွက်ပေါ်ခဲ့ဖူးသည်။

မကြာသေးမီက ယူကရိန်း၏ ဒစ်ဂျစ်တယ်အသွင်ပြောင်းရေးဝန်ကြီး Mykhailo Fedorov က ယခုလအစောပိုင်းတွင် ယူကရိန်း Kamikaze ဒရုန်းသည် ရုရှားတို့အသုံးပြုနေသည့် အရှေ့ဘက် Donetsk ဒေသရှိ တံတားကိုဖောက်ခွဲဖျက်ဆီးရာတွင် ကူညီပေးခဲ့ကြောင်း ပြောကြားခဲ့သည်ဟု သိရသည်။ ထို့ပြင် ယူကရိန်း၏ ရန်ပုံငွေရှာဖွေရေး အဖွဲ့အစည်းတစ်ခုဖြစ်သည့် United 24 က လာမည့်လများအတွင်း မောင်းသူမဲ့မြေပြင်သွားယာဉ်ရာပေါင်းများစွာကို အမြောက်အမြားထုတ်လုပ်ရန် မတ်လတွင် ကြေညာခဲ့ကြောင်း သိရသည်။

**Russians Test, Deploy Kamikaze Ground Drones in Ukraine War ကို ဘာသာပြန်ဆိုထားပါသည်။**

## ဗြိတိန်နှင့် လတ်ဗီးယားနိုင်ငံက ယူကရိန်းအတွက် First-Person View ဒရုန်းများထုတ်လုပ်ရန် ဈေးပြိုင်တင်ဒါစနစ်ဖွင့်လှစ်

ဗြိတိန်နှင့် လတ်ဗီးယားနိုင်ငံ အစိုးရသည် ယူကရိန်းအတွက် မောင်းသူမဲ့လေယာဉ် ညွန့်ပေါင်းအစီအစဉ်အောက်တွင် First-Person View(FPV) ဒရုန်းစနစ်များအတွက် ဈေးပြိုင်တင်ဒါစနစ်ဖွင့်လှစ်၍ အဆိုပြုချက်တောင်းဆိုမှုလုပ်ငန်းစဉ်ကို စတင်ဆောင်ရွက်နေပြီဖြစ်သည်ဟု The Defense Post သတင်းဌာနက ဇွန် ၇ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

အဆိုပါ တင်ဒါလေလံဆွဲမှုသည် အမေရိကန်ဦးဆောင်သော ယူကရိန်းကာကွယ်ရေးအဆက်အသွယ်အဖွဲ့(UDCG)၏တစ်စိတ်တစ်ပိုင်းဖြစ်ပြီး ယူကရိန်းနိုင်ငံကို အကာအကွယ်ပေးရာတွင် အထောက်အကူပြုရန် နောက်ထပ်စစ်ရေးစွမ်းရည်များကို ကြိုးပမ်းဆောင်ရွက်ခြင်းလည်းဖြစ်သည်။

UDCG အဖွဲ့ကို လာမည့်လများအတွင်း ယူကရိန်းသို့ FPV ဒရုန်းများ သောင်းနှင့်ချီ ပံ့ပိုးပေးရန်အတွက် ယခုနှစ်အစောပိုင်းက ဗြိတိန်၊ လတ်ဗီးယားနှင့်ဆွီဒင်နိုင်ငံက ဖွဲ့စည်းတည်ထောင်ခဲ့သည်။

ဗြိတိန်နိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာန၏အဆိုအရ ရုရှားနိုင်ငံသည် ၂၀၂၂ ခုနှစ်တွင် ယူကရိန်းကို အထူးစစ်ဆင်ရေးစတင်လာကတည်းက အရှေ့ဥရောပတွင် FPV ဒရုန်းများ ဝယ်ယူဖြည့်တင်းရန်ဆုံးဖြတ်ချက်သည် ၎င်းတို့၏ တိုက်ပွဲဝင်ထိရောက်မှုအပေါ် အခြေခံဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါ FPV ဒရုန်းများသည် ရန်သူ၏တည်နေရာများကို ဖော်ထုတ်ရန်၊ သံချပ်ကာယာဉ်များနှင့် ရေယာဉ်များကို ဖောက်ခွဲရေးပစ္စည်းများဖြင့် တိုက်ခိုက်ဖျက်ဆီးရန် ယူကရိန်းစစ်ဘက်အတွက် ကြိုတင်သတိပေးရေးအခြေအနေများကို ပံ့ပိုးပေးနိုင်ကြောင်း အေဂျင်စီက ဖော်ပြခဲ့သည်။

ဖြစ်နိုင်ခြေရှိသော စက်မှုလုပ်ငန်းကုမ္ပဏီများသည် ၎င်းတို့၏ အဆိုပြုချက်များကို ဗြိတိန်ကာကွယ်ရေးဝန်ကြီးဌာန၏ သတင်းပေါ်တယ်တွင် ဇွန် ၂၈ ရက်ထိ တင်သွင်းနိုင်ကြောင်းလည်း သိရသည်။

ရွေးချယ်ခြင်းခံရမည့်ကုမ္ပဏီများသည် ယူကရိန်းသို့ FPV ဒရုန်းများပံ့ပိုးပေးရန် အမှာစာများ လက်ခံရရှိမည်ဖြစ်သည်။ ဤအဆင့်တွင် စစ်မြေပြင်ရှိ ဒရုန်းတပ်ဖွဲ့၏ စစ်ဆင်ရေးဆောင်ရွက်မှုများမှ တုံ့ပြန်ချက်များအပေါ် အခြေခံ၍ ပမာဏပိုမိုများပြားသော နောက်ဆက်တွဲအမှာစာများလိုက်ပါလာလိမ့်ဦးမည်ဖြစ်သည်။ ထို့နောက် ဗြိတိန်နှင့် လတ်ဗီးယားနိုင်ငံသည် စီမံကိန်း၏ ကနဦးအဆင့်မှ စုဆောင်းထားသော အချက်အလက်များကိုအသုံးချကာ တစ်နှစ်ပတ်လုံး နောက်ထပ် FPV ဒရုန်းများဝယ်ယူရေးအတွက် တင်ဒါပြိုင်ပွဲများကို ကျင်းပသွားမည်ဖြစ်သည်။

“ဒီပြိုင်ဆိုင်မှုက အနောက်အုပ်စုစက်မှုလုပ်ငန်းရဲ့စွမ်းအားကို အသုံးချပြီး သက်သာတဲ့နှုန်းထားနဲ့ ဒီဒရုန်းတွေကို အတိုင်းအတာတစ်ခုထိ ထုတ်လုပ်ဖို့ရည်ရွယ်ထားပါတယ်”ဟု ဗြိတိန်ကာကွယ်ရေးဝန်ကြီးဌာနက ပြောကြားခဲ့သည်။



လတ်ဗီးယားအစိုးရသည် UDCG အဖွဲ့ပဏာမခြေလှမ်းအတွက် ၎င်း၏ပထမဆုံးဒရုန်းများကို ဧပြီလတွင် လွှဲပြောင်းပေးအပ်ခဲ့သည်။ အစောပိုင်းတစ်လက ဗြိတိန်နိုင်ငံသည် နိုင်ငံ၏ ပံ့ပိုးမည့်အစီအစဉ်အတွက် ဒရုန်း ၁၀၀၀၀ ခန့်အတွက် အမေရိကန်ဒေါ်လာ ၁၅၅ ဒသမ ၆ သန်း အသုံးပြုရန် ကတိပြုခဲ့သည်။ ဖေဖော်ဝါရီလတွင် ကနေဒါနိုင်ငံသည် ယူကရိန်းနိုင်ငံအတွက် Teledyne FLIR ဒရုန်းအစင်း ၈၀၀ ကို ပံ့ပိုးပေးခဲ့ကြောင်း ကြေညာခဲ့သည်။

တစ်ပြိုင်နက်တည်းမှာပင် ယူကရိန်းသည် ဒရုန်းစစ်ဆင်ရေးအတွက် စစ်ဘက်ဆိုင်ရာဌာနခွဲသစ်တစ်ခု ဖွင့်လှစ်တော့မည်ဖြစ်ကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။

**UK, Latvia Open Bidding for Ukrainian First-Person View Drones ကို ဘာသာပြန်ဆိုထားပါသည်။**

**မင်းမျိုး**





မြန်မာနိုင်ငံလုံးဆိုင်ရာ ပညာရေးညီလာခံ(၂၀၂၄) ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း မြန်မာနိုင်ငံလုံးဆိုင်ရာပညာရေး ညီလာခံ(၂၀၂၄) ကျင်းပရေးဦးစီးကော်မတီညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

ရှေ့ဖုံးမှအဆက်

ဦးစွာ မြန်မာနိုင်ငံလုံးဆိုင်ရာပညာရေး ညီလာခံ(၂၀၂၄) ကျင်းပရေးဦးစီး ကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင် ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီအနေဖြင့် ဦးတည်ချက် ကိုးရပ်ကို ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ လူမှုရေးဦးတည်ချက် ၁ **"တစ်နိုင်ငံလုံး အသိပညာ၊အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှု အထောက်အကူပြု ပညာရှင်များ ထွန်းကား လာစေရေးအတွက် လူတိုင်းလက်လှမ်းမီ သည့် ဘက်စုံပညာရေးစနစ်ကို အကောင် အထည်ဖော်ဆောင်ရေး"** နှင့် **"နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ် များအနေဖြင့် အဓိကစွမ်းအားစုအဖြစ်ပါ ဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး"**ဆိုသည့် ဦးတည် ချက်များကို အောင်မြင်အောင် အကောင် အထည်ဖော်ဆောင်နိုင်ရန်အတွက် ပထမ အကြိမ် မြန်မာနိုင်ငံလုံးဆိုင်ရာပညာရေး ညီလာခံ (၂၀၂၃) ကို **"အနာဂတ်ပညာရေး ပိုမိုတိုးတက်ကောင်းမွန်စေရေး"**ဆိုသည့် ဦးတည်ချက်နှင့်အညီ ယမန်နှစ်က အောင်မြင်စွာ ကျင်းပခဲ့ပြီးဖြစ်ကြောင်း။

ယခုနှစ်တွင်ကျင်းပမည့် မြန်မာနိုင်ငံ လုံးဆိုင်ရာ ပညာရေးညီလာခံ(၂၀၂၄)ကို တိုင်းချစ်ပြည်ချစ်စိတ်ရှိသည့် လူငယ်များ ပေါ်ထွန်းလာစေရန်၊ အရည်အသွေး ပြည့်ဝသော ပညာတတ်များမွေးထုတ်ပေး နိုင်ရန်၊ ထုတ်လုပ်မှုကိုအားပေးသည့်သက်မွေး ပညာများ ဖွံ့ဖြိုးတိုးတက်လာစေရန်၊ ဆရာ၊ ဆရာမများ၏ အရည်အသွေးကို စဉ်ဆက် မပြတ်မြှင့်တင်နိုင်ရန်၊ သုတေသနနှင့် တီထွင်ဆန်းသစ်မှုဖွံ့ဖြိုးတိုးတက်စေရန်နှင့် အရည်အသွေးအာမခံမှုရှိသည့် ပညာရေး စနစ် ပိုမိုအားကောင်းလာစေရန်ဆိုသည့် ရည်ရွယ်ချက်များဖြင့် ဒုတိယအကြိမ် မြန်မာနိုင်ငံလုံးဆိုင်ရာ ပညာရေးညီလာခံ ကို ကျင်းပရခြင်းဖြစ်ကြောင်း။

ယခုကျင်းပပြုလုပ်မည့် ဒုတိယအကြိမ် မြန်မာနိုင်ငံလုံးဆိုင်ရာပညာရေး ညီလာခံ (၂၀၂၄)ကို **"လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုး တိုးတက်ရေး၊ ပညာရေးကို ပိုမိုမြှင့်တင်ပေး"** ဆိုသည့် ဦးတည်ချက်ဖြင့် ဇွန် ၂၅ ရက်မှ ၂၇ ရက်ထိ သုံးရက်တိုင်တိုင် မြန်မာ အပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန -၂ (MICC-II) တွင် ကျင်းပသွားမည်ဖြစ်ပါ ကြောင်း၊ ထိုသို့ ကျင်းပနိုင်ရန်အတွက် နေပြည်တော်ကောင်စီအပါအဝင် ဝန်ကြီး

## ပညာရေးညီလာခံ (၂၀၂၄)က ထွက်ပေါ်လာမည့် ရလဒ်များသည် မြန်မာနိုင်ငံ ပညာရေး တိုးတက်ကောင်းမွန်စေရေးအတွက် အထောက်အကူဖြစ်စေနိုင်အောင် ဆောင်ရွက်ကြရန်လို ...

ဌာန ၁၃ ခုမှ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများ ပါဝင်သော ညီလာခံကျင်းပရေး ဦးစီး ကော်မတီ၊ လုပ်ငန်းကော်မတီနှင့်ဆပ် ကော်မတီ ၁၁ ခု တို့ကို ဖွဲ့စည်းဆောင်ရွက် ခဲ့ကြောင်း၊ ဆပ်ကော်မတီနှင့် လုပ်ငန်း ကော်မတီများကလည်း ညှိနှိုင်းအစည်းအဝေး များ ဆောင်ရွက်ပြီးစီးပြီဟု သိရှိရကြောင်း၊ မြန်မာနိုင်ငံ၏ ပညာရေးကဏ္ဍသည် ပညာရေးဝန်ကြီးဌာနနှင့် ဆက်စပ်အခြား ဝန်ကြီးဌာနများက နယ်ပယ်အလိုက် အကောင်အထည်ဖော် ဆောင်ရွက်ခြင်းဖြစ် သည့်အတွက် ပညာရေးညီလာခံသည် လည်း ဆက်စပ်ဝန်ကြီးဌာနများအားလုံး နှင့် သက်ဆိုင်သည်ကို သတိပြုစေလိုကြောင်း နှင့် ယနေ့အစည်းအဝေးတွင် ဝိုင်းဝန်း အကြံပြုဆွေးနွေးကြရန် ဖိတ်ခေါ်ပါကြောင်း။

**ယခုနှစ် ပညာရေးညီလာခံတွင် ယခင်နှစ်ညီလာခံက ဖော်ထုတ်ရရှိခဲ့သည့် လုပ်ငန်းစဉ်များကို ပြန်လည်သုံးသပ် ဆွေးနွေးခြင်း၊ Parallel Session များ အလိုက် အခြေခံပညာ၊ အဆင့်မြင့်ပညာ၊ သက်မွေးပညာ၊ ဆရာအတတ်ပညာနှင့် သုတေသနနှင့် တီထွင်ဆန်းသစ်မှုကဏ္ဍ တို့အပြင် အရည်အသွေးအာမခံမှုဆိုသည့် ကဏ္ဍသစ် တစ်ခုကိုထပ်တိုးထားသည့် အတွက် စုစုပေါင်း ကဏ္ဍခြောက်ခုရှိမည် ဖြစ်ပြီး ကဏ္ဍတစ်ခုချင်းစီအလိုက် စာတမ်း ခြောက်စုစီကို ဆွေးနွေးသွားကြမည်ဖြစ်** ကြောင်း၊ ဆွေးနွေးမှုရလဒ်များကိုလည်း ပြန်လည်သုံးသပ်ပြီး ရှေ့ဆက်ဆောင်ရွက် ရမည့် လုပ်ငန်းစဉ်များကိုလည်း စာတမ်း အလိုက်၊ ဆွေးနွေးမှုများအလိုက်ဖော်ထုတ် သွားကြရမည်ဖြစ်ကြောင်း၊ထို့ပြင်အောင်မြင် စွာ အကောင်အထည်ဖော်နိုင်မည့် နည်းလမ်း များ၊ တွေ့ကြုံရသည့် စိန်ခေါ်မှုများကို ကျော်လွှားနိုင်မည့် နည်းလမ်းများနှင့် ရှေ့လုပ်ငန်းစဉ်များ ပေါ်ထွက်လာသည်ထိ အထူးအလေးထား ဆွေးနွေးသွားရမည်ဖြစ် ကြောင်း၊ ယခင်နှစ်က ကဏ္ဍငါးခုအတွက် စာတမ်း ၄၂ စောင် ဖတ်ကြားခဲ့ပြီး ယခုနှစ် တွင် ကဏ္ဍခြောက်ခုအတွက် စာတမ်း ၃၆ စောင် ဖတ်ကြားသွားမည်ဖြစ်သည့်အတွက် စာတမ်းအရေအတွက် နည်းခြင်းများခြင်း ထက် ရလဒ်ကောင်းများရရှိနိုင်ရေး ဦးတည်ရန်ကိုလည်း တိုက်တွန်းလိုကြောင်း၊

ထို့ပြင် ယခင်နှစ်ညီလာခံက ဖော်ထုတ်ရရှိခဲ့ သည့် သုံးသပ်ချက်များကို အကောင်အထည် ဖော်ဆောင်ရာတွင် အောင်မြင်အောင် ဆောင်ရွက်နိုင်မှုများနှင့် ဆက်လက် ဆောင်ရွက်ဆဲလုပ်ငန်းများ ရှိနေသကဲ့သို့ ယခုနှစ်ညီလာခံ၏ ဆွေးနွေးမှုရလဒ်များ ကိုလည်း ပြန်လည်သုံးသပ်ပြီး အနာဂတ် မျိုးဆက်သစ်များအတွက် ကောင်းမွန်သည့် ပညာရေးရလဒ်များနှင့် ကောင်းမွန်သည့် ပညာရေးအခြေအနေများရရှိစေရန် ဦးတည် ၍ ဝိုင်းဝန်းဆွေးနွေးကြရမည်ဖြစ်ကြောင်း၊ ယခင်နှစ်ညီလာခံက ဖော်ထုတ်ရရှိခဲ့သည့် လုပ်ငန်းစဉ်များအပေါ် ဝန်ကြီးဌာနများ အလိုက် သုံးသပ်ချက်များကိုလည်း အောင်မြင်အောင် ဆက်လက်အကောင် အထည်ဖော် ဆောင်ရွက်သွားကြရန်နှင့် ရရှိပြီး အောင်မြင်မှုများကိုလည်း ရေရှည် တည်တံ့အောင် ထိန်းသိမ်းဆောင်ရွက်ရန် ကဏ္ဍအလိုက် ရေတိုရေရှည်အစီအစဉ်များ နှင့် အကောင်အထည်ဖော်ဆောင်ရွက် သွားရမည်ဖြစ်ကြောင်း၊ သို့မှသာ **ပညာရေး ညီလာခံက နိုင်ငံ၏အနာဂတ်လူငယ်များ အတွက် ကောင်းမွန်သည့် အဖြေများ၊ ကောင်းမွန်သည့် အချက်အလက်များနှင့် ကောင်းမွန်သည့်ရလဒ်များ ထွက်ပေါ်လာ ရန် အထောက်အကူပြုမည်ဖြစ်**ကြောင်း။

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ အနေဖြင့် နိုင်ငံတော်၏ပညာရေးအဆင့် အတန်း တိုးတက်လာရေးအတွက် အားသွန် ခွန်စိုက် ဆောင်ရွက်ပေးနေသည်ကို အားလုံးအသိပင်ဖြစ်ကြောင်း၊ ကျောင်းနေ အရွယ်ကလေးများအားလုံး ကျောင်းတက် ရေးနှင့် KG+9 ပြီးမြောက်ရေး ဆောင် ရွက်ခြင်း၊ အခြေခံပညာနှင့် စက်မှု၊ လက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး အထက်တန်းကျောင်း များ တိုးချဲ့ဖွင့်လှစ်ပေးခြင်း၊ Naypyitaw State Academy ဖွင့်လှစ်ပေးခြင်း၊ အုပ်ချုပ်မှုစရိတ်နှင့် ထောက်ပံ့ငွေများ ချီးမြှင့်ခြင်း၊ စွမ်းရည်မြှင့်သင်တန်းများ ဖွင့်လှစ်စေခြင်း၊ စာတတ်မြောက်သူများ တိုးပွားလာစေရေးဆောင်ရွက်ခြင်း၊ စာဖတ် သောအလေ့အထ တိုးပွားလာအောင် ဆောင်ရွက်ပေးနေခြင်းတို့သည် ထင်ရှား သည့် သာဓကများဖြစ်ကြောင်း၊ **နိုင်ငံတော် အစိုးရ၏ အားထုတ်မှုသာမက ပြည်သူ အားလုံးက ပညာ၏တန်ဖိုးကိုသိရှိပြီး အားထုတ်ခြင်းကသာ နိုင်ငံ၏ပညာရေး ရည်မှန်းချက်ကို အောင်မြင်စေမည် ဖြစ်**ကြောင်း။

နိုင်ငံတော်၏တာဝန်ကို ပခုံးပြောင်း ထမ်းဆောင်ကြမည့် လူငယ်များ၏ ပညာရေးသည် ကောင်းမွန်အောင်မြင် သည့် ပညာရေးဖြစ်ရမည်ဖြစ်ကြောင်း၊ ထိုသို့ အောင်မြင်ကောင်းမွန်စေရန် အတွက် ယခုကဲ့သို့ ပညာရေးညီလာခံကြီး ကို ကျင်းပဆောင်ရွက်ပေးနေခြင်းဖြစ်၍ တာဝန်ရှိသူအားလုံးက ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်သွားကြရန်လိုကြောင်း၊ နိုင်ငံတော် အဆင့်ကျင်းပမည့် ညီလာခံကြီးဖြစ်သည် နှင့်အညီ အောင်မြင်အောင် ဝိုင်းဝန်းဆွေးနွေး အကြံပြုဆွေးနွေးကြရန် တိုက်တွန်းပြောကြား လိုကြောင်း။

နိုင်ငံတော်ဝန်ကြီးချုပ်က **"နိုင်ငံတော် အစိုးရအနေဖြင့် နိုင်ငံတော်၏ ပညာရေး၊ ကျန်းမာရေးစသည့် လူမှုရေးကဏ္ဍနယ်ပယ် အသီးသီးတွင် မူလအခြေအနေကထက်ပင် ပိုမို၍ အဆင့်အတန်း မြင့်မားတိုးတက် လာစေရေးဆောင်ရွက်ရမည်"**ဟု လမ်းညွှန် မှာကြားထားသည့်အတွက် သက်ဆိုင်ရာ ကဏ္ဍအလိုက် အောင်မြင်စွာဆောင်ရွက် နိုင်ရန်အတွက် လိုအပ်သည့်အရင်းအမြစ် များ ဖြည့်ဆည်းပေးနိုင်ရေး စီမံဆောင်ရွက် ပေးနေသကဲ့သို့ သက်ဆိုင်ရာဝန်ကြီးဌာန များကလည်း မိမိတို့ တာဝန်ယူရသည့်ကဏ္ဍ များကို အောင်မြင်အောင် အကောင်အထည် ဖော်ဆောင်ရွက်ပေးကြရန်လိုကြောင်း။

ပညာရေးညီလာခံ(၂၀၂၄) အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ယခုဦးစီးကော်မတီ အစည်းအဝေးမတိုင်မီ ပညာရေးဝန်ကြီး ဌာနက အကြိုညှိနှိုင်းအစည်းအဝေး လေးကြိမ် ခေါ်ယူဆွေးနွေးခဲ့ကြောင်း၊ အဆိုပါအစည်းအဝေးများတွင် ပညာရေး နှင့် ဆက်စပ်ဝန်ကြီးဌာနများက စာတမ်း ခေါင်းစဉ်များရွေးချယ်ခြင်း၊ ဝန်ကြီးဌာန များအလိုက် စာတမ်းဖတ်ကြားရေး၊ ပြခန်း ပြသရေးစသည့် တာဝန်များခွဲဝေဆောင်ရွက် ခြင်းတို့ကို ဆောင်ရွက်ပြီးဖြစ်သည်ဟုသိရှိ ရကြောင်း၊ပညာရေးညီလာခံ(၂၀၂၄)အတွက် Theme Song ရေးစပ်ရာတွင်လည်း ညီလာခံ၏ ဦးတည်ချက်ကို အနှစ်သာရ ပေါ်လွင်အောင်စပ်ဆိုရန် တိုက်တွန်းလို ကြောင်း၊ **ပညာရေးညီလာခံ (၂၀၂၄)က ထွက်ပေါ်လာမည့် ရလဒ်များသည် မြန်မာနိုင်ငံပညာရေး တိုးတက်ကောင်းမွန် စေရေးအတွက် အထောက်အကူဖြစ်စေ နိုင်အောင် ဆောင်ရွက်ကြရန်လို**ကြောင်း၊ ဝန်ကြီးဌာနများအားလုံးက ကျရာကဏ္ဍ၊ ကျရာတာဝန်ကို ကျေပွန်အောင် ဝိုင်းဝန်း ကြိုးပမ်းဆောင်ရွက်ကြရန်နှင့် ၂၀၂၄ ခုနှစ် တွင်ကျင်းပမည့် မြန်မာနိုင်ငံလုံးဆိုင်ရာ ပညာရေးညီလာခံ အောင်မြင်စွာကျင်းပ နိုင်ရေးအတွက် တက်ရောက်လာကြသူ များက ဝိုင်းဝန်းအကြံပြုဆွေးနွေးကြရန် လိုကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ဦးစီးကော်မတီအတွင်းရေးမှူး ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေနှင့် လုပ်ငန်းကော်မတီ အတွင်းရေးမှူး(၁) ပညာရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဒေါက်တာစိုးဝင်း တို့က မြန်မာနိုင်ငံလုံးဆိုင်ရာ ပညာရေး ညီလာခံ(၂၀၂၄)၏ ရည်ရွယ်ချက်၊ကော်မတီ များ ဖွဲ့စည်းထားရှိမှု၊ ကော်မတီများ ဆောင်ရွက်ရမည့် လုပ်ငန်းတာဝန်များနှင့် ပညာရေးညီလာခံ အောင်မြင်စွာကျင်းပ နိုင်ရေး ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိ မှုများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် လုံခြုံရေးဆပ်ကော်မတီ၊ စာတမ်းလက်ခံခြင်းနှင့် စိစစ်အတည်ပြု ရေးဆပ်ကော်မတီ၊ ပြခန်းများခင်းကျင်း ပြသရေးဆပ်ကော်မတီ၊ ဖိတ်ကြားရေးနှင့် ကြိုဆိုနေရာချထားရေး ဆပ်ကော်မတီ၊ အခမ်းအနားပြင်ဆင်ရေး ဆပ်ကော်မတီ၊ ဧည့်ခံကျွေးမွေးရေးနှင့် ညစာစားပွဲ ကျင်းပရေးဆပ်ကော်မတီ၊ သတင်းနှင့် ပြန်ကြားရေးဆပ်ကော်မတီ၊ မှတ်တမ်းပြုစု ရေးနှင့် ပုံနှိပ်ထုတ်ဝေရေးဆပ်ကော်မတီ၊ ဖျော်ဖြေရေးဆပ်ကော်မတီ၊ ကျန်းမာရေး ဆပ်ကော်မတီနှင့်ဘဏ္ဍာရေးဆပ်ကော်မတီ တို့မှတာဝန်ရှိသူများက မြန်မာနိုင်ငံလုံးဆိုင်ရာ ပညာရေးညီလာခံ(၂၀၂၄) အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ဆောင်ရွက်ပြီးစီးမှု များနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရန် လိုအပ်သည်များကို ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍အစည်းဝေးသို့ တက်ရောက် လာကြသူများက မြန်မာနိုင်ငံလုံးဆိုင်ရာ ပညာရေးညီလာခံ(၂၀၂၄) အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် သက်ဆိုင်ရာကဏ္ဍ များအလိုက် ဆွေးနွေးတင်ပြကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် က ရှင်းလင်းဆွေးနွေးတင်ပြချက်များ အပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ (၅၀၁)

# မြန်မာ-သီရိလင်္ကာ နှစ်နိုင်ငံ ဘာသာရေးနှင့် ယဉ်ကျေးမှုဆိုင်ရာများကို အပြန်အလှန်အကျိုးဖြစ်ထွန်းစေမည့် ကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်မှုများမြှင့်တင်ရေး ဆွေးနွေး



**နေပြည်တော် ဇွန် ၁၂**

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်သည် မြန်မာနိုင်ငံဆိုင်ရာ သီရိလင်္ကာနိုင်ငံသံအမတ်ကြီး Mrs. Ponnamperuma Arachchige Prabashini Ponnamperuma ကို ယနေ့ နံနက် ၁၁ နာရီတွင် အဆိုပါဝန်ကြီးဌာနရှိ ပြည်ထောင်စုဝန်ကြီး၏ ညှိနှိုင်းမဏ္ဍပ်ခန်းမ၌လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာ-သီရိလင်္ကာနှစ်နိုင်ငံ ဆက်ဆံရေး ပိုမိုတိုးတက်ခိုင်မာရေး၊ နှစ်နိုင်ငံဘာသာရေးနှင့် ယဉ်ကျေးမှုဆိုင်ရာများကို အပြန်အလှန်အကျိုးဖြစ်ထွန်းစေမည့်ကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်မှုများမြှင့်တင်ရေး၊ နှစ်နိုင်ငံအကြားထေရဝါဒဗုဒ္ဓသာသနာတော်နှင့်ပတ်သက်၍ သံဃာတော်များအား ၎င်းတို့၏ဆောင်ရွက်မှုအလိုက် သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်တော်များ နှစ်စဉ်ပေးအပ်လျက်ရှိမှုအခြေအနေ၊ သီရိလင်္ကာနိုင်ငံမှ ရွှေကျင်နိကာယ၊ ရာမညနိကာယ၊ အမရပူရနိကာယ၊ စိရမ်နိကာယစသည့် နိကာယလေးရပ်လုံးမှ ထေရ်ကြီးဝါကြီးဆရာတော်များအား သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်တော်များ ချီးမြှင့်ဆက်ကပ်လျက်ရှိမှု၊ ထေရဝါဒဗုဒ္ဓသာသနာတော်နှင့်ပတ်သက်၍ သံဃာတော်များအား နှစ်နိုင်ငံရှိ ဗုဒ္ဓတက္ကသိုလ်များတွင် ပညာတော်သင်စေလွှတ်သင်ကြားပေးနိုင်ရေးအခြေအနေ၊ မြန်မာနိုင်ငံရှိ ထင်ပေါ်ကျော်ကြားသော တန်ခိုးကြီးဘုရားများသို့ သီရိလင်္ကာနိုင်ငံသားများ လာရောက်ဖူးမြော်နိုင်ရေးနှင့် ဘာသာရေး၊ ယဉ်ကျေးမှုအခြေပြုခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးတို့နှင့် စပ်လျဉ်း၍ ပူးပေါင်းဆောင်ရွက်နိုင်မည့် အခြေအနေများကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၏ ၂၀၂၄ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ ကျင်းပ



**နေပြည်တော် ဇွန် ၁၂**

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၏ ၂၀၂၄ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ယနေ့ညနေ ၃ နာရီခွဲတွင် နေပြည်တော် ဒက္ခိဏသီရိမြို့နယ်ရှိ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားသင်တန်းကျောင်း၌ ကျင်းပရာ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်၊ ဒုတိယဝန်ကြီးများဖြစ်ကြသည့် ဦးဌေးလှိုင်နှင့် ဒေါက်တာမျိုးသန့်၊ အမြဲတမ်းအတွင်းဝန်နှင့် ညွှန်ကြားရေးမှူးချုပ်များ၊ ဝန်ကြီးရုံးနှင့် ဦးစီးဌာနများမှ ဝန်ထမ်းများနှင့် သန်းခေါင်စာရင်းဆိုင်ရာ အုပ်ချုပ်မှုသင်တန်းတက်ရောက်နေသည့် သင်တန်းသားများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်က သတ်မှတ်နေရာ၌ ကံ့ကော်ပျိုးပင်ကို ဦးဆောင်စိုက်ပျိုးပေးပြီး ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများက သတ်မှတ်နေရာများ၌ ကံ့ကော်ပျိုးပင်များကို စိုက်ပျိုးပေးကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် တက်ရောက်လာကြသည့် ဝန်ထမ်းများက သတ်မှတ်နေရာများ၌ ကံ့ကော်၊ ခရေ၊ ပိတောက်၊ တမာစသည့် အရိပ်ရနှစ်ရှည်ပင်နှင့် ပန်းအလှပင်များ တပျော်တပါး စုပေါင်းစိုက်ပျိုးနေမှုကို လိုက်လံကြည့်ရှုအားပေးကြသည်။

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၏ ၂၀၂၄ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ရေဝေရေလဲစနစ်မှန်ကန်စေရေးနှင့်မြေဆီမြေလွှာ ခန်းခြောက်မှုကို ထိန်းသိမ်းနိုင်ရေး၊ သဘာဝပတ်ဝန်းကျင်စိမ်းလန်းစိုပြည်၍ ဥတုရာသီ ညီညွတ်မျှတမှုရှိစေရေး၊ သင်တန်းကျောင်းအဆောက်အအုံများ လေပြင်းဒဏ်ကာကွယ်နိုင်ရေးနှင့် သင်တန်းကျောင်းပတ်ဝန်းကျင် စိမ်းလန်းစိုပြည်သာယာလှပစေရေးစသည့် ရည်ရွယ်ချက်များဖြင့် ကျင်းပခြင်းဖြစ်ပြီး ယနေ့ကျင်းပသည့် သစ်ပင်စိုက်ပျိုးပွဲတွင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားသင်တန်းကျောင်း ပရဝဏ်အတွင်း ကံ့ကော်၊ ခရေ၊ ပိတောက်၊ တမာစသည့် နှစ်ရှည်ပင်စုစုပေါင်း ၂၄၀ ကို တပျော်တပါး စုပေါင်းစိုက်ပျိုးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ၂၀၂၄ ခုနှစ် မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ်ဖလား ခရိုင်ပေါင်းစုံ အသက်၂၅ နှစ်အောက် အမျိုးသားဖုဆယ်ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကျင်းပ




**မန္တလေး ဇွန် ၁၂**

၂၀၂၄ ခုနှစ် မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်ဖလား ခရိုင်ပေါင်းစုံ အသက် ၂၅ နှစ်အောက် အမျိုးသားဖုဆယ် ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းက ချမ်းမြသာစည်မြို့နယ်ရှိ မန္တလာသီရိအားကစားကွင်း Multipurpose Stadium တွင် ကျင်းပရာ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးချုပ် ဒေါ်ခင်သင်းဝေ၊ တိုင်းဒေသကြီးဝန်ကြီးများ၊ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ တိုင်းဒေသကြီး ဖုဆယ်ဘောလုံးဆပ်ကော်မတီမှ တာဝန်ရှိသူများ၊ ခရိုင် ၁၁ ခုမှ ပြိုင်ပွဲဝင် အားကစားသမားများ၊ အုပ်ချုပ်သူ၊ နည်းပြများ၊ အားကစားဝါသနာရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြည့်ရှုအားပေးကြသည်။

ဗိုလ်လုပွဲစဉ်၌ မဟာအောင်မြေခရိုင်အသင်းက အောင်မြေသာစံခရိုင်အသင်းကို နှစ်ဂိုး တစ်ဂိုးဖြင့် ယှဉ်ပြိုင်အနိုင်ရရှိခဲ့ပြီး ပြိုင်ပွဲအပြီးတွင် ဆုချီးမြှင့်ပွဲ အခမ်းအနားကိုဆက်လက်ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က ပထမဆုရရှိသော မဟာအောင်မြေခရိုင်အသင်းကို ပထမတံခွန်စိုက်ဆုဖလားနှင့် ငွေသားဆုကိုလည်းကောင်း၊ တိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးချုပ်က ပထမဆုရရှိသော မဟာအောင်မြေခရိုင်အသင်းကို တစ်ဦးချင်း ဆုများကိုလည်းကောင်း၊ တိုင်းဒေသကြီးဝန်ကြီးများက အကောင်းဆုံးအားကစားသမားဆု၊ ဂိုးသမားအကောင်းဆုံး အားကစားသမားဆုများနှင့် ငွေသားဆုများကိုလည်းကောင်း၊ ဒုတိယဆုနှင့် တတိယဆုရရှိသည့် အသင်းများကို တစ်ဦးချင်းဆုဆွဲပြားများနှင့် အသင်းအလိုက် ငွေသားဆုများကိုလည်းကောင်း ပေးအပ်ချီးမြှင့်ပြီးနောက် ဆုရအသင်းများနှင့် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **မျိုးကျော်**

# ပြည်သူကိုဝန်ဆောင်မှုပေးနေသောဌာနဖြစ်သည့်အလျောက် စေတနာထား၍ လုပ်ဆောင်ပေးကြရန်နှင့် ပြည်သူလူထု၏ ဖြစ်ပေါ်နေသောအခက်အခဲများကို ပွင့်လင်းမြင်သာစွာရှင်းပြပြီး တတ်နိုင်သမျှဖြည့်ဆည်းဆောင်ရွက်ပေးရန် လိုအပ်

**နေပြည်တော် ဇွန် ၁၂**

ရန်ကုန်တိုင်းဒေသကြီးအတွင်းဓာတ်အား စနစ် တည်ငြိမ်တိုးတက်ကောင်းမွန်စေရေး၊ ဓာတ်အားပျောက်ဆုံးမှု လျော့နည်းကျဆင်းစေရေးတို့နှင့်ပတ်သက်၍ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း(ရုံးချုပ်) အစည်းအဝေးခန်းမ၌ ကျင်းပသည်။



အစည်းအဝေးသို့ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်း၊ ရန်ကုန်တိုင်းဒေသကြီး သယံဇာတရေးရာဝန်ကြီး ဦးဇော်ဝင်း၊ ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းဥက္ကဋ္ဌ၊ ပြည်ထောင်စုဝန်ကြီးရုံး၊ ဦးစီးဌာနနှင့်လုပ်ငန်းတို့မှ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးနှင့် ဌာနအကြီးအကဲများ၊ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ခရိုင်လျှပ်စစ်မန်နေဂျာများ၊ ခရိုင်လျှပ်စစ်အင်ဂျင်နီယာများ၊ မြို့နယ်လျှပ်စစ်မန်နေဂျာများ၊ မြို့နယ်လျှပ်စစ်အင်ဂျင်နီယာများနှင့် ဘဏ္ဍာရေးတာဝန်ခံများ တက်ရောက်ကြသည်။

ဦးစွာပြည်ထောင်စုဝန်ကြီးက ရန်ကုန်တိုင်းဒေသကြီးအတွင်း လျှပ်စစ်ဓာတ်အားလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရန်အတွက် ဓာတ်အားထုတ်လုပ်မှုကို တိုးချဲ့တည်ဆောက်နိုင်ရန် စီစဉ်ဆောင်ရွက်နေသကဲ့သို့ ထုတ်လုပ်လျက်ရှိသော လျှပ်စစ်ဓာတ်အားများကို ပို့ဆောင်ဖြန့်ဖြူးသယ်ဆောင်နိုင်ရန်ကိုလည်း ဆောင်ရွက်လျက်ရှိကြောင်း၊ တစ်ဖက်တွင်လည်းဓာတ်အားပြတ်တောက်မှု၊ ဓာတ်အားပျောက်ဆုံးမှုလျော့နည်းစေရေးနှင့် ဓာတ်အားစနစ်တည်ငြိမ်တိုးတက်ကောင်းမွန်စေရေးတို့ကို ဟန်ချက်ညီတိုးတက်ကောင်းမွန်စေရန် စီမံဆောင်ရွက်လျက်ရှိကြောင်း၊ ထို့ပြင် ဓာတ်အားခကောက်ခံရာတွင်လည်း ရရှိသင့်သောနိုင်ငံတော်၏ဘဏ္ဍာငွေကို အလေအလွင့်မရှိစေရေး စနစ်တကျကောက်ခံသွားရန်လိုအပ်ကြောင်း။

မိမိတို့ဝန်ကြီးဌာနသည် ပြည်သူကိုဝန်ဆောင်မှုပေးနေသောဌာနဖြစ်သည့်အလျောက် စေတနာထား၍ လုပ်ဆောင်ပေးကြရန်နှင့် ပြည်သူလူထု၏ဖြစ်ပေါ်နေသော အခက်အခဲများကို ပွင့်လင်းမြင်သာစွာရှင်းပြပြီး တတ်နိုင်သမျှဖြည့်ဆည်းဆောင်ရွက်ပေးရန်လိုအပ်ကြောင်း၊ ယင်းသို့ဆောင်ရွက်ရာတွင် မြို့နယ်အဆင့်ရှိဝန်ထမ်းများသည် ပြည်သူနှင့်အနီးကပ်ဆုံးထိတွေ့ဆောင်ရွက်ရသည့် အဖွဲ့အစည်းများဖြစ်၍ ဝန်ကြီးဌာန၏ ပုံရိပ်ကောင်းမွန်အောင် ဆောင်ရွက်သွားရန်၊ ဝန်ထမ်းများအနေဖြင့် အချင်းချင်းစည်းလုံးညီညွတ်စွာဖြင့် တက်ညီလက်ညီဆောင်ရွက်သွားရန်နှင့်မြို့နယ်တာဝန်ခံများက မိမိတို့ဝန်ထမ်းများ၏ အခက်အခဲများကို ဖြေရှင်းဆောင်ရွက်ပေးရန်လိုအပ်ကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ခရိုင် ၁၄ ခရိုင်ကြီးကြပ်ရေးတာဝန်ရှိသူများက မိမိတို့တာဝန်ယူကြီးကြပ်ရသည့် သက်ဆိုင်ရာ ခရိုင်အလိုက်ဆောင်ရွက်ထားမှုအခြေအနေများနှင့် ခရိုင်လျှပ်စစ်မန်နေဂျာများ၊ ခရိုင်လျှပ်စစ်အင်ဂျင်နီယာများက မိမိတို့ခရိုင်၊ မြို့နယ်များအတွင်း လျှပ်စစ်ဓာတ်အားဖြန့်ဖြူးပေးထားမှု၊ နှစ်အလိုက်ဓာတ်အားတိုးတက်သုံးစွဲလာမှုနှင့် ဓာတ်အားပျောက်ဆုံးမှု လျော့နည်းကျဆင်းရေးအတွက်ဆောင်ရွက်ထားရှိမှု၊ ဓာတ်အားခများကောက်ခံရရှိမှုနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ခရိုင် ၁၄ ခရိုင်ကြီးကြပ်ရေးတာဝန်ရှိသူများ၏ တင်ပြမှုများနှင့်စပ်လျဉ်း၍ ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းဥက္ကဋ္ဌက ဖြည့်စွက်ရှင်းလင်းပြောကြားပြီး တင်ပြမှုများအပေါ် ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များကို ပေါင်းစပ်ဖြည့်ဆည်း ဆောင်ရွက်ပေးပြီး နိဂုံးချုပ် အမှာစကားပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

---

## စည်းနဲ့ ကမ်းနဲ့ မြန်မာစာ

**ဒေါက်တာထွန်းတင့်**

### သဲသဲမဲမဲ၊ မဲမဲသဲသဲနှင့် မည်းမည်းသည်းသည်း

**(ယမန်နေ့မှအဆက်)**

"မည်းမည်းသည်းသည်း" သည် "မည်းမည်းကြုတ်ကြုတ်၊ မည်းမည်းချိပ်ချိပ်၊ မည်းမည်းနက်နက်" ဟူသော ဝေါဟာရတို့နှင့် အဓိပ္ပာယ်တူဟု ဆိုရပေမည်။ "သည်းမည်း၊ သည်းသည်းမည်းမည်း" ဟူသော ရေးထုံးများမရှိဟု ဆိုနိုင်ပါသည်။

**အိုးမဲ / အိုးမည်း**

"မဲ"နှင့် "မည်း" အနက်ရင်း "ပေါင်းစည်း၊ ဆက်စပ်"ချည်းဖြစ်သော်လည်း ယင်းဝေါဟာရနှစ်လုံး၏ အဓိပ္ပာယ်ချင်းမတူကြောင်းကို ရှေ့တွင် ဆိုခဲ့ပါသည်။ "မဲ" နှင့် "မည်း" အဓိပ္ပာယ်မတူကြသည်ကို "အိုးမဲ" နှင့် "အိုးမည်း" ဟူသောဝေါဟာရနှစ်လုံးကို လေ့လာကြပါမည်။

"အိုးမဲ" ဟူသော ဝေါဟာရနှင့်စပ်လျဉ်း၍ ဒုတိယကျော်အောင်စံထား ဆရာတော်က ဝေါဟာရတ္ထပကာသနီကျမ်းတွင် "ထမင်းအိုးစသည်၌ ကပ်စွဲသော အဆင်းမည်းနက်သည်ကို ထောက်မှုအိုးမည်း" ဟုသင့်လျက် "အိုးမဲ"ဟူ၍ ဆိုမိန့်သည်ကား မီးငွေ့မီးလျှံထိခိုက်၍ မူလအဆင်း ကွက်ကျားညစ်နွမ်း သမ်းမဲလေသည်ကိုထောက်၍ ဆိုမိန့်သည်ယူသင့်၏"ဟု ဆုံးဖြတ်ခဲ့လေသည်။

ဆရာတော်က ထမင်းအိုးစသည်၌ စွဲကပ်သောအရာကို အဆင်းမည်းနက်သည်ကိုထောက်လျှင် "အိုးမည်း"ဟုလည်း ခေါ်ဝေါ်နိုင်ပုံကို ပြထားသည်။ အကယ်စင်စစ် ထမင်းအိုးစသည်၌ စွဲကပ်သောအရာကို "အိုးမည်း"ဟု မခေါ်ဆိုနိုင်ပါ။ ရှင်းပါမည်။

"အိုးမဲ" မှ "မဲ" အနက်သည် "မက်၊ မြဲ" ဖြစ်သည်။ အိုး၌ မက်နေသောအရာ၊ အိုး၌ မဲနေ၊ မြဲနေ၊ စွဲနေ၊ ကပ်နေ၊ ငြိနေ၊ စွန်းနေ၊ ထင်းနေသောအရာဖြစ်၍ "အိုးမဲ"ဟု ခေါ်ဆိုခြင်းဖြစ်သည်။ "မဲ"၏ အနက်မှာ "မက်၊ မြဲ၊ စွဲ၊ ကပ်၊ ငြိ၊ စွန်း၊ ထင်း" စသည်တို့ဖြစ်သည်။ အနက်ရောင်ဟော "မည်း" နှင့် ဆက်စပ်ကြံဆ၍ မရကောင်းပါ။ "အိုးမဲ"နှင့် "အိုးမည်း"ဟူသောဝေါဟာရနှစ်လုံးတို့၏ ပေါင်းစပ်ဖွဲ့စည်းပုံအရ အနက်အဓိပ္ပာယ် ထုတ်ဖော်ဖွင့်ဆိုလျှင် "အိုးမဲ" နှင့် "အိုးမည်း" မတူကြောင်း သိနိုင်ပါသည်။

ဝေါဟာရပေါင်းစပ်ဖွဲ့စည်းပုံအရ "အိုးမည်း" သည် "ပေါင်းစပ်နာမ်"ဖြစ်သည်။ နာမ်နှင့် နာမဝိသေသနပေါင်းစပ်ထားခြင်းဖြစ်သည်။ "အိုး" သည် "နာမ်"၊ "မည်း" သည် "နာမဝိသေသန" ဖြစ်သည်။ ထို့ကြောင့် "အိုးမည်း"ဟုဆိုလျှင် "မည်းသောအိုး"၊ "နက်သောအိုး"ဟူသာ အဓိပ္ပာယ်ရှိနိုင်သည်။ 'အိုးဖြူ ၊ အိုးဝါ၊ အိုးနီ" (ဖြူသောအိုး၊ ဝါသောအိုး၊ နီသောအိုး) တို့ကဲ့သို့တည်း။

ဝေါဟာရပေါင်းစပ်ဖွဲ့စည်းပုံအရ "အိုးမဲ" သည်လည်း "ပေါင်းစပ်နာမ်"ပင် ဖြစ်သည်။ "နာမ်"နှင့် "ကြိယာ" ပေါင်းစပ်ထားခြင်းဖြစ်သည်။ "အိုး"သည် "နာမ်"၊ "မဲ"သည် "ကြိယာ" ဖြစ်သည်။ ထို့ကြောင့် "အိုးမဲ"သည် "မဲသောအိုး" မဟုတ်ပါ။ "အိုး" တွင် မဲနေသောအရာသာဖြစ်သည်။ အိုးတွင် "မြဲ၊ စွဲ၊ ကပ်၊ ငြိ၊ စွန်း၊ ထင်း" နေသောအရာသာဖြစ်သည်။ "မဲ"သည် "မြဲ၊ စွဲ၊ ကပ်၊ တပ်" အနက်ရှိသော "မက်" နှင့် တူသည်ဟု ဆိုခဲ့ပြီးဖြစ်သည်။

ပေါင်းစပ်နာမ်ချင်းတူသော်လည်း နာမ်နှင့် နာမဝိသေသနပေါင်းစပ်သော ပေါင်းစပ်နာမ်နှင့် နာမ်နှင့် ကြိယာပေါင်းစပ်သော ပေါင်းစပ်နာမ်တို့ အဓိပ္ပာယ်ကောက်ယူရပုံမတူပါ။ သာဓကအားဖြင့် ခရီးရှည်၊ ခရီးတိုဟုဆိုလျှင် ရှည်သောခရီး၊ တိုသောခရီးဟု အဓိပ္ပာယ်ရပါသည်။ "ခရီး" သည် နာမ်၊ "ရှည်၊ တို" တို့သည် နာမဝိသေသနများဖြစ်ကြသည်။ "ခရီးသွား၊ ခရီးပြန်"ဟုဆိုလျှင် သွားသောခရီး၊ ပြန်သောခရီးဟု အဓိပ္ပာယ်မကောက်ယူနိုင်ပါ။ "သွား၊ ပြန်" တို့သည် နာမဝိသေသနများမဟုတ်သောကြောင့်ဖြစ်ပါသည်။ "ခရီးသွား"သည် "ခရီးသွားသောသူ"၊ "ခရီးပြန်"သည် "ခရီးမှပြန်လာသောသူ"သာဖြစ်သည်။ အကြောင်းမူကား "သွား၊ ပြန်" တို့သည် ကြိယာများဖြစ်သောကြောင့်တည်း။

ထို့အတူ "ဈေးကြီး၊ ဈေးလေး" ဟူသည် "ကြီးကျယ်သောဈေး၊ သေးငယ်သောဈေး" ဖြစ်၍ "ဈေးရောင်း၊ ဈေးဝယ်၊ ဈေးသွား၊ ဈေးလာ" ဟူသည် "ဈေးရောင်းသူ၊ ဈေးဝယ်သူ၊ ဈေးသို့သွားသူ၊ ဈေးသို့လာသူ"ဟူသာ အဓိပ္ပာယ်ကောက်ယူရသည်။

နိဂုံးချုပ်ပါမည်။ "သဲသဲမဲမဲ၊ မဲမဲသဲသဲ" တို့၏ အဓိပ္ပာယ်မှာ "စွဲစွဲမြဲမြဲ၊ တစိုက်မတ်မတ်၊ စူးစူးစိုက်စိုက်၊ ပြင်းပြင်းထန်ထန်" ဟူ၍ ဖြစ်ပါသည်။ "မည်းမည်းသည်းသည်း"၏ အဓိပ္ပာယ်မှာ "အလွန်မည်းသော"ဟူ၍ ဖြစ်ပါသည်။ "သည်းသည်းမည်းမည်း" ဟူသော အရေးမရှိပါ။ "အိုး"မဲသည် "အိုး"၌ စွဲမြဲကပ်ငြိနေသောအရာ"ဖြစ်သည်။ မိဘမျက်နှာကို "အိုးမဲသုတ်သည်"ဆိုသော အိုးမဲမှာ ဤအိုးမဲဖြစ်သည်။ "အိုးမည်း"ဟု ရေးငြားအံ့၊ "မည်းနက်သောအိုး"ဟူသာ ဆိုရမည်။ ဤအိုးမည်းကား သုတ်၍ရသောအိုးမည်းမဟုတ်။ ဦးခေါင်းကို အိုးမည်းဖြင့် ပစ်ပေါက်လိုက ပစ်ပေါက်၍ ရတန်ကောင်းသတည်း။

မြန်မာစာကို ချစ်မြတ်နိုးတတ်ပါစေ။

---

**အိမ်အပြင်၌ ထွန်းသောမီးများကို နေ့အလင်းရောင်ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကိုချွေတာပါ**

# ရှမ်းပြည်နယ်(အရှေ့ပိုင်း) စစ်မှုထမ်းဟောင်းကြီးကြပ်ရေးအဖွဲ့ နှစ်ပတ်လည်အစည်းအဝေး(၂၀၂၄) ကျင်းပ



ရှမ်းပြည်နယ် (အရှေ့ပိုင်း) စစ်မှုထမ်းဟောင်း ကြီးကြပ်ရေး အဖွဲ့ နှစ်ပတ်လည် အစည်းအဝေး (၂၀၂၄) ကျင်းပစဉ်။

**နေပြည်တော် ဇွန် ၁၂**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) စစ်မှုထမ်းဟောင်းကြီးကြပ်ရေးအဖွဲ့ နှစ်ပတ်လည်အစည်းအဝေး(၂၀၂၄)ကို ယနေ့နံနက်ပိုင်းတွင် ကျိုင်းတုံမြို့ရှိ စစ်မှုထမ်းဟောင်းကြီးကြပ်ရေးအဖွဲ့ရုံးခန်းမ၌ ပြုလုပ်ရာ ရှမ်းပြည်နယ်(အရှေ့ပိုင်း) စစ်မှုထမ်းဟောင်းကြီးကြပ်ရေးအဖွဲ့နာယက တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အောင်ခိုင်ဝင်းနှင့်အဖွဲ့ဝင်များ၊ဌာနဆိုင်ရာတာဝန်ရှိသူများ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက အမှာစကားပြောကြားသည်။ ထို့နောက် တိုင်းမှူးနှင့်တာဝန်ရှိသူများက စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးကာ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များအတွက် ထောက်ပံ့ငွေနှင့် စားသောက်ဖွယ်ရာများ ပေးအပ်သည်။

ယင်းနောက် ရှမ်းပြည်နယ်(အရှေ့ပိုင်း) စစ်မှုထမ်းဟောင်း ကြီးကြပ်ရေးအဖွဲ့ နှစ်ပတ်လည်အစည်းအဝေး(၂၀၂၄) ကို အစီအစဉ်အတိုင်း ဆက်လက်ကျင်းပခဲ့ကြောင်း သတင်းရရှိသည်။ **(၅၀၁)**

# ဒေသတွင်း စိုက်ပျိုးမွေးမြူရေးနှင့် ကုန်ထုတ်လုပ်ငန်းများ ရာနှုန်းပြည့်အောင်မြင်အောင် ဆောင်ရွက်နိုင်ရေး စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေး

အနောက်တောင် တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလင်း တိုင်းစစ်ဌာနချုပ် စံပြဘက်စုံ စိုက်ပျိုးမွေးမြူရေး စခန်းအတွင်း ကြည့်ရှု စစ်ဆေးစဉ်။



**နေပြည်တော် ဇွန် ၁၂**

ဒေသတွင်း စားရေရိက္ခာဖူလုံရေးနှင့် ပြည်သူများ၏ စားသောက်ရေးကို အထောက်အကူဖြစ်စေရန်အတွက် တိုင်းစစ်ဌာနချုပ်များ၊ တပ်ရင်း၊ တပ်ဖွဲ့များ၌ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ ယနေ့ မွန်းလွဲပိုင်းတွင် အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလင်းနှင့် တာဝန်ရှိသူများသည် တိုင်းစစ်ဌာနချုပ် စံပြဘက်စုံ စိုက်ပျိုးမွေးမြူရေးစခန်း၌ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုများကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများနှင့်တွေ့ဆုံကာ ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ရာနှုန်းပြည့်အောင်မြင်အောင် ဆောင်ရွက်နိုင်ရေးလိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **(၅၀၁)**

## ကျောင်းနေအရွယ်ကလေးအားလုံး အလယ်တန်းအဆင့် (Grade 9) ပြီးမြောက်အောင်မြင်အောင်သင်ယူရေး

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ လမ်းညွှန်ချက်နှင့်အညီ ကျောင်းနေအရွယ်ကလေးအားလုံး အခြေခံပညာအလယ်တန်းအဆင့် (Grade 9) ပြီးမြောက်အောင် သင်ကြားနိုင်ရေး အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။ အလယ်တန်းအဆင့် (Grade 9) ပြီးမြောက်အောင်မြင်သော ကျောင်းသား၊ ကျောင်းသူများအနေဖြင့် အခြေခံပညာအထက်တန်းအဆင့်၊ စက်မှုနည်းပညာ၊ စိုက်ပျိုးရေး၊ မွေးမြူရေး စသည့်ပညာရေးလမ်းသွယ်(၄)မျိုးကို ဆက်လက်သင်ကြားနိုင်မည်ဖြစ်ပါသည်။ စက်မှု၊ စိုက်ပျိုးရေး၊ မွေးမြူရေးပညာရပ်များကို တွဲဖက်သင်ကြားပေးမည့် အခြေခံပညာအထက်တန်းကျောင်းများကို ၂၀၂၃-၂၀၂၄ ပညာသင်နှစ်တွင် ၅၁ ကျောင်းဖွင့်လှစ်ခဲ့ပြီး ၂၀၂၄ - ၂၀၂၅ ပညာသင်နှစ်တွင် ၃၄ ကျောင်း ထပ်မံဖွင့်လှစ်သင်ကြားပေးမည်ဖြစ်ပါသည်။ ထို့ကြောင့် ကျောင်းနေအရွယ်ကလေးအားလုံး အလယ်တန်းအဆင့် (Grade 9) ပြီးမြောက်အောင်သင်ယူနိုင်ရေး တိုက်တွန်းနှိုးဆော်လိုက်ရပါသည်။

## ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေတွင် ပြန်လည်တူးဖော်ပြုပြင် ထိန်းသိမ်းလျက်ရှိသော ရှေးဟောင်းရေကန်များအတွက် ပါဝင်လှူဒါန်းနိုင်

ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေတွင် ပြည်တွင်းပြည်ပကျွမ်းကျင်ပညာရှင်များ၏ အကြံပြုချက်များနှင့် ကမ္ဘာ့အမွေအနှစ် စံနှုန်းများနှင့်အညီ ပြန်လည်တူးဖော်ပြုပြင်ထိန်းသိမ်းလျက်ရှိသော ပထမအဆင့် ရှေးဟောင်းရေကန် ၄၆ ကန်နှင့် ဒုတိယအဆင့် ရှေးဟောင်းရေကန် ၄၅ ကန်တို့ကို ရဟန်းရှင်လူ ပြည်သူများ ပါဝင်လှူဒါန်းလိုပါက **ညွှန်ကြားရေးမှူး ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန(စီမံ/ဘဏ္ဍာဌာနခွဲ)၊ နေပြည်တော်၊ ဖုန်း-၀၉-၄၄၄၀၄၇၁၂၃၊ ၀၆၇-၃၄၀၈၄၁၈၊ ညွှန်ကြားရေးမှူး ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန ရန်ကုန်ဌာနခွဲ၊ ဖုန်း-၀၉-၅၀၆၁၈၃၂၊ ၀၁-၇၅၁၃၈၉၇၊ ညွှန်ကြားရေးမှူး ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန မန္တလေးဌာနခွဲ၊ ဖုန်း-၀၉-၂၀၀၂၁၉၅၊ ၀၂-၄၀၆၀၀၆၁၊ ညွှန်ကြားရေးမှူး ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန ပုဂံဌာနခွဲ၊ ဖုန်း-၀၉-၂၀၀၁၉၀၆၊ ၀၆၁-၂၄၆၀၂၆၉ တို့သို့လည်းကောင်း၊ KBZ Bank NYAUNG OO BRANCH Account No- 06713906701442701** သို့လည်းကောင်း ပေးပို့ဆက်သွယ်လှူဒါန်းနိုင်ကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။

**သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန**

## မြန်မာနိုင်ငံပြန်တမ်း

### ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ခန့်ထားခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်းမှ ညွှန်ကြားရေးမှူး ဦးတင်ဇော်မြင့် အား ရေနံနှင့်သဘာဝဓာတ်ငွေ့စီမံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

## အီဒုလ်အဿွဟာ(ကုရ်ဘာနီအီးဒ်)နေ့ ဖြစ်သည့်အတွက် အများပြည်သူတို့၏ အလုပ်ပိတ်ရက်ဖြစ်ကြောင်း ကြေညာ

**နေပြည်တော် ဇွန် ၁၂**

၁၃၈၆ ခုနှစ် နယုန်လဆန်း ၁၂ ရက် (၂၀၂၄ ခုနှစ် ဇွန် ၁၈ ရက်)အင်္ဂါနေ့သည် "အီဒုလ်အဿွဟာ(ကုရ်ဘာနီအီးဒ်)"နေ့ ဖြစ်သည့်အတွက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်းရှိ ရုံးများ၏ ပိတ်ရက်နှင့်လွှဲပြောင်းနိုင်သည့် စာချုပ်စာတမ်းများ အက်ဥပဒေ ပုဒ်မ ၂၅ အရ အများပြည်သူတို့၏ အလုပ်ပိတ်ရက်ဖြစ်ကြောင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ အမိန့်ကြော်ငြာစာအမှတ် ၁၁၅/၂၀၂၄ ဖြင့် ကြေညာထားသည်။ **(သတင်းစဉ်)**

## ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်း ဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့ရန်တို့အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်နိုင်ကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ ဥက္ကဋ္ဌရုံး(နေပြည်တော်)**
(၁) ၀၆၇-၃၄၀၄၉၁၁၊ ၀၆၇-၃၄၀၄၉၂၂၊
၀၆၇-၃၄၀၄၉၃၃၊၀၆၇-၃၄၀၄၉၄၄၊
၀၆၇-၃၄၀၄၉၅၅
(၂) မိုဘိုင်းဖုန်းမှ စာတိုပေးပို့ရန်(SMS) ၀၉- ၂၅၅၀၀၂၅၀၁

(ခ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့(နေပြည်တော်ကောင်စီ)**
(၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS)၀၉-၂၅၅၀၀၂၅၀၂

(ဂ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့(စစ်ကိုင်းတိုင်းဒေသကြီး)**
(၁) ၀၇၁- ၂၀၃၂၀၉၁၊ ၀၇၁- ၂၀၃၂၀၉၂
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၀၇

(ဃ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့(တနင်္သာရီတိုင်းဒေသကြီး)**
(၁) ၀၅၉- ၂၀၂၄၀၃၇၊ ၀၅၉- ၂၀၂၄၀၃၈
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၀၈

(င) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)**
(၁) ၀၅၂- ၂၂၀၁၉၃၉၊ ၀၅၂- ၂၂၀၁၉၄၉
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၀၉

(စ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့(မကွေးတိုင်းဒေသကြီး)**
(၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃- ၂၀၂၈၈၇၉
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၁၀

(ဆ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)**
(၁) ၀၂- ၄၀၂၁၂၄၅၊ ၀၂- ၄၀၂၁၂၄၆
(၂) မိုဘိုင်းဖုန်းမှစာတိုပို့ဝန်ဆောင်မှု
(SMS) ၀၉-၂၅၅၀၀၂၅၁၁

(ဇ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)**
(၁) ၀၅၇ - ၂၀၂၇၉၃၅၊ ၀၅၇- ၂၀၂၇၉၃၆
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၁၂

(ဈ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)**
(၁) ၀၉- ၂၅၅၀၀၂၅၁၇၊ ၀၉- ၂၅၅၀၀၂၅၁၈
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS)၀၉-၂၅၅၀၀၂၅၁၃

(ည) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့(ရန်ကုန်တိုင်းဒေသကြီး)**
(၁) ၀၁- ၈၃၀၀၀၁၆၊ ၀၁- ၈၃၀၀၀၁၇
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS)၀၉-၂၅၅၀၀၂၅၁၄

(ဋ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)**
(၁) ၀၈၁- ၂၁၂၄၅၄၀၊ ၀၈၁- ၂၁၂၄၉၉၅
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS)၀၉-၂၅၅၀၀၂၅၁၅

(ဌ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)**
(၁) ၀၄၂- ၂၀၂၅၉၉၃၊ ၀၄၂- ၂၀၂၅၉၉၄
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS)၀၉-၂၅၅၀၀၂၅၁၆

၂။ စုံစမ်းမေးမြန်းခြင်း၊ သတင်းပို့ခြင်းမဟုတ်ဘဲ အနှောင့်အယှက်ပေးဆက်သွယ်လာသည့် တယ်လီဖုန်းနံပါတ်များကို မှတ်တမ်းတင်ကာ ယင်းဖုန်းဆင်းကတ်များကို ပိတ်သိမ်းသွားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့**

☆ ကျောဖုံးမှအဆက်

ပြိုင်ပွဲဝင်အသင်းများမှ အုပ်ချုပ်သူ၊ နည်းပြများနှင့် အားကစားသမားများ တက်ရောက်ကြသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံက အမှာစကားပြောကြားရာတွင် ရေကူးအားကစားနည်းသည် ကမ္ဘာ့အိုလံပစ်အားကစားပြိုင်ပွဲ၊ အာရှအားကစားပြိုင်ပွဲ၊ အရှေ့တောင်အာရှအားကစားပြိုင်ပွဲ စသည့် နိုင်ငံတကာအားကစားပြိုင်ပွဲကြီးများတွင် ပြေးခုန်ပစ်၊ အလေးမ၊လက်ဝှေ့အားကစာနည်းများကဲ့သို့ မဖြစ်မနေထည့်သွင်းကျင်းပသည့် အားကစားနည်းတစ်ရပ်ဖြစ်ပါကြောင်း၊ ရွှေတံဆိပ်အများဆုံးချီးမြှင့်သည့် အားကစားနည်းများထဲတွင် ရေကူးအားကစားနည်း ပါဝင်ပါကြောင်း၊ ထို့ပြင် အားကစားသမားတစ်ဦးတည်းက ဆုတံဆိပ်များစွာ ရယူပေးနိုင်သည့် အားကစားနည်းတစ်ခုအဖြစ်လည်း တွေ့ရှိရမည်ဖြစ်ပါကြောင်း။

ထို့ကြောင့် မိမိတို့ဝန်ကြီးဌာနအနေဖြင့် ပြည်နယ်နှင့် တိုင်းဒေသကြီးအားကစားပြိုင်ပွဲများ ကျင်းပပြုလုပ်ရာတွင် ရေကူးအားကစားနည်းကို မပျက်မကွက်ထည့်သွင်းကျင်းပပေးခဲ့ပါကြောင်း၊ ရေကူးအားကစားနည်းဖြင့် နိုင်ငံ့ဂုဏ်ကို ဆောင်နိုင်ရန်အတွက် အရည်းအချင်းရှိပြီး နုပျိုထက်မြက်သည့် မျိုးဆက်သစ်အားကစားသမားများ စဉ်ဆက်မပြတ် ရှိနေရန်လည်း လိုအပ်ပါကြောင်း၊ ထို့ပြင် ယခုပြိုင်ပွဲတွင် ပြည်နယ်နှင့်တိုင်းဒေသကြီးအသီးသီးမှ ပြိုင်ပွဲဝင်အားကစားသမားများကို ကြီးကြပ်ကွပ်ကဲလိုက်ပါလာကြသည့် အုပ်ချုပ်မှုအဖွဲ့များအနေဖြင့်လည်း မိမိတို့အသင်း အဆင့်မြင့်မြင့်ယှဉ်ပြိုင်အောင်ပွဲခံနိုင်ရေးအတွက် မိမိတို့ပြည်နယ်နှင့်တိုင်းဒေသကြီးအတွင်းတွင် အဆင့်ဆင့်သောပြိုင်ပွဲများကျင်းပပြီး စနစ်တကျလူရွေးချယ်ကာ အချိန်အတိုင်းအတာတစ်ခုထိ စခန်းသွင်းလေ့ကျင့် လာရောက်ယှဉ်ပြိုင်ခြင်းမျိုးဖြစ်အောင် ဆောင်ရွက်ကြရန် လိုအပ်ပါကြောင်း။






အားကစား မောင်မယ်များအနေဖြင့်လည်း မိမိတို့ကိုယ်စားပြုယှဉ်ပြိုင်သည့် ပြည်နယ်နှင့်တိုင်းဒေသကြီးအသင်း အောင်နိုင်ရေးအတွက် မိမိတို့၏ အစွမ်းအစ အရည်အသွေးများကို အစွမ်းကုန်ဖော်ထုတ်ပြသပြီး အားကစားစိတ်ဓာတ်အပြည့်အဝဖြင့် အနိုင်မခံအရှုံးမပေးဘဲ အကောင်းဆုံး ပါဝင်ယှဉ်ပြိုင်သွားကြစေလိုကြောင်း၊ ယခုပြိုင်ပွဲမှတစ်ဆင့် မြန်မာ့လက်ရွေးစင်အသင်းကို အင်အားဖြည့်တင်းနိုင်မည့် နိုင်ငံ့ဂုဏ်ဆောင် အားကစားသမားကောင်းများဖြစ်လာစေရန် ကြိုးစားသွားကြစေလိုကြောင်းဖြင့် တိုက်တွန်းပြောကြားပြီး ၂၀၂၄ခုနှစ် ပြည်နယ်နှင့်တိုင်းဒေသကြီးရေကူးပြိုင်ပွဲကို ဖွင့်လှစ်ပေးသည်။

ထို့နောက် ပြိုင်ပွဲဝင်အားကစားသမားများက အားကစားသစ္စာအဓိဋ္ဌာန်လေးချက်ကို ရွတ်ဆိုကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ၊ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံနှင့်တာဝန်ရှိသူတို့သည် ပြိုင်ပွဲဝင်အားကစားသမားများကို ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကြပြီး ပြိုင်ပွဲပွဲစဉ်ယှဉ်ပြိုင်ကစားနေမှုများကို ကြည့်ရှုအားပေးကြသည်။

၂၀၂၄ခုနှစ် ပြည်နယ်နှင့်တိုင်းဒေသကြီးရေကူးပြိုင်ပွဲကို ပြည်နယ်နှင့်တိုင်းဒေသကြီးများမှလူငယ်များ ရေကူးအားကစားနည်းကို ပိုမိုစိတ်ပါဝင်စားလာစေရေးနှင့် ထူးချွန်ထက်မြက်သည့် ရေကူးမျိုးဆက်သစ်လူငယ်များ ပေါ်ထွက်လာစေရေးတို့အတွက် ရည်ရွယ်၍ ကျင်းပပေးခြင်းဖြစ်ပြီး ပြိုင်ပွဲသို့ ပြိုင်ပွဲဝင် အမျိုးသားအသင်း ၁၁သင်းနှင့် အမျိုးသမီးအသင်း ၁၁သင်းတို့ ဝင်ရောက်ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင် အမရပူရမြို့နယ် ဆောက်တောဝကျေးရွာ နွေစပါးစံကွက်ရိတ်သိမ်းပွဲသို့တက်ရောက်

**မန္တလေး ဇွန် ၁၂**

မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်သည် တိုင်းဒေသကြီးဝန်ကြီးများနှင့် တာဝန်ရှိသူများလိုက်ပါပြီး ယနေ့မွန်းလွဲပိုင်းက အမရပူရမြို့နယ် ဆောက်တောဝကျေးရွာတွင်ကျင်းပသည့် နွေစပါးစံကွက်ရိတ်သိမ်းပွဲအခမ်းအနားသို့ တက်ရောက်ပြီး ဌာနဆိုင်ရာများမှ တာဝန်ရှိသူများနှင့် တောင်သူများကို ရင်းရင်းနှီးနှီး တွေ့ဆုံသည်။




ထိုသို့တွေ့ဆုံစဉ် တိုင်းဒေသကြီးဝန်ကြီးချုပ်က နိုင်ငံတော်အနေဖြင့် စိုက်ပျိုးရေး၊မွေးမြူရေးကဏ္ဍများတွင် ရည်မှန်းချက်ပန်းတိုင်ပြည့်မီရေး၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးထုတ်ကုန်အပေါ်အခြေခံသော MSME လုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေး အလေးထားဆောင်ရွက်နေပါကြောင်း၊ တိုင်းဒေသကြီးအတွင်း မိုးစပါး၊ နွေစပါး သီးနှံစိုက်ပျိုးထွက်ရှိမှု ပန်းတိုင်ထွက်နှုန်းပြည့်မီရေးအတွက် မျိုး၊မြေ၊ရေ၊နည်းကဏ္ဍများတွင် အားနည်းချက်များမရှိစေရေးနှင့် တောင်သူများ၏ လိုအပ်ချက်များကို ပံ့ပိုးကူညီဖြည့်ဆည်း ဆောင်ရွက်ပေးနေပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးစိုက်ပျိုးရေး ဦးစီးမှူးက တိုင်းဒေသကြီးအတွင်း နွေသီးနှံများစိုက်ပျိုးပြီးစီးမှု၊ ၂၀၂၃-၂၀၂၄ခုနှစ် မိုးစပါး၊နွေစပါး စိုက်ပျိုးဆောင်ရွက်မှုတွင် လက်ဆွဲကောက်စိုက်စက် ဖြန့်ဖြူးပြီးစီးမှု အခြေအနေ၊ ၂၀၂၄-၂၀၂၅ခုနှစ် တိုင်းဒေသကြီး၏ အဓိကသီးနှံ ၁၀ မျိုး စိုက်ပျိုးထားရှိမှု၊ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် ဆောင်ရွက်ထားရှိမှုအခြေအနေများကိုလည်းကောင်း၊ ၂၀၂၄-၂၀၂၅ ခုနှစ် ဆီထွက်သီးနှံ တိုးမြှင့်ထုတ်လုပ်ရေးအတွက် အထူးဇုန်များဖြင့် ဆောင်ရွက်မည့်အစီအစဉ်များကိုလည်းကောင်း ရှင်းလင်းတင်ပြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က ရှင်းလင်းတင်ပြချက်များနှင့် တောင်သူများ၏တင်ပြမှုများအပေါ် ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးပြီး နွေစပါးစံကွက်အတွင်း ရိတ်သိမ်းခြွေလှေ့ယာဉ်ဖြင့် နွေစပါးရိတ်သိမ်းနေမှုများနှင့်စပါးထွက်ရှိမှုကိုခြင်တွယ်တိုင်းတာနေမှုများကို ကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။ **မျိုးကျော်**

# ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့နယ်တွင် ငွေကျပ် ၅ ဒသမ ၇ ဘီလီယံတန်ဖိုးရှိ အိုက်စ်(မက်သ်အဖက်တမင်း) ကီလို ၅၀၀နှင့် ကက်တမင်းကီလို ၂၀၀ ဖမ်းဆီးရမိ

**နေပြည်တော် ဇွန် ၁၂**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့နှင့်လုံခြုံရေးတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇွန် ၈ ရက် မွန်းလွဲ၂ နာရီတွင် ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့နယ် ကျိုင်းတုံ-တာချီလိတ်သွားကားလမ်းနှင့် မြို့ရှောင်လမ်းဆုံ၌ ကျိုင်းတုံဘက်မှ တာချီလိတ်ဘက်သို့ မောင်းနှင်လာသည့် TOYOTA HILUX မော်တော်ယာဉ်ကို စစ်ဆေးရန်ရပ်တန့်ခိုင်းရာ မောင်းနှင်ထွက်ပြေးသဖြင့် လိုက်လံဖမ်းဆီးစဉ် အဆိုပါယာဉ်မှာ ဂျိုးဖြူကျေးရွာလမ်းဆုံအနီးရှိ လမ်းဘေးရေမြောင်းအတွင်းသို့ တိမ်းမှောက်သွားခဲ့ရာ ယာဉ်ပေါ်ပါ မျိုးကို(ခ)မျိုးကြီးကို ဖမ်းဆီးရမိခဲ့ပြီး ယာဉ်မောင်း ရဲကြီး မှာ ထွက်ပြေးတိမ်းရှောင်သွားခဲ့သဖြင့် အဆိုပါယာဉ်ကို ရှာဖွေရာ ယာဉ်ပေါ်မှ တန်ဖိုးငွေကျပ် ၅ ဒသမ ၇ ဘီလီယံတန်ဖိုးရှိ စိတ်ပြောင်းဆေးဝါးများဖြစ်သည့် အိုက်စ်(မက်သ်အဖက်တမင်း)ကီလို ၅၀၀၊ ကက်တမင်းကီလို ၂၀၀ သိမ်းဆည်းရမိခဲ့ကြောင်း။စစ်ဆေးဖော်ထုတ်ချက်အရ သိမ်းဆည်းရမိ စိတ်ပြောင်းဆေးဝါးများ သယ်ဆောင်ရာတွင် ပူးပေါင်းပါဝင်သူ ယာဉ်ပိုင်ရှင်ထက်ကြည်စိုးကို ဇွန် ၉ ရက် နံနက် ၁ နာရီတွင် ကျိုင်းတုံမြို့ ရပ်ကွက်(၃)ရှိ ၎င်း၏ နေအိမ်၌ဖမ်းဆီးရမိခဲ့ပြီး စစ်ဆေးချက်အရ သိမ်းဆည်းရမိ စိတ်ပြောင်းဆေးဝါးများကို ရှမ်းပြည်နယ်(တောင်ပိုင်း) ကွန်ဟိန်းမြို့နယ်မှ ကျိုင်းတုံသို့ သယ်ဆောင်ခဲ့သည့် NISSAN DIESEL 10 ဘီးမော်တော်ယာဉ်ကို ကျိုင်းတုံမြို့နယ် ယန်းလောကျေးရွာကားကြီးကွင်းရှေ့တွင် ဆက်လက်သိမ်းဆည်းရမိခဲ့ကြောင်း၊ သိမ်းဆည်းရမိ စိတ်ပြောင်းဆေးဝါးများကို ကွန်ဟိန်းမြို့နယ်မှ တာချီလိတ်မြို့နယ်သို့ သယ်ဆောင်ခြင်းဖြစ်ကြောင်း သိရှိရသဖြင့် ၎င်းတို့အား ဥပဒေအရ အရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှုကျူးလွန်သူများကို ဆက်လက်စစ်ဆေးဖော်ထုတ်လျက်ရှိကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သတင်းရရှိသည်။

**(၅၀၁)**








မင်းယဉ်စု

# တွေးဆနှောင်များ ဝေးစွရှောင်ရှား

ကျွန်ုပ်တို့နိုင်ငံတော်ကြီးမှာ အရက်သေစာတွေကို မကြော်ငြာရဘူးလို့ တရားဝင်ထုတ်ပြန်ကြေညာထားပေမဲ့ နည်းအမျိုးမျိုး၊ ပုံစံအမျိုးမျိုးနဲ့ ကြော်ငြာပြီး ရောင်းချနေကြတာပါပဲ။ လောဘသားတွေအတွက် လောဘတက်အောင်ငွေသားကံစမ်းမဲတွေ မက်လောက်ဖွယ် ပေးကမ်းမြူဆွယ်ပြီး မသိကျိုးကျွန်ပြုရောင်းဝယ်ဖောက်ကားနေကြတာ လူတကာအမြင်ပါ။

ရောင်းသူရှိလို့ သောက်သူရှိသလို၊ သောက်သူတွေရှိလို့ ရောင်းသူတွေရှိနေတာ မွေ့တာပါ။ ဘယ်သူ့ဘယ်သူမှ အပြစ်ဆိုစရာ သိပ်မရှိပါဘူး။ ဒါပေမဲ့ ဈေးကတော့ ကြီးတယ်နော်။

အခုနေများတော့ ကြိုက်တတ်လို့သာ ဈေးကြီးပေးပြီး ဝယ်သောက်နေရတယ် အတုမှန်းမသိ၊ အစစ်မှန်းမသိနဲ့ ခါးခါးတူးတူးမူးရင်ပြီးရောဆိုပြီး မျက်စိစုံမှိတ်လို့ သောက်နေကြတာ ကျန်းမာရေးဘက်ကကြည့်ရင် အန္တရာယ်ကတော့ မသေးဘူးနော်။

နိုင်ငံခြားဖြစ်က ဈေးသိပ်ကြီးလို့ ပြည်တွင်းဖြစ်တွေပဲ ဝယ်သောက်မယ်ဆိုတော့လဲ အရည်အသွေးက စကားပြောပြန်ရော။ လက်နှစ်ဆစ်လောက်သာရှိတဲ့ လျှာကလေးက အရသာကိုသိလိုက်တာလွန်ပါရော။

အရက်အကြောင်းရေးရင်းနဲ့ အရက်ပုံပြင်ကလေးတွေကို သတိရလာမိသေးတယ်။

တစ်ခါတုန်းက ဆရာတော်ကြီးတစ်ပါးက စာရေးဆရာကြီး သော်တာဆွေကို မေးသတဲ့။

"ဟဲ့ . . . ကြင်ဆွေ . . . ရေနဲ့အရက်နွားရေ့ သွားချထားရင် နွားက ဘာကိုသောက်မလဲ" ဆိုတော့ ဆရာကြီးက -

"မှန်ပါ . . . ရေကိုသာ သောက်မှာပါ ဘုရား" လို့ ပြန်ဖြေတော့ ဆရာတော်ကြီးက ထပ်မေးတယ်။

"ဟဲ့ . . . ဘာဖြစ်လို့တုံး" ဆိုတော့

"မှန်ပါ . . . နွားမို့လို့ပါ ဘုရား" တဲ့။

အချို့ကလဲ ပြောကြတယ်။ ၃၁ ဘုံမှာ အရက်ရှိတာဟာ လူ့ဘုံပဲတဲ့။ ဒါကြောင့် ဒီဘုံရောက်တုန်း ဝအောင်သောက်ထားကြဆိုပဲ။

ဒီအဆိုကတော့ မှားပါတယ်။ နတ်ပြည်မှာလဲ အရက်ရှိသားပဲ။ အသုရာနတ်မင်းကြီးဟာ အရက်တွေမူးအောင်သောက်ပြီး အမူးပြေလို့ သခွတ်ပွင့်တွေကို မြင်မှ ကသစ်ပင်ရှိရာ တာဝတိံသာမဟုတ်မှန်းသိပြီး သိကြားမင်းဆီတက်လို့ စစ်သွားသွားတိုက်နေတာ မဟုတ်လား။ အဆိုတော် ဦးအံ့ကြီးတောင် သီချင်းဆိုထားသေးတယ်လေ။

နောက်ထပ်ကြားဖူးတာလေးတစ်ခုလဲ ရှိသေးတယ်။ အရက်ဟာ "မအိုဆေး" တဲ့။ အရက်သောက်တဲ့သူတွေဟာ ဘယ်တော့မှ အိုအောင်မနေကြရဘဲ အသက်တိုတိုနဲ့ သေကုန်ကြလို့ "မအိုဆေး" လို့ခေါ်တယ်ဆိုပဲ။

ပြောမဲ့သာပြောတာ ကျုပ်တို့တုန်းကလဲ သောက်ခဲ့ကြတာပါပဲ။

ညနေစောင်းလို့ ရုံးဆင်းရင် ဆရာတပည့်နှစ်ယောက် အိမ်မပြန်၊ အိတ်ထဲငွေနည်းရင် မြေပဲလှော်နဲ့ ကန်စွန်းပလိန်း၊ ငွေများရင်တော့ ဘဲကင်တွေ၊ ဝက်မွကြော်တွေနဲ့ ဆော်လိုက်ကြတာပါပဲ။

ဆူးလေဘုရားအဝိုင်းနားမှာ မူးပြီး လာသမျှ ကားတွေကို ခြေထောက်နဲ့ လှမ်းလှမ်းတားနေတာလဲ မှတ်မိပါရဲ့။

ဖောင်ကြီးသင်တန်းတက်ရာက ပြန်လာမဲ့မိန်းမကို သွားကြိုရင်း ကုက္ကိုပင်ထိုင်ခုံဝိုင်းမှာ မူးပြီး မှောက်နေတာလဲ မှတ်မိပါရဲ့။

ဩော် . . . ငယ်သူမို့ မသိပါပေါ့နော်။

ငယ်သေးတော့ အချိန်တန်ရင် ကွင်းခေါင်ခေါင်မှာ ငါ့သျှောင်ဘယ်သူဆွဲပါ့မလဲ ဆိုပြီး စောင့်နေတဲ့ အကောင်ပေါ့နော်။ နည်းနည်းလေး အလေ့အကျင့်များလာတော့ မစားခင် ဝီစကီ (Whisky)၊ စားနေစဉ်ဝိုင် (Wine)၊ စားပြီး ဘရန်ဒီ (Brandy) ဆိုပြီး တော့လဲ စာနဲ့အညီ အပီဆွဲခဲ့တာလဲ ရှိခဲ့တာပါပဲ။

ဩော် . . . အခုတော့ ကြက်ရေသောက်သေးမပေါက်သလို စားဖို့သောက်ဖို့သာသိ ဝင်ငွေမရှိတော့တဲ့ဘဝရောက်နေပြီဆိုတော့ "ကျောက်စရစ်ရေရှာမရသလို" ဖြစ်နေပါပြီပေါ့။

ယောင်တောင်တောင် ကြောင်တက်တက် မောင်းကျောက်မှန်တဲ့ကြက်လို ဘဝမျိုးရောက်နေပြီဆိုတော့ကာ "သုရာမေရယ မဇ္ဇပမာဒဋ္ဌာနာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ" ပေါ့။

မှတ်မိသေးတယ်။

အရင်တုန်းကတော့ ဝါတွင်းသုံးလရောက်ပြီဆိုရင် ဝါရှောင်ပြီး အရက်ကိုမသောက်ဘဲ နေလိုက်တာပါပဲ။

အဲ . . . ဝါထွက်ပြီဆိုရင်တော့ ဝါရှောင်ထားတဲ့ရက်တွေအတွက်ကိုပါ ထပ်တိုးပြီး အငြိုးနဲ့ တရစပ်သောက်နေတော့ သားသမီးတွေက ပြောကြတယ်။ "အဖေရယ် ဝါတွင်းမှာ သောက်ပြီး ဝါပမှာ ရှောင်ပါလား" တဲ့။ သိပ်လူလည်ကျတဲ့ သားသမီးတွေနော်။

ဒါနဲ့ စကားမစပ် "သုရာမေရယ" အကြောင်းကိုတော့ ခြေခြေမြစ်မြစ် သိကြပါရဲ့လား။

မြတ်စွာဘုရားရှင် မပွင့်ခင်အခါက သာသနာပကာလတစ်ခုသော တောအုပ်အတွင်းမှာ "သုရာ" အမည်ရှိတဲ့ ဆရာရသေ့နဲ့ "မေရယ" အမည်ရှိတဲ့ တပည့်ဖိုးသူတော်တို့ ရှိကြသတဲ့။

သူတို့နေတဲ့ ကျောင်းသင်္ခမ်းအနီးမှာ ခက်မငါးဖြာနဲ့ ပြည့်စုံတဲ့ကျည်းပင်ကြီးတစ်ပင်လဲ ရှိတယ်တဲ့။ အဲဒီကျည်းပင်ကြီးရဲ့ခွကြားမှာ အခေါင်းပေါက်ကြီးတစ်ပေါက်လဲ ရှိနေတယ်။

မိုးတွင်းအခါ အဲဒီကျည်းပင်အခေါင်းပေါက်ကြီးထဲ မိုးရေတွေပြည့်နှက်နေပြီး အကိုင်းအခက်တွေက ကြွေကျလာတဲ့ကျည်းပွင့်တွေနဲ့ ကျေးငှက်သာရကာတွေ သယ်ဆောင်လာတဲ့သလေးစပါးတွေ၊ မုယောစပါးတွေ၊ သစ်သီးဝလံတွေပါ အခေါင်းပေါက်ကြီးထဲကျရောက်ပြီး စိမ်ရည်ပမာဖြစ်နေပါသတဲ့။

အဲဒီအရည်တွေကို ငှက်တွေက သောက်စားရင်းပျော်ပါးနေကြပါသတဲ့။

တစ်နေ့ကျတော့ ငှက်တစ်ကောင်ဟာ သောက်စားပျော်ပါးမြူးထူးရွှင်ပျရင်း ရသေ့ကြီးရှေ့ ဖုတ်ခနဲပြုတ်ကျလာတယ်။ ရသေ့ကြီးက ကြည့်နေတုန်း ငှက်ကလေးက မသေဘဲ ဖြုန်းဆို ထပျံသွားတော့ ရသေ့ကြီး စိတ်ဝင်စားသွားပြီ။ တန်တော့ . . . ဒီအရည်ဟာ သေတတ်တဲ့အရည် မဟုတ်ပေဘူးဆိုပြီး ရသေ့ကြီး "သုရာ" က ဖိုးသူတော်ကြီး "မေရယ" ကို သစ်ခေါင်းထဲက အရည်တွေ တက်ယူခိုင်းပြီး ပထမလက်ကလေးနဲ့ တို့ပြီး မြည်းကြည့်။ နောက်လျှာကလေးနဲ့ လျက်ကြည့်။ နောက်တော့ နည်းနည်းလေးသောက်ကြည့်။ အမယ် . . . ချိုချိုအေးအေး မွှေးမွှေးမြမြ ပြင်းရှရှလေး။

ကောင်းမှန်းသိသွားပြီး ဆရာတပည့်နှစ်ယောက် ခွက်လှည့်ပြီး သောက်လိုက်ကြတာ နောက်ဆုံးတော့ ရီဝေရီဝေဖြစ်ပါလေရော။

အဲဒီအခါ ဘုရင့်ထံသွားပြီး ဆက်သရရင်ဖြင့် ဆုတော်လာဘ်တော်တွေ အများကြီးရလောက်တယ် အကြံနဲ့ ဆရာတပည့်နှစ်ယောက် ဘုရင့်ထံသွားပြီး ဆက်သကြတာပေါ့။

ဘုရင်ဆိုတာမျိုးက ပြောတိုင်းမယုံ၊ ကြုံတိုင်းလဲ ချက်ချင်းလက်မခံ ဖြစ်ကြလေတော့ အနားက ကြောင်ကလေးကို အရင်တိုက်ကြည့်ပါလေရော။ ဘာပြောကောင်းမလဲ ကြောင်ကလေးက သောက်လဲပြီးရော ဆန့်ငင်ဆန့်ငင်နဲ့ ယိမ်းထိုးပြီး ယိုင်နေတော့ ဘုရင်ကြီးက သူ့ကို လုပ်ကြံတယ်ထင်ပြီး ပါးကွက်အာဏာသားတွေလက် ဝကွက်အပ်ပြီး "သတ်စေ" လို့ တစ်ချက်လွှတ်အမိန့်တော် ချမှတ်လိုက်ပါလေရော။

သူတို့ ဆရာတပည့်ကိုသတ်ပြီးမှ ကြောင်ကလေးလဲ မူးယစ်ရီဝေနေရာက လူးလဲထလာပြီး အကောင်းပကတိပြန်ဖြစ်သွားတော့ ဘုရင်ကြီးက စိတ်ဝင်စားလာပြီး သောက်ကြည့်တဲ့အခါ ဘာပြောကောင်းမလဲ ကောင်းမှန်းသိသွားတာပေါ့ဗျာ။

ဒါကြောင့် "သုရာမေရယ" အဲဒီက စပါတယ်။

မသောက်ကြပါနဲ့။ သောက်မိရင် အစရှိ အနောင်နောင် မရှောင်နိုင်အောင် စွဲမက်ဖြတ်ရခက်ပြီး ရှေ့ဆက်ရမဲ့ဘဝထဲမှာ အလဲလဲအကွဲကွဲဖြစ်တတ်လွန်းလို့ မသောက်ဖို့ ဆော်ဩလိုက်ပါတယ်။

> ❖ မြတ်စွာဘုရားရှင် မပွင့်ခင်အခါက သာသနာပကာလတစ်ခုသော တောအုပ်အတွင်းမှာ "သုရာ" အမည်ရှိတဲ့ ဆရာရသေ့နဲ့ "မေရယ" အမည်ရှိတဲ့ တပည့်ဖိုးသူတော်တို့ ရှိကြသတဲ့။ သူတို့နေတဲ့ ကျောင်းသင်္ခမ်းအနီးမှာ ခက်မငါးဖြာနဲ့ပြည့်စုံတဲ့ ကျည်းပင်ကြီးတစ်ပင်လဲ ရှိတယ်တဲ့။ အဲဒီကျည်းပင်ကြီးရဲ့ခွကြားမှာ အခေါင်းပေါက်ကြီးတစ်ပေါက်လဲ ရှိနေတယ်။ မိုးတွင်းအခါ အဲဒီကျည်းပင်အခေါင်းပေါက်ကြီးထဲ မိုးရေတွေပြည့်နှက်နေပြီး အကိုင်းအခက်တွေက ကြွေကျလာတဲ့ကျည်းပွင့်တွေနဲ့ ကျေးငှက်သာရကာတွေ သယ်ဆောင်လာတဲ့ သလေးစပါးတွေ၊ မုယောစပါးတွေ၊ သစ်သီးဝလံတွေပါ အခေါင်းပေါက်ကြီးထဲ ကျရောက်ပြီး စိမ်ရည်ပမာဖြစ်နေပါသတဲ့။ အဲဒီအရည်တွေကို ငှက်တွေက သောက်စားရင်း ပျော်ပါးနေကြပါသတဲ့။ ❖

# ကလေးမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မိုးနှမ်း ၃၅၂၅ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်

**ကလေး ဇွန် ၁၂**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင် ကလေးမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မိုးနှမ်း ၃၂၅၂ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ကလေးမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးနိုင်ဝင်းထွန်းက ပြောပြ၍ သိရသည်။

ကလေးမြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ မိုးနှမ်း ၂၄၇၇၉ ဧက စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် မေလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၃၂၅၂ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ကလေးမြို့နယ်အတွင်း မိုးနှမ်း ၂၄၇၇၉ ဧက စိုက်ပျိုးဖို့ လျာထားခဲ့ပါတယ်။ လက်ရှိမှာတော့ မိုးနှမ်း ၃၂၅၂ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ မိုးနှမ်းဧကလျာထားချက်ပြည့်မီအောင်စိုက်ပျိုးသွားမှာပါ။ နှမ်းစိုက်ဧကတိုးချဲ့စိုက်ပျိုးနိုင်ဖို့၊ အထွက်နှုန်းကောင်းမွန်ဖို့၊ GAPနည်းစနစ်တွေနဲ့ စိုက်ပျိုးဖို့လဲ ဆောင်ရွက်ပေးနေပါတယ်" ဟု ကလေးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးနိုင်ဝင်းထွန်းက ပြောပြ၍ သိရသည်။

ယခုနှစ် ကလေးမြို့နယ်တွင် မိုးနှမ်းစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများက နှမ်းစိုက်ဧကတိုးချဲ့စိုက်ပျိုးနိုင်ရေး၊ GAP နည်းစနစ်များဖြင့် စိုက်ပျိုးနိုင်ရေး၊ မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးနိုင်ရေး၊ အထွက်နှုန်းကောင်းမွန်သည့်မျိုးများ စိုက်ပျိုးနိုင်ရေးအတွက် အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

GAP နည်းစနစ်ဖြင့် စိုက်ပျိုးထုတ်လုပ်သည့် သီးနှံများသည် အခြားစိုက်ပျိုးနည်းစနစ်များဖြင့် စိုက်ပျိုးထုတ်လုပ်ထားသည့် သီးနှံများထက် အရည်အသွေး ပိုမိုကောင်းမွန်ခြင်း၊ ဈေးနှုန်း ပိုမိုရရှိခြင်း၊ ပြည်တွင်းဈေးကွက်တွင်သာမက ပြည်ပဈေးကွက်များထိ တင်ပို့ရောင်းချနိုင်ခြင်း စသည့် အကျိုးကျေးဇူးများကြောင့် GAPနည်းစနစ်ဖြင့် စိုက်ပျိုးထုတ်လုပ်သည့် တောင်သူများ



အနေဖြင့်လည်း အကျိုးစီးပွား ပိုမိုဖြစ်ထွန်းကာ လူမှုစီးပွားဘဝများ တိုးတက်လာမည်ဖြစ်ကြောင်း ကလေးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးနိုင်ဝင်းထွန်းထံမှ သိရသည်။

(၂၀၆)

# သေတ္တာဟောင်းလေး

ချစ်သက်(မြန်မာစာ)



(၁)

"လွန်ခဲ့သောတစ်လခန့်က ဘဝတစ်ပါးကို ကူးပြောင်းသွားသော ကျောင်းဒါယိကာမကြီး ဒေါ်သောင်းစိန်ကိုရည်စူး၍ ကျန်ရစ်သူသား မောင်ဇော်နိုင်၊ သမီး မသူဇာဝင်းတို့၏ ကောင်းမှုကို ရောက်ရာဘုံဌာနကနေ သာဓု အနုမောဒနာ ခေါ်ဆိုနိုင်ပြီး မြတ်သော နိဗ္ဗာန်ဘုံသို့ ရောက်ရှိခံစားနိုင်ပါစေ"

အမျှ အမျှ အမျှ ယူတော်မူကြပါကုန်လော့. . .

ဆရာတော်၏ အမျှဝေသံသည် ပတ်ဝန်းကျင် တစ်ခုလုံးဖုံးလွှမ်းလျက် ရှိတော့သည်။ ရေစက်ခွက်ကို ကိုင်ကာ ရေစက်ချနေသော မောင်ဇော်နိုင်နှင့် မသူဇာဝင်းတို့ မျက်ဝန်းမှ မျက်ရည်တို့ စီးကျလာသည်။

"အမေနဲ့အဖေရေ သားတို့ ပြုသမျှ ကောင်းမှု အစုစုတို့ကို အမေနဲ့အဖေ ရပါစေဗျာ"

မောင်ဇော်နိုင်သည် ပါးစပ်ကလည်း ပြောရင်း စီးကျလာသော မျက်ရည်တို့ကို လက်ဖြင့်သုတ်လိုက်၏။

"အမေ့အပေါ်မှာ သားတို့ မသိတတ်တာရှိရင် ရှိခဲ့ပေမယ့်။ သားတို့မောင်နှမ နှစ်ယောက်စလုံး ပေးကျွေးခဲ့တာ အမေအသိပါဗျာ။ အမေ အေးအေးချမ်းချမ်း အနားယူပါတော့။ နောက်ဘဝရှိခဲ့ရင် အမေ၊ အဖေရဲ့ သားအဖြစ် ဖြစ်ပါစေလို့ သားဆုတောင်းပါတယ်"

မသူဇာဝင်းသည် အစ်ကို၏ လက်ကိုကိုင်ရင်း-

"နောက်ဘဝမှာ အမေ့သမီးပဲ ဖြစ်ချင်ပါတယ် အမေ"

မောင်နှမနှစ်ယောက်၏ မြင်ကွင်းကိုမြင်ရသူအဖို့ ထပ်တူထပ်မျှ ကြေကွဲခံစားကြရလေတော့သည်။သံဃာတော်များလည်း တရားချီးမြှင့် ဆွမ်းဘုဉ်းပေးပြီးပြီမို့ ကျောင်းသို့ ပြန်ကြွသွားလေတော့သည်။ ရေစက်ခွက်ဘေး၌ သခင်မဲ့နေသော သေတ္တာဟောင်းလေးမှာ အေးချမ်းစွာ တည်ငြိမ်လျက်ရှိနေသည်။ ပိုင်ရှင် ဒေါ်သောင်းစိန်က စိတ်ချလက်ချ ထားခဲ့ဟန်တူပေသည်။ သေတ္တာဟောင်းလေး၏ ရာဇဝင်ကို ဒေါ်သောင်းစိန်မှ တစ်ပါး မည်သူက သိနိုင်ပေမည်နည်း။

(၂)

ဒေါ်သောင်းစိန်သည် ခင်ပွန်းမရှိသည့်နောက် သား၊သမီးနှစ်ယောက်၏ အိမ်ကိုလိုက်မနေဘဲ တစ်ကိုယ်တည်းသာ နေထိုင်ခဲ့သည်။ မိမိပိုင်ဆိုင်သော ခြံကွက်ကလေးထဲ၌ ရာသီသီးနှံများကို စိုက်ပျိုးရင်း ဝမ်းရေးကို အေးချမ်းစွာ ဖြေရှင်းလျက်ရှိပေသည်။ အိမ်ထောင်အသီးသီးကျသွားသော သားနှင့်သမီးက မိမိတို့နှင့် အတူနေရန်ပြောသော်လည်း ဒေါ်သောင်းစိန်မှာ အကြောင်းအမျိုးမျိုးပြ၍ ငြင်းဆန်ခဲ့လေသည်။ မိဘတို့၏တာဝန် ကျေပွန်ပြီဟု ခံယူထားသော ဒေါ်သောင်းစိန်။ တစ်နေ့ သားကြီးမောင်ဇော်နိုင်ဇနီး နှင့်အတူ မိခင်အိမ်သို့ အလည်ရောက်ရှိလာခဲ့သည်။

"ဟဲ့ ကလေးတွေ သွားသွား။ ငါ့ဆီးသီးတွေမကောက်နဲ့။ နင်တို့စားဖို့ ငါစိုက်ထားတာ မဟုတ်ဘူး။ ငါစားဖို့ဟဲ့"

မနက်စောစောစီးစီး ကျောင်းသားကလေးများသည် ဒေါ်သောင်းစိန်၏ ခြံထဲကိုဝင်၍ ဆီးသီး ဝင်ကောက်ကြသည်။ ဒေါ်သောင်းစိန်၏အသံကို ကြားသည်နှင့် ကလေးများ ပြေးကြလေတော့၏။

"အမေတို့ကလဲ စောစောစီးစီးအော်နေတော့တာပဲ။ ဆီးသီးမြင်ရင် ဝင်ကောက်မှာပေါ့ အမေရာ။ ကလေးတွေပဲ။ အမေတို့က တအားတွန့်တိုတာပဲ။ ဆီးသီးတွေကို နောက်မကောက်စေချင်ရင် အမေ သူတို့ထက် စောစောထကောက်"

သားဇော်နိုင်၏ စကားကို ကြားသည်နှင့်-

"တွန့်တိုရမယ် သားရေ။ အမေက ခြံထွက်လေးတွေ ရောင်းစားနေတာ။ ဆီးသီးနို့ဆီဘူး တစ်ဘူး သုံးရာ နည်းသလား။ ငါတော့ မပေးနိုင်ဘူး။ သားတို့ လိုလဲ မရှာနိုင်တော့ဘူး။ လူက လုပ်ချင်ပေမဲ့ ဇရာက ပြနေပြီ"

ထိုအဖြစ်အပျက်ပြီးသည့် နောက်တစ်နေ့ ကစပြီး ဒေါ်သောင်းစိန်အစောကြီးထ၍ ဆီးသီးကောက်နေတော့သည်။

(၃)

ဒေါ်သောင်းစိန်သည် သေတ္တာအို အဟောင်းလေးကို ဖွင့်၍ အပျိုဘဝက ဝတ်ခဲ့သော အဝတ်များကို ထုတ်၍ ကြည့်နေသည်။ ထို့နောက် အဝတ်ထဲသို့ ပရုတ်လုံးများကို ထည့်လိုက်၏။

"အမေရယ် အဲသေတ္တာကို လွှင့်ပစ်လိုက်ပါ။ သား အသစ်ဝယ်ပေးမယ်၊ အမေ့ဟာက သံချေးကိုက်ပြီး ဟောင်းနေပြီ"ဒေါ်သောင်းစိန်သည် သားကိုကြည့်၍ မျက်စောင်းတစ်ချက် ထိုးပစ်လိုက်၏။

"အမယ် အမေ နှမြောနေတာလား။ လက်က ဆေးလိပ်လဲ ချပါအုံး အမေရယ်၊ သောက်နေတာ ပြတ်တယ်ကို မရှိဘူး"

"ဟဲ့ ငါကြိုက်လို့ငါသောက်တာ။ ဒီ သေတ္တာက မင်းတို့အဖေပေးခဲ့တဲ့ မင်္ဂလာခန်းဝင်ပစ္စည်းလေးဟဲ့။ ငါ ဘာနဲ့မှ မလဲနိုင်ဘူး။ ငါ့အတွက်ကတော့ တန်ဖိုးဖြတ်မရတဲ့ ပစ္စည်းဟဲ့ မောင်ဇော်ရဲ့"

မောင်ဇော်နိုင်သည် မိခင်၏ အရိပ်အကဲကို ကြည့်၍ ထပ်မံစလိုက်ပြန်၏။

"အမယ် အမေက သွားလေသူကို အချစ်သားဟဲဟဲ"

"ချစ်တာပေါ့အေ။ ချစ်တာပေါ့။ ငါ ချစ်လွန်းလို့ နင်တို့ လူဖြစ်လာတာလေ။ ငါပြောလိုက်ရ"

"ကဲ အမေ ထမင်းစားကြမယ်။ ကိုဇော် အမေ့ကို စ မနေနဲ့။ ထ ထမင်းစားကြမယ်"

မောင်ဇော်နိုင်၏ ဇနီးက ထမင်းစားရန်ပြောလိုက်မှ သားအမိနှစ်ယောက် စကားပြတ်သွား၏။

(၄)

သားနှင့်သမီး အလည်မလာသည်မှာ ကြာပြီမို့ ဒေါ်သောင်းစိန် မျှော်နေရှာ၏။ သမီးက ဝန်ထမ်းမို့ မအားသေးဘူး၊ ခွင့်မရသေးဘူး အကြောင်းပြချက်ဖြင့် မိခင်ထံ မလာနိုင်ကြောင်း ပြောရှာသည်။ သားကြီးမှာလည်း မြေအရောင်းအဝယ်မှာ အလွန်အဆင်ပြေသောကြောင့် မလာနိုင်သေးကြောင်း အကြောင်းပြချက်ဖြင့် မိခင်ထံ ရောက်မလာခဲ့ပေ။ သားသမီးနှစ်ယောက် လာမည့်ရက်ကို လက်ချိုးရေတွက်နေသည်မှာ ဒေါ်သောင်းစိန်သာ ဖြစ်နေသည်။ တစ်နေ့ သားကြီး၏ ထံမှ ဖုန်းဝင်လာတော့သည်။

"ဟဲလို သားလား"

တစ်ဖက်မှ အသံတိတ်နေ၏။

"ဟဲလို သားကြီး မောင်ဇော်လား"

"အမေ့ သမီးပါ။ အမေ့ကို အစ်ကို မရှိတုန်း စကားပြောချင်လို့"

ချွေးမ၏ ပဟေဠိဆန်သောစကားကြောင့် ဒေါ်သောင်းစိန် အံ့အားသင့်သွားသည်။ ထို့နောက်-

"သမီး ပြောလေ။ မောင်ဇော် ဘာဖြစ်လို့လဲ"

"အမေ့သား အခုတလော အိမ်ပြန်လာတာ နောက်ကျနေတယ်။ မြေအရောင်းအဝယ်ကလဲ အဆင်ပြေတော့၊ အမေ့သား သမီးကွယ်ရာမှာ တစ်ခုခုဖြစ်မှာ စိုးတယ် အမေ။ သမီးပြောတော့ အလုပ်ကိစ္စ၊ အလုပ်ကိစ္စပဲ ပြောတယ်။ ဘီယာအနံ့တွေက ပြောမနေနဲ့။ ပိုက်ဆံကို ရသလောက်သုံးနေတယ်။ ရှာတာနဲ့ သုံးတာ မလောက်ဘူးအမေ။ ခုတလော အသုံးအဖြုန်း တအားကြီးတာပဲ။ အမေ အမေ့သားကို ကြည့်ပြောပါအုံး"

ချွေးမ ဘာကိုဆိုလိုကြောင်း ဒေါ်သောင်းစိန် ချက်ချင်းသဘောပေါက်၏။

"အေးပါ သမီးရယ်။ အမေ ကြည့်ပြောပါ့မယ်။ သမီးသာ အဆင်ပြေအောင်နေ"

သားကိစ္စအတွက် ဒေါ်သောင်းစိန် မည်သို့လုပ်ရမည်ကို စဉ်းစားနေပြန်၏။

(၅)

"ဟဲလို သား မောင်ဇော်လား"

"ဟုတ်တယ် အမေ။ အမေ ဘာဖြစ်လို့လဲ။ နေမကောင်းလို့လား"

"အဟွတ် အဟွတ်"

ဒေါ်သောင်းစိန်သည် နေမကောင်းဟန် ချောင်းဟန့်လိုက်၏။

"အမေ ချောင်းဆိုးနေတာလား။ သား အပြင်မှာ အမေရဲ့။ အလုပ်ကိစ္စလေး လုပ်နေလို့"

"ဒါဆို အမေ ဖုန်းချလိုက်တော့မယ်နော် "

ပျော့ပျောင်းသော လေသံဖြင့် စကားကို ပြောလိုက်၏။

"အားပါတယ် အမေ။ ပြောပါ"

"သားရေ အမေဆေးခန်း သွားချင်တယ်။ ချောင်းဆိုးတာ ပျောက်နိုးနိုး ပျောက်နိုးနိုးနဲ့ မြန်မာဆေးဝါးတွေကို မှီဝဲနေတာ မသက်သာဘူး သား။ အဲဒါ ဆေးခန်းသွားမလားလို့"

"သား သဘောပေါက်ပြီအမေ။ သား အမေ့ဆီ မလာနိုင်ပေမဲ့ ဆေးဖိုးလွှဲလိုက်မယ်။ အမေ့သမီးတော့ မသိစေနဲ့"

မိမိ ဖန်တီးထားသော အကွက်ထဲကို သားဖြစ်သူ မောင်ဇော်ဝင်လာပြီမို့ ဒေါ်သောင်းစိန် ကျေနပ်နေ၏။

"သား ကျန်မာရေး ဂရုစိုက်နော်။ အိမ်ကို စောစောပြန်နော်။ ညဥ့်မနက်စေနဲ့။ အလုပ် လုပ်တာလဲ လုပ်ပေါ့ကွယ်။ အိမ်မှာ သားနဲ့ သမီးက စောင့်နေမှာ"

"ဟုတ်ကဲ့ပါ အမေ။ အမေ့ကျန်းမာရေးသာ ဂရုစိုက်။ သားတို့က လာနိုင်တာ မဟုတ်ဘူး"

ဒေါ်သောင်းစိန် တစ်ယောက် အသုံးအဖြုန်းကြီးသော သားကို ထိန်းချုပ်ရန် အကွက်များကို စတင်ရွှေ့နေတော့သည်။

(၆)

ဒေါ်သောင်းစိန်သည် တစ်လတစ်လ အကြောင်းအမျိုးမျိုးပြကာ သားမောင်ဇော်ထံ ပိုက်ဆံများကို တောင်းနေ၏။ မောင်ဇော်သည်လည်း လိုသည်ထက် မိခင်ကို ပိုက်ဆံပို့ပေး၏။

"အမေ အမေ့သမီးတော့ မသိစေနဲ့။ သားပိုက်ဆံပို့ပေးလိုက်မယ်"

"အေးပါ သားရယ်။ အမေလဲ မသေခင် ဘုန်းကြီးကျောင်းမှာ အခန်းတစ်ခန်း အမေ့အမည်နဲ့လှူချင်လို့ပါ။ အမေ့သားလဲ သာဓုခေါ်ပေါ့ကွယ်။ ကျန်းမာရေးလဲ ဂရုစိုက်။ ပိုက်ဆံလဲ စုပေါ့။ ငါ့သားကြီး မောင်ဇော် အသက်ရှည်လို့ ဘုန်းကြီး စီးပွားရေးလဲ အဆင်ပြေပါစေ"

မောင်ဇော်နိုင် တစ်ယောက် မိခင်အတွက် ပိုက်ဆံကို ချွေတာသုံးရ၏။ တစ်လ၊ တစ်လ ဘယ်လို အကြောင်းပြချက်နှင့် ပိုက်ဆံ တောင်းမလဲဟု ကြိုတင်တွေးနေရ၏။ ပိုက်ဆံစုရ၏။ အမျိုးသမီး သိသလိုတစ်မျိုး မသိသလို တစ်မျိုး မိခင်ကိုပေးနိုင်ရန် ကြိုးစား၍ အလုပ်လုပ်ရလေသည်။ အသောက်အစားလဲ ကင်းလာသလို အိမ်ကိုလည်း စောစောပြန်တတ်လာသည်။ အိမ်ဟင်း၊ အိမ်ထမင်းကို ပို၍ နှစ်ခြိုက်လာလေသည်။

"ဟဲလို ညီမလေး သူဇာလား။ အစ်ကိုကြီးပါ။ ပြောစရာရှိလို့"

"အစ်ကိုကြီး ပြောလေ"

"အမေ့ အကြောင်းပေါ့။ အမေ ဒီနှစ်တွေမှာ ချူချာနေတယ်။ အစ်ကိုကြီး ပိုက်ဆံလွှဲပေးထားတယ်။ လတိုင်းပဲ။ အခုလဲ ဘုန်းကြီးကျောင်းမှာ အခန်းတစ်ခန်း လှူချင်လို့တဲ့။ အစ်ကိုကြီး ပိုက်ဆံပေးလိုက်တယ်ကွာ။ အမေ စိတ်ဆင်းရဲမှာစိုးလို့။ သားသမီး ဝတ္တရားတွေ ကျေချင်တယ် ညီမလေး။ ဒါပေမဲ့ အမေ ပိုက်ဆံညာတောင်းပြီး နှစ်လုံး သုံးလုံးတွေဆော့နေလား မသိဘူး"

စာမျက်နှာ ၂၅ သို့ ➤

# ခင်ဦးမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၉၃၆၅ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်


ယခင်နှစ်က မြေပဲစိုက်ခင်းကို တွေ့ရစဉ်။

**ခင်ဦး ဇွန် ၁၂**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ခင်ဦးမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌မြေပဲ ၉၃၆၅ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ခင်ဦးမြို့နယ် စိုက်ပျိုးရေး ဦးစီးဌာနမှ သိရသည်။

ခင်ဦးမြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၄၆၈၂၆ ဧက စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် မေလမှစတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၉၃၆၅ ဧကစိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ခင်ဦးမြို့နယ်မှာ ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ မြေပဲဧက ၄၀၀၀၀ ကျော်စိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိ ဧက ၉၀၀၀ကျော် စိုက်ပျိုးပြီးပါပြီ။ လျာထားချက်ဧကပြည့်မီစွာစိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်လျက်ရှိပါတယ်"ဟု ခင်ဦးမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးနေဝင်းနိုင်က ပြောပြသည်။

ခင်ဦးမြို့နယ်တွင် မြေပဲစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းရေး၊ ပိုးမွှားရောဂါကျရောက်မှုမရှိစေရေး၊ ပေါင်းမြက်ကင်းစင်စေရေးအတွက် စိုက်ခင်းများအတွင်း ကွင်းဆင်းပြီး ကင်းထောက်မှတ်တမ်းများယူခြင်းတို့ကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများက ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

(၂၀၆)

# ကြာအင်းဆိပ်ကြီးမြို့နယ် ကမော့ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**ကြာအင်းဆိပ်ကြီး ဇွန် ၁၂**

ကရင်ပြည်နယ် ကြာအင်းဆိပ်ကြီးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကြာအင်းဆိပ်ကြီးမြို့နယ် ကမော့ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်နေမှုကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် ကြာအင်းဆိပ်ကြီးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးညွန့်ဇော်၊ မြို့နယ်ဦးစီးမှူး ဦးဟိန်းမင်းနှင့်ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များနှင့်အတူ ကမော့ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေများဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အရောင်းအဝယ် လုပ်ငန်းများ ဆောင်ရွက်ထားရှိမှု၊ ငွေစာရင်းပုံစံများစနစ်တကျ ဖြည့်သွင်းထားခြင်း ရှိ၊ မရှိ အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူး ဦးညွန့်ဇော်က မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေများ ဆုံးရှုံးမှုမရှိစေရေး၊ စီမံကိန်း ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် သက်ဆိုင်သူအားလုံးက ဝိုင်းဝန်း ထိန်းသိမ်းကြရန် ဆွေးနွေး မှာကြားသည်။

ကမော့ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ကို၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် ရန်ပုံငွေကျပ်သန်း ၃၀ ဖြင့် စတင်ဆောင်ရွက်ခဲ့ပြီး နဝမနှစ် စက်ဝန်းအဖြစ်စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၁၈ ဦးကို မြစိမ်းရောင်ကျေးရွာ စီမံကိန်း ရန်ပုံငွေကျပ် ၅၅ ဒသမ ၁၅ သန်း ထုတ်ချေးပေးထားကြောင်း ကြာအင်းဆိပ်ကြီးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင် ဦးစီးမှူး ဦးညွန့်ဇော်ထံမှ သိရသည်။

**ကိုသက်**

➤ စာမျက်နှာ ၂၄ မှအဆက်

"ညီမလေးလဲ အဲ အကြောင်း ပြောမလို့ အစ်ကိုကြီးရေ။ ညီမလေးလဲ လူသာ အမေ့ဆီ မရောက်တာ ပိုက်ဆံက လတိုင်းပို့နေတာ"

"ညီမလေးရေ ဒီနှစ်ထဲတော့ အမေ့ဆီရောက်အောင်သွားကြမယ်နော်"

"ဟုတ်ကဲ့ အစ်ကိုကြီး ဒါပဲနော်။ ဘိုင့်ဘိုင်"

(၇)

"ကဲ မောင်ဇော် မင်းအမေ မှာထားတဲ့အတိုင်း ဒီသေတ္တာဟောင်းလေးကို သူသေပြီး တစ်လကြာရင် မင်းတို့ မောင်နှမနှစ်ယောက် ဖွင့်ကြည့်တဲ့ ရော့ သေတ္တာ သော့"

အုပ်ချုပ်ရေးမှူးပေးသော သော့တွဲကို မောင်ဇော်နိုင် လှမ်းယူလိုက်၏။ မောင်ဇော်နိုင်သည် သေတ္တာဟောင်းကလေးကို ကြည့်လိုက်သည်။ မိခင်၏ စကားကို ကြားယောင်နေသည်။

"မောင်ဇော် ဒါ မင်းအဖေ မင်္ဂလာခန်းဝင်ပေးထားတဲ့ မင်္ဂလာဦး လက်ဖွဲ့။ ဒါကြောင့် အမေ့အသက်ထက် ချစ်ရတဲ့ သေတ္တာလေး"

"အမေ သားတို့မောင်နှမ နှစ်ယောက် တာဝန်ကျေပါတယ်နော်။ အမေလိုသမျှ ပိုက်ဆံတွေ ပို့ပေးခဲ့တယ်နော်။ အမေ့ဆီကို မလာခဲ့တာတွေအတွက် သားတောင်းပန်ပါတယ်"

မောင်ဇော်သည် လက်အုပ်ချီကာ မိခင်ကို တောင်းပန်ရင်း မိခင်၏ သေတ္တာဟောင်းလေးကို ညီမဖြစ်သူနှင့်အတူ ဖွင့်လိုက်၏။ သေတ္တာဖွင့်လိုက်ချင်းပင် ပရုတ်လုံးအနံ့က ထွက်လာ၏။ အထပ်လိုက် စီထားသော အင်္ကျီများကို မြင်ရလေသည်။ မောင်ဇော်သည် အဝတ်များ တစ်ခုချင်းအပြင်ကို ထုတ်၍ချသည်။ အဝတ်များ ကုန်ခါနီးတွင် တစ်သောင်းတန် ပိုက်ဆံအထပ်လိုက်ကို မောင်ဇော် တွေ့လိုက်၏။ မောင်နှမနှစ်ယောက်၏ မျက်ဝန်းထဲတွင် အံ့သြခြင်း အမူအရာတို့မှာ ပေါ်လွင်လှပေသည်။ မောင်ဇော်သည် ပိုက်ဆံထုပ်ကို ကိုင်လိုက်၏။ ပထမဆုံး ပိုက်ဆံအထုပ်၌ မပီမပြင်သောလက်ရေးဖြင့် ရေးထားသော စာတန်းကို တွေ့ရသည်။

"ဆေးခန်းပြရန် သားမောင်ဇော် ပေးငွေ"

မောင်ဇော် ပေးသမျှကို စာရေး၍ သေချာရေးမှတ်ထားသော ပိုက်ဆံတို့ကို တစ်ထပ်ပြီး တစ်ထပ် မောင်ဇော်တွေ့လိုက်ရသည်။ အောက်ဆုံးအထပ်၌ ဘူးဟု ထင်ရသော ပစ္စည်းကို လက်ကိုင်ပဝါဖြင့် ဖုံးအုပ်ထား၏။ မောင်ဇော်သည် ပုဝါကို ဖယ်လိုက်ချိန်တွင် အသင့်လုပ်ထားသော ရွှေဆွဲကြိုးနှစ်ကုံးကို တွေ့မြင်ရပြန်သည်။ ဆွဲကြိုးအောက်၌ စာတစ်ရွက်။ မောင်ဇော်သည် အလျင်အမြန် စာရွက်ကို ကောက်ဖတ်လိုက်၏။

"သား မောင်ဇော် သား ဒီဂျာကိုဖတ်နေချိန်မှာ အမေ လူလောကမှာရှိမယ် မထင်တော့ဘူး။ သားနှင့်သမီးဒို့ပေးတဲ့ ပိုက်စံတွေကို အမေ တစ်ပြားတစ်ချပ်မှ မသုံးပါဘူးကွယ်။ အဲ့ ဆွဲကြိုး နှစ်ကုံးဟာ အမေဆုဒါးဒဲ့ ပိုက်စံရယ်။ သားကို ဘုန်းကြီးကျောင်းမှာ အခန်းတစ်ခန်း လှူမယ်လို့ ညာတောင်းဒဲ့ ပိုက်စံတွေကို ပေါင်းပြီး လုပ်ထားဒါပါ။ အမေ မရှိဒေါ့ ဒဲ့နောက် ညီမလေးကို ကရုစိုက်ပြီး ခင်ပွန်းကောင်း ပီသတဲ့သူ ဖြစ်အောင် ကြိုးစားနေထိုင်ပါကွယ်။ ပိုက်စံကို ရှာမဖြုံးဘာနဲ့မောင်ဇော်။ အမေ ချစ်ရသော သားနဲ့သမီး"

မောင်ဇော်သည် မိခင်၏ စာကို ဖတ်ပြီးပြီးချင်း မျက်ဝန်းမှ မျက်ရည်တို့ စီးကျလာတော့သည်။ မိခင် လုပ်ရပ်နှင့် မိမိ၏ ထင်မြင်ယူဆချက်တို့မှာ အလွဲကြီး လွဲခဲ့လေသည်။ ဒေါ်သောင်းစိန်၏ စာလုံးပေါင်းသတ်ပုံ အမှားများနှင့် လက်ရေးမှာမပီမသဖြစ်သော်လည်း မိခင်တစ်ယောက်၏ မေတ္တာကို ပီပီသသဖော်ပြထားသည်ကို သေတ္တာဟောင်းလေးက သက်သေပြလျက်ရှိပါတော့သည်။

## ကရုဏာအပြုံး

\- ကရုဏာ အပြုံးပွားလို့
အမုန်းမထား လူတိုင်းအပေါ်၊
စာနာဖွယ် စိတ်ကောင်းမွေး
နွေးထွေးစဉ်နော်၊
မေတ္တာတရား ဖြန့်ကြက်ပျော်
ဖေးမခေါ် လူသားချင်း၊
စေတနာ ရင်မှာပျိုးလို့
မြတ်နိုးရင်တွင်း။

\- သိပညာ ရောင်အလင်းနဲ့
အမှောင်ခွင်း လူတို့ဘောင်၊
ပရအကျိုးကို ရည်မျှော်မှန်း
ထမ်းရွက်ခုနောင်၊
မိုက်အတ္တ ဖယ်ကြဉ်ရှောင်
ကောင်းမှုဆောင် စိတ်ကိုဖွင့်၊
ဆိုးကောင်းထွေ အမှန်အမှား
ပိုင်းခြားချိန်ချင့်။

\- ကိုယ့်ဂုဏ်ရည် အမှန်တင့်ဖို့
ကြံ့ညဏ်မြင့် ဘဝမှာ၊
လောကဓံကို ရင်ဆိုင်သွား
ကျော်လွှားကြပါ၊
တန်ဖိုးရှိ လူသားပမာ
လျှောက်လှမ်းကာ နေထိုင်မနွေး၊
စိတ်သန္တာန်မှာ တန်ခိုးထွားလို့
ကြိုးစားမယ်လေး။ ။

**ရဲသွေးနီ(တက်ဝန်)**

# ပျော်ဘွယ်မြို့နယ် ဆိတ်ချိုကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ပျော်ဘွယ် ဇွန် ၁၂**

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းခရိုင် ပျော်ဘွယ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ဆိတ်ချိုကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်း ရန်ပုံငွေ ထုတ်ချေးခြင်းကို ယနေ့ နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ် ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ပျော်ဘွယ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအေးမင်းနိုင်က မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့ကျစေရန်နှင့်တစ်နိုင်တစ်ပိုင်စိုက်ပျိုးရေး၊ မွေးမြူရေး လုပ်ငန်းများနှင့် အခြားမိသားစုဝင်ငွေတိုး စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ ထုတ်ချေးပေးရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက စီမံကိန်းအကြောင်းအရာများ၊ အတိုးနှုန်းကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် ၃၄၁ ဒသမ ၅ သိန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက ဆိတ်ချိုကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၃၄ ဦးကို ငွေကျပ် ၆၈ သိန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၇၅ ဦးကိုငွေကျပ် ၂၄၁ ဒသမ ၅ သိန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ၁၆ ဦးကို ငွေကျပ် ၃၂ သိန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၂၅ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ် ၃၄၁ ဒသမ ၅ သိန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**ဖြိုးထက်အောင်(ပျော်ဘွယ်)**

# ရေငုပ်သင်္ဘောများတွင် နျူကလီးယားလက်နက်တပ်ဆင်ရန် စဉ်းစားနေသောအမေရိကန်

အမေရိကန်နိုင်ငံသည် ရေငုပ်သင်္ဘောများတွင် နျူကလီးယားတပ်ဆင်ထားသော ခရုဇ်ဒုံးကျည်များ နေရာချသွားရေးနှင့်စပ်လျဉ်း၍ အရေးပါသော ဆုံးဖြတ်ချက်ချမှတ်သွားရန် စဉ်းစားသုံးသပ်လျက်ရှိသည်။ အမေရိကန်က တရုတ်၊ ရုရှားတို့နှင့်တင်းမာမှု မြင့်တက်နေစဉ် ထိုသို့ တပ်ဆင်သွားနိုင်မည်ဆိုလျှင် ဟန့်တားမှုမဟာဗျူဟာကို ပြန်လည်ပုံဖော်တည်ဆောက်သွားနိုင်မည်ဟု ယုံကြည်ယူဆထားသည်။

အမေရိကန်သည် အဆင့်မြှင့်တင်ထားသော Virginia အတန်းအစားအဆင့်မြှင့်ရေငုပ်သင်္ဘောများ(SSN)ပေါ်တွင် နျူကလီးယားတပ်ဆင်ထားသည့် ရေငုပ်သင်္ဘောတင် ခရုဇ်ဒုံးကျည် (SLCM-N)များ တပ်ဖြန့်ချသွားရန် စဉ်းစားသုံးသပ်လျက်ရှိကြောင်း ဇွန်လထုတ် အမေရိကန်ရေတပ်သတင်းစာ(USNI)၌ ဖော်ပြထားသည်။

အမေရိကန်ရေတပ်၏ မဟာဗျူဟာမြောက်စနစ်များအစီအစဉ် ရေတပ်ညွှန်ကြားရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ဂျွန်နီဝုလ်ဖ်က ဇွန်လအတွင်းအမေရိကန်အထက်လွှတ်တော်သို့ ရှင်းလင်းတင်ပြစဉ် အဆင့်မြှင့်တင်ထားသော Virginia အတန်းအစား တိုက်ခိုက်ရေးရေငုပ်သင်္ဘောများတွင် SLCM-N များ တပ်ဆင်ရေးနှင့်စပ်လျဉ်း၍ ရှုပ်ထွေးသောလုပ်ငန်းစဉ်များနှင့်မသေချာမရေရာမှုများကို တင်ပြသွားခဲ့သည်။ ဂျွန်နီဝုလ်ဖ်သည် ခန့်မှန်းကုန်ကျစရိတ်နှင့် အစီအစဉ်တွင် လိုက်လျောညီထွေဆောင်ရွက်နိုင်ရေး လိုအပ်ချက်များကို မီးမောင်းထိုးပြသွားခဲ့သည်။

လွှတ်တော်အမတ် မတ်ခ်ကယ်လီက ထိုကဲ့သို့ အဆင့်မြှင့်တင်တည်ဆောက်ရာတွင် ဖြစ်ပေါ်လာနိုင်သည့်အကျိုး၊ အပြစ်များ အထူးသဖြင့် တော်ပီဒိုစွမ်းဆောင်ရည်အပေါ်သက်ရောက်မှုများနှင့် အခြားသော မဟာဗျူဟာမြောက်လက်နက် အစီအစဉ်များနှင့် စပ်လျဉ်း၍စိုးရိမ်ပူပန်မိကြောင်း ထုတ်ဖော်ပြောကြားသွားခဲ့သည်။ လွှတ်တော်ကြားနာမှုတွင် အတွေ့အကြုံကန့်သတ်ချက်ရှိသောအစိုးရတာဝန်ရှိသူများနှင့် ဆုတ်ယုတ်နေသောနျူကလီးယားစက်မှုလုပ်ငန်းတို့ကို ထည့်သွင်းစဉ်းစားလျက် SLCM-N အစီအစဉ်ထိရောက်အောင်ဆောင်ရွက်ရာတွင် လိုအပ်ချက်များကို မီးမောင်းထိုးပြခဲ့သည်။

ဗြိတိန်၏ SSBN အဆင့်မြှင့်တင်မှုကြိုးပမ်းမှုအတွက် Columbia အတန်းအစားပဲ့ထိန်းဒုံး ကျည်တင် နျူကလီးယားရေငုပ်သင်္ဘော(SSBN)များတွင် နှောင့်နှေးကြန့်ကြာမှုများကြောင့် ဂယက်ရိုက်ခတ်မှုများနှင့် ၂၀၄၂ ခုနှစ်ထိ Ohio အတန်းအစား SSBN မစ်ရှင်ဆက်လက်ထမ်းဆောင်နိုင်ရေး ထိန်းသိမ်းထားရန်လိုအပ်ချက်များကို USNI ဖော်ပြသွားခဲ့သည်။ ထို့ပြင် လွှတ်တော်အမတ် ဒက်ဖစ်ချာကလည်း နျူကလီးယားလက်နက်တပ်ဆင်ထားသောပြိုင်ဘက်နိုင်ငံများကို ရင်ဆိုင်ရာတွင် မတူညီသောအခွင့်အလမ်းများ လိုအပ်ကြောင်းကို အလေးထားပြောကြားသွားခဲ့သည်။

တရုတ်နှင့်ရုရှားတို့သည် နည်းဗျူဟာမြောက်လက်နက်များတည်ဆောက်လျက်ရှိသဖြင့် နျူကလီးယားလွန်ဆွဲပွဲတွင် အမေရိကန်သည် ၎င်း၏နျူကလီးယားဟန့်တားမှုစွမ်းဆောင်ရည်နှင့် နပန်းလုံးနေရလျက်ရှိသည်။ အမေရိကန်၏ပင်လယ်ပြင်အခြေစိုက်နျူကလီးယားလက်နက်များသည် လက်ရှိအချိန်၌ မဟာဗျူဟာမြောက် ရေငုပ်သင်္ဘောတင်ပဲ့ထိန်းဒုံးကျည် (SLBM)များသာ တပ်ဆင်ထားရှိသည်။ ထိုအတောအတွင်းတရုတ်နှင့်ရုရှားတို့သည် နည်းဗျူဟာမြောက်နျူကလီးယားလက်နက်များ ထုတ်လုပ်ရန် အလေးထားဆောင်ရွက်လျက်ရှိသည်။ ၎င်းလက်နက်များသည် မဟာဗျူဟာမြောက်နျူကလီးယားလက်နက်များအောက် အဆင့်နိမ့်သည်ဟုယူဆရဖွယ်ရှိသော်လည်း သမားရိုးကျစစ်ဆင်ရေးများတွင် အထောက်အကူပြုနိုင်ရန် တည်ဆောက်ထားခြင်းဖြစ်သည်။

မဟာဗျူဟာမြောက်အဆင့်ဟန့်တားမှုအပေါ် အလေးထားခြင်းသည် အမေရိကန်နှင့် ၎င်း၏ ပြိုင်ဘက်များကြား မတူကွဲပြားသောဟန့်တားမှု စွမ်းဆောင်ရည်ကို ဖန်တီးပေးလျက်ရှိသည်။ အကြောင်းမှုကား SLCM-N သည် တရုတ်နှင့်ရုရှားတို့၏ နည်းဗျူဟာမြောက်နျူကလီးယား လက်နက်များကိုတန်ပြန်ဟန်ချက်ထိန်းညှိနိုင်သည့် နည်းဗျူဟာမြောက် နျူကလီးယားတိုက်ခိုက်ရေးစွမ်းဆောင်ရည်တစ်ရပ် ကမ်းလှမ်းထားသောကြောင့်ပင်ဖြစ်သည်။

SLCM-N သည် အမေရိကန်၏သမားရိုးကျဟန့်တားမှုစွမ်းဆောင်ရည်အတွက် ပျော့ကွက်ဟာကွက် များပိုမိုဖြစ်ပေါ်လာနိုင်ပြီး ပေါက်ကွဲမှုပြင်းအားနည်းသောနျူကလီးယားလက်နက်များသည် သမားရိုးကျစွမ်းဆောင်ရည်တွင် လိုအပ်ချက်များကိုဖြည့်ဆည်းပေးနိုင်စွမ်းရှိသည်။ တင်းမာမှုများမြင့်တက်နေချိန်တွင်



အမေရိကန်အနေဖြင့် ပြိုင်ဘက်နိုင်ငံများ၏စစ်ရေးဆိုင်ရာစွမ်းဆောင်ရည်များကို ဟန့်တားနိုင်ရန် ရေတပ်ဆိုင်ရာ မဟာဗျူဟာအရွေ့အပြောင်းတွင် ပေါက်ကွဲမှုပြင်းအားနည်းသော နျူကလီးယားလက်နက်များကိုလည်း ထည့်သွင်းသွားရန်စဉ်းစားသုံးသပ်ဆောင်ရွက်လျက်ရှိသည်။

အမေရိကန်အနေဖြင့် ပြိုင်ဘက်နိုင်ငံများကိုဟန့်တားနိုင်ရေးအတွက် ပင်လယ်ပြင်၌ ပေါက်ကွဲမှုပြင်းအားနည်းသော နျူကလီးယားလက်နက်များကို တပ်ဖြန့်ချသွားသင့်ကြောင်းနှင့် စစ်ရေယာဉ်များပေါ်တွင် နျူကလီးယားလက်နက်များတပ်ဆင်ထားသည့် စစ်အခြေခံသဘောတရားကို ချမှတ်သွားရန် လိုအပ်ကြောင်း ၂၀၂၄ ခုနှစ် မေလထုတ် ကာကွယ်ရေးစာစောင်၌ ဂျိုးဗာနာက ရေးသားဖော်ပြထားသည်။

လက်ရှိအချိန်တွင် အမေရိကန်သည် တရုတ်ဒုံးကျည်များကို ဟန့်တားနိုင်သည်ထိ ရှေ့တန်းတပ်ဖွဲ့များကို အင်အားဖြည့်တင်းသွားရမလား သို့တည်းမဟုတ် ဟာကွက်ရှိသည့်နေရာများ အထူးသဖြင့် ၎င်း၏ အာရှမဟာမိတ်များကို ခြိမ်းခြောက်လာသည့် နေရာများမှ နောက်ကိုပြန်လည်ဆုတ်ပေးရမလား ဆိုသောအချက်တို့အပေါ် ဝေခွဲမရဖြစ်နေကြောင်း ဂျိုးဗာနာက ပြောဆိုခဲ့ပြီး အမေရိကန်စစ်သင်္ဘောများပေါ် နျူကလီးယားလက်နက်များပြန်လည်ရုပ်သိမ်းထားသည့် စစ်အေးကာလဆုံးဖြတ်ချက်ကို ပြစ်တင်ဝေဖန်ကာ ဟန့်တားမှုစွမ်းဆောင်ရည်မြှင့်တင်နိုင်ရေး နျူကလီးယားလက်နက်များ ပြန်လည်ဖြန့်ကြက်ရန် အကြံပြုထားသည်။

ပင်လယ်ပြင်၌ ရှေ့တန်းကျကျနျူကလီးယားလက်နက်များဖြန့်ကြက်ထားခြင်းသည် တင်းမာမှုများထိန်းချုပ်ရန်နှင့် မဟာဗျူဟာမြောက်နျူကလီးယားလက်နက်များကိုအသုံးပြုရန်မလိုဘဲ ကျူးကျော်သူများကို ဟန့်တားရာတွင် အမေရိကန်နိုင်ငံကိုအထောက်အကူပြုသွားလိမ့်မည်ဖြစ်ကြောင်း၊ အမေရိကန်အနေဖြင့် နည်းဗျူဟာမြောက်နျူကလီးယားလက်နက်များကို တိုက်ခိုက်ရေးမဟာဗျူဟာအစိတ်အပိုင်းတစ်ရပ်အနေဖြင့် စဉ်းစားသုံးသပ်သွားသင့်ကြောင်း ဂျိုးဗာနာက ပြောကြားသွားခဲ့သည်။

အမေရိကန်၏ နျူကလီးယားဟန့်တားမှုစွမ်းဆောင်ရည်တောင့်တင်းခိုင်မာအောင် ဆောင်ရွက်ရာတွင် SLCM-N ၏ အရေးပါသောအခန်းကဏ္ဍသည် စစ်အေးကာလတိုက်ပွဲပြီးကတည်းက နျူကလီးယားမဟာဗျူဟာတွင် သိသာထင်ရှားသော အရွေ့တစ်ခုကို ထင်ဟပ်ပေါ်လွင်စေလျက်ရှိသည်။ နျူကလီးယားဟန့်တားမှုစွမ်းဆောင်ရည်ထိန်းသိမ်းရာတွင် SLCM-N သည် များစွာအရေးပါလျက်ရှိသည်။ SLCM-N သည် စစ်အေးတိုက်ပွဲပြီးကတည်းက အမေရိကန်၏ ပထမဆုံးသောနျူကလီးယားလက်နက်အသစ်ဖြစ်လာဖွယ်ရာဖြစ်ပြီး မဟာမိတ်များအတွက်ခိုင်မာအားကောင်းသော ဟန့်တားမှုစွမ်းဆောင်ရည်ပိုင်ဆိုင်လာနိုင်မည်ဖြစ်သည်။

သို့သော် အမေရိကန်အထက်လွှတ်တော်အနေဖြင့် လက်ရှိတပ်ဖြန့်ချထားသည့် ဒုံးကျည်များကိုလိုက်လျောညီထွေအသုံးပြုနိုင်ရေးအတွက် ပြန်လည်စစ်ဆေးခြင်း၊ အလွန်အမင်းတင်းကျပ်သော စစ်ရေးဆိုင်ရာလိုအပ်ချက်များကိုရှောင်ရှားခြင်းနှင့်ထိရောက်သောရေငုပ်သင်္ဘောတပ်ဖြန့်မှုတို့ လုပ်ဆောင်ခြင်းဖြင့် နျူကလီးယားလက်နက် ဖြန့်ကြက်မည့်အစီအစဉ် အောင်မြင်မှုရရှိရေးအတွက် ပြန်လည်သုံးသပ်သွားသင့်ပေသည်။ အထူးသဖြင့် အခြားသောနျူကလီးယား ခေတ်မီအဆင့်မြှင့်တင်ရေး အစီအစဉ်များအပေါ် ဟန့်တားနှောင့်ယှက်မှုများကိုတားဆီးနိုင်ရန် ခေါင်းဆောင်မှုနှင့်စီမံခန့်ခွဲမှုတို့ကို အလေးထားဆောင်ရွက်သွားရန်လိုအပ်သည်။

သို့သော် အမေရိကန်၏အဆိုပြုထားသော SLCM-N တပ်ဖြန့်ချထားမှုသည် အကျိုးကျေးဇူးထက် အပြစ်ကပိုများနိုင်ပြီး စင်စစ်အားဖြင့် သံခင်းတမန်ခင်းထိတွေ့ဆက်ဆံမှုနည်းလမ်းများနှင့် မဟာဗျူဟာမြောက် တည်ငြိမ်အေးချမ်းမှုကို ဖော်ဆောင်သွားသင့်ပေသည်။ ရေငုပ်သင်္ဘောများပေါ်တွင် SLCM-N များတင်ဆောင်ခြင်းသည် ရန်သူ့စစ်ရေယာဉ်များကို ခြေရာခံထောက်လှမ်းသည့် ရေငုပ်သင်္ဘောများ၏ အဓိကမစ်ရှင်ကို ပိုမိုရှုပ်ထွေးစေမည့်အပြင် ရေငုပ်သင်္ဘောတိုက်ဖျက်မှုစစ်ဆင်ရေးအတွက် တန်ဖိုးရှိသောနေရာများလည်း လိုအပ်မည်ဖြစ်သည်။ ထို့ပြင် နျူကလီးယားခရုဇ်ဒုံးကျည်များသည် မဟာမိတ်များနှင့် ရေတပ်စစ်ရေးလေ့ကျင့်မှုများလုပ်ဆောင်ခြင်းနှင့် နျူကလီးယားလက်နက်မကြိုက်သော နိုင်ငံများသို့သွားရောက်လည်ပတ်ခြင်းတို့တွင် ကန့်သတ်ချက်များ ဖြစ်ပေါ်စေမည်ဖြစ်သည်။

အလားတူ SLCM-N ဒုံးကျည်များ ပြုပြင်ထိန်းသိမ်းမှုနှင့် ကျည်ထိပ်ဖူးထုတ်လုပ်မှုတို့အတွက် ကုန်ကျစရိတ်သည် ဆယ်စုနှစ်တစ်ခုအတွင်း အမေရိကန်ဒေါ်လာ ၁၀ ဘီလီယံကျော်ကုန်ကျမည်ဖြစ်ကြောင်း ဝါရှင်တန်ပို့စ်သတင်းစာက ဖော်ပြထားသည်။ အမေရိကန်အနေဖြင့် B61 ဗုံး၊ W80 တပ်ဆင်ထားသော ဝေဟင်ပစ်ခရုဇ်ဒုံးကျည် (ALCM) နှင့် Trident W76-2 SLBM ဆိုသည့် နည်းဗျူဟာမြောက် နျူကလီးယားလက်နက်သုံးမျိုး ပိုင်ဆိုင်ထားပြီးဖြစ်သည်။ ထိုသို့သော အခြေအနေမျိုးတွင် SLCM-N တည်ဆောက်ခြင်းသည် မလိုအပ်သော လုပ်ဆောင်မှုမျိုးပင်ဖြစ်သည်။

ထို့ပြင် အမေရိကန်၏ တိုက်ခိုက်ရေးရေငုပ်သင်္ဘောအုပ် ၄၀ ရာခိုင်နှုန်းခန့်သည် လက်ရှိအချိန်တွင် ပြုပြင်ထိန်းသိမ်းရန်လိုအပ်နေသဖြင့် ရေငုပ်သင်္ဘောစစ်ဆင်ရေးဆင်နွှဲရန် အသင့်မဖြစ်တော့ကြောင်း၊ SLCM-Nပြန်လည်ဆန်းသစ်ခြင်းထက် အမေရိကန်၏ရှိရင်းစွဲနျူကလီးယားလက်နက်များကို ခေတ်မီအောင်လုပ်ဆောင်ပြီး အမေရိကန်ရေတပ်ပြုပြင်ထိန်းသိမ်းရေးဆိုင်ရာပြဿနာများကို ဖြေရှင်းသွားရန် ဝါရှင်တန်ပို့စ်က အကြံပြုထားရှိသည်။

တရုတ်နိုင်ငံ၏တိုးတက်လာသော နျူကလီးယားစွမ်းဆောင်ရည်များကို တုံ့ပြန်နိုင်ရေး စစ်ရေးစွမ်းဆောင်ရည်မြှင့်တင်ရန် အမေရိကန်၏ကြိုးပမ်းမှုသည် မတည်ငြိမ်မှုနှင့်နျူကလီးယားစစ်ပွဲဆီသို့ ဦးတည်လာစေနိုင်ပေသည်။ ထို့ကြောင့် အမေရိကန်အနေဖြင့် တင်းမာမှုများ ရှောင်ရှားနိုင်ရေးအတွက် တရုတ်နိုင်ငံနှင့် အပြန်အလှန်နားလည်မှု တည်ဆောက်သွားရန် လိုအပ်ပေသည်။

SLCM-N နှင့် အခြားသောနည်းဗျူဟာမြောက်နျူကလီးယားလက်နက်များ တိုးတက်ထုတ်လုပ်ခြင်းသည် သိမ်မွေ့နက်နဲသော ပဋိပက္ခများကြီးထွားလာစေပြီး နျူကလီးယားတန်ပြန်တိုက်ခိုက်မှုအန္တရာယ်ပင်မြင့်တက်လာစေနိုင်သည်။ ထို့ကြောင့် အမေရိကန်အနေဖြင့် အန္တရာယ်ကြီးမားသောကြိုးပမ်းမှုများလုပ်ဆောင်ခြင်းသည် ပြိုင်ဘက်နိုင်ငံများ၏ တုံ့ပြန်တိုက်ခိုက်မှုနှင့်ရင်ဆိုင်သွားရဖွယ်ရှိနေသည်။

ဆိုရလျှင် အမေရိကန်အနေဖြင့် ပိုမိုဆိုးရွားသောပဋိပက္ခများကာကွယ်ရန်နှင့် မဟာဗျူဟာမြောက်တည်ငြိမ်အေးချမ်းမှုအတွက် လက်နက်များထိန်းချုပ်ခြင်း၏အရေးပါမှုကို လက်ခံသွားရန်လိုအပ်ပေသည်။ အမေရိကန်အနေဖြင့် တင်းမာမှုများလျှော့ချနိုင်ရန်နှင့် နျူကလီးယားစစ်ပွဲတို့ကို ရှောင်ရှားနိုင်ရန် တရုတ်၊ ရုရှားတို့နှင့်ထိတွေ့ဆက်ဆံမှုများလုပ်ဆောင်သွားသင့်ပြီး ဟန့်တားမှုစွမ်းဆောင်ရည်ကို ဆက်လက်ထိန်းသိမ်းထားနိုင်ရေးအတွက် လူမှုအဖွဲ့အစည်းနှင့် အစိုးရ၏လုပ်ငန်းစဉ်များတွင် ရင်းနှီးမြှုပ်နှံမှုများ စဉ်ဆက်မပြတ်လုပ်ဆောင်သွားရန် လိုအပ်ပေသည်။

**ကိုးကား**

**-US mulls nuke cruise missiles on subs to deter China By Asia Times.**

**မောင်သောင်းဝင်း(တမန်ဟောင်း)**

# ရွှေတိဂုံစေတီတော်မြတ်ကြီးသို့ ဘုရားဖူးပြည်သူများပြားလာသဖြင့် ဘုရားဖူးမြော်ချိန်ကို တိုးမြှင့်ပေးသွားမည်



**ရန်ကုန် ဇွန် ၁၂**

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့နယ်ရှိ ရွှေတိဂုံစေတီတော်မြတ်ကြီးသို့ ဘုရားဖူးပြည်သူများပြားလာသည့်အတွက် ဘုရားဖူးမြော်ချိန်ကို တိုးမြှင့်ပေးသွားမည်ဖြစ်ကြောင်း ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့မှ သိရသည်။

လက်ရှိကာလတွင် ဘုရားဖူးပြည်သူများ များပြားလာခြင်းကြောင့် ပြည်သူများ စိတ်ချမ်းမြေ့စွာ ဘုရားဖူးမြော်နိုင်ရန် ရွှေတိဂုံစေတီတော်မြတ်ကြီးကို ၂၀၂၄ ခုနှစ် ဇန်နဝါရီ ၁ ရက်မှ စတင်ကာ နံနက် ငါးနာရီမှ ည ကိုးနာရီအချိန်ထိ ဘုရားဖူးမြော်ချိန်ကို အချိန်တိုးမြှင့်ပေးထားကြောင်း၊ ယခု ၂၀၂၄ ခုနှစ် ဇွန် ၂၀ ရက်မှ စတင်ကာ နံနက် လေးနာရီမှ ည ၁၀ နာရီအချိန်ထိ ဘုရားဖူးမြော်ချိန်ကို အချိန်တိုးမြှင့်ပေးသွားမည်ဖြစ်ကြောင်း ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ဝင် ဦးဘိုးသင်းထံမှ သိရသည်။

"အနယ်နယ်အရပ်ရပ်က ဘုရားဖူးတွေ များပြားလာတဲ့အတွက် ဘုရားဖူးမြော်ချိန်ကို နံနက် လေးနာရီကနေ ည ၁၀ နာရီထိ တိုးမြှင့်ပေးမှာ ဖြစ်ပါတယ်။ ရွှေတိဂုံစေတီတော်မြတ်ကြီးကို ဘုရားဖူးလာရောက်မှု အနေနဲ့ဆိုရင် ပုံမှန်ရုံးဖွင့်ရက်တွေမှာ တစ်ရက်ကို ဘုရားဖူး ဦးရေ ၂၀၀၀၀ ဝန်းကျင်ရှိပြီး စနေနဲ့ တနင်္ဂနွေနေ့မျိုးတွေမှာဆို တစ်ရက်ကို ဘုရားဖူး ဦးရေ ၄၀၀၀၀ ကနေ ၅၀၀၀၀ ဝန်းကျင်ထိ ရှိပါတယ်။ ရွှေတိဂုံစေတီတော်မြတ်ကြီးမှာ ဘုရားဖူးပြည်သူများ စိတ်အေးချမ်းသာစွာ ဖူးမြော်ကြည်ညိုနိုင်ရေးအတွက် လုံခြုံရေးကင်မရာ CCTV တပ်ဆင်ထားပါတယ်။ တပ်ဆင်ပြီး အရေအတွက်ကတော့ CCTV ကင်မရာ အလုံးရေ ၂၈၀ လောက်ရှိပါတယ်" ဟု ဦးဘိုးသင်းက ပြောပြ၍ သိရသည်။

အဆိုပါ ရွှေတိဂုံစေတီတော်မြတ်ကြီး ဘုရားဖူးမြော်ချိန်ကို တိုးမြှင့်ပေးမည့် ဇွန် ၂၀ ရက်သည် နယုန်လပြည့်နေ့ မဟာသမယအခါတော်နေ့လည်းဖြစ်ပြီး မဟာသမယအခါတော်နေ့တွင် မဟာသမယအခါတော်နေ့အခမ်းအနားကို စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဟုလည်း သိရသည်။ ASH

# မြောင်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော ပဲကြီး ၁၄၁၅ ဧက ရိတ်သိမ်းပြီးစီးပြီဖြစ်

**စစ်ကိုင်း၊ ဇွန် ၁၂**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင် မြောင်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော ပဲကြီး ၁၄၁၅ ဧက ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း စစ်ကိုင်းခရိုင်စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်သီတာလွင်က ပြောပြသည်။

မြောင်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော ပဲကြီးစိုက်ခင်းများကို ယခုနှစ် ဖေဖော်ဝါရီလမှ စတင်ရိတ်သိမ်းခဲ့ရာ ယနေ့ထိ ၁၄၁၅ ဧက ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း၊ တစ်ဧကလျှင် ၁၅ ဒသမ ၇၅ တင်း ထွက်ရှိကြောင်း သိရသည်။

"ဆောင်းသီးနှံစိုက်ပျိုးရာသီက မြောင်မြို့နယ်မှာ ပဲကြီး ၁၄၁၅ ဧက စိုက်ပျိုးနိုင်ခဲ့ပါတယ်။ လက်ရှိ ပဲကြီးစိုက်ခင်းအားလုံး ရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ ပဲကြီးအထွက်နှုန်းနဲ့ အရည်အသွေးကောင်းမွန်ဖို့ အတွက် လိုအပ်တဲ့ မျိုးကောင်းမျိုးသန့်တွေ၊ သွင်းအားစုတွေ၊ ရိတ်သိမ်းချိန်လွန် နည်းပညာပေးတာတွေကို တောင်သူတွေနဲ့ ပူးပေါင်းဆောင်ရွက်ပေးခဲ့ပါတယ်" ဟု စစ်ကိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်သီတာလွင်က ပြောပြသည်။



မြောင်မြို့နယ်တွင် ပဲကြီးစိုက်တောင်သူများအနေဖြင့် ပဲကြီးစိုက်ဧကများ တိုးချဲ့စိုက်ပျိုးနိုင်ရေး၊ အထွက်နှုန်းကောင်းမွန်ရေး၊ GAP နည်းစနစ်ဖြင့် စိုက်ပျိုးနိုင်ရေး၊ မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးနိုင်ရေး၊ အထွက်နှုန်းကောင်းမွန်သည့် မျိုးများကို စိုက်ပျိုးနိုင်ရေးအတွက် မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြောင်း စစ်ကိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်သီတာလွင်ထံမှ သိရသည်။

(၂၀၆)

# မင်းဘူးမြို့နယ် သနပ်ပွင့်စုကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**မင်းဘူး၊ ဇွန် ၁၂**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် မင်းဘူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက သနပ်ပွင့်စုကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို ဇွန် ၁၁ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မင်းဘူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ကိုကိုက မြစိမ်းရောင်ကျေးရွာစီမံကိန်းလက်စွဲစာအုပ်ပါ လမ်းညွှန်ချက်များ၊ စီမံကိန်းဆောင်ရွက်ရခြင်းကြောင့် ရရှိလာမည့်အကျိုးကျေးဇူးများ၊ ငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များ၊ ကျေးရွာနေ ပြည်သူများ ထားရှိရမည့် ကျေးရွာစိတ်ဓာတ်နှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဥပဒေ၊ နည်းဥပဒေများအကြောင်းကို ရှင်းလင်းပြောကြားခဲ့သည်။

ဆက်လက်၍ မင်းဘူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခင်မာဝင်းက စီမံကိန်းအကြောင်းအရာများ၊ အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့်စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူး ဦးအောင်ကိုကိုနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် ၄၄၉ ဒသမ ၁ သိန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက သနပ်ပွင့်စုကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၁၃၃ ဦးကို ငွေကျပ် ၃၁၂ ဒသမ ၉ သိန်း၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ၅၂ ဦးကို ငွေကျပ် ၉၈ ဒသမ ၈ သိန်း၊ အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူ ၂၂ ဦးကို ငွေကျပ် ၃၇ ဒသမ ၄ သိန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၂၀၇ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၄၄၉ ဒသမ ၁ သိန်း ထုတ်ချေးပေးခဲ့ကြောင်း မင်းဘူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**ဇင်မာ**

# အုတ်တွင်းမြို့နယ်၌ လက်သမား၊ ပန်းရန်သင်တန်းဖွင့်ပွဲ ကျင်းပ

**အုတ်တွင်း ဇွန် ၁၂**

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် အုတ်တွင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အသက်မွေးဝမ်းကျောင်း အထောက်အကူပြု လက်သမား၊ ပန်းရန်သင်တန်းဖွင့်ပွဲ အခမ်းအနားကို ဇွန် ၁၁ ရက်နေ့က အဆိုပါဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ တောင်ငူခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်မေသက်သက်ထွန်းက အသက်မွေးဝမ်းကျောင်းအထောက်အကူပြု လက်သမား၊ ပန်းရန်သင်တန်း ဖွင့်လှစ်သင်ကြားပေးရခြင်း၏ ရည်ရွယ်ချက်များ၊ အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

ဆက်လက်၍ အုတ်တွင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ဇင်မာမြင့်က ကျေးလက်နေပြည်သူများ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်ရန် အသက်မွေးဝမ်းကျောင်းအထောက်အကူပြု လက်သမား၊ ပန်းရန်သင်တန်းကို ဖွင့်လှစ်ပေးရခြင်းဖြစ်ကြောင်း၊ မိသားစုအတွက် တစ်ဖက်တစ်လမ်းမှ အပိုဝင်ငွေရှာဖွေပေးနိုင်သည်ထိ ကြိုးစားသင်ယူစေလိုကြောင်း၊ သင်တန်းလွန်ကာလ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိနိုင်သည်ထိ ချိတ်ဆက်ဆောင်ရွက်ပေးမည့် အခြေအနေများကို ရှင်းလင်းပြောကြားပြီး သင်တန်းနည်းပြဆရာက သင်တန်းစည်းမျဉ်းစည်းကမ်းများကို ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

ထို့နောက် တောင်ငူခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်မေသက်သက်ထွန်းနှင့် တာဝန်ရှိသူများက သင်တန်းသားများကို သင်ထောက်ကူပစ္စည်းများ ပေးအပ်ခဲ့ကြောင်း၊ အဆိုပါသင်တန်းသို့ အုတ်တွင်းမြို့နယ်အတွင်းရှိ ကျေးရွာရစ်ရွာမှ သင်တန်းသား ဦးရေ ၂၀ တက်ရောက်ကြောင်း၊ ကျွမ်းကျင်နည်းပြဆရာဖြင့် ဇွန် ၁၁ ရက်မှ ဇွန် ၂၉ ရက်ထိ စာတွေ့ လက်တွေ့ နှစ်မျိုးဖြင့် ၂၀ ရက် အခမဲ့သင်ကြားပေးမည်ဖြစ်ကြောင်း အုတ်တွင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။ **ရျိုလေး**

# မြစ်သားမြို့နယ် မြိုင်ကုန်းကျေးရွာ၌ ရေရရှိရေးလုပ်ငန်းဆောင်ရွက်နေမှု စစ်ဆေး

**မြစ်သား၊ ဇွန် ၁၂**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် မြစ်သားမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက မြိုင်ကုန်းကျေးရွာ၌ ကျေးလက်ရေရရှိရေးလုပ်ငန်း အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ကျောက်ဆည်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ရီရီဦး၊ မြစ်သားမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်တင်တင်မာနှင့် တာဝန်ခံအင်ဂျင်နီယာများက ကျေးရွာရေရရှိရေးကော်မတီဝင်များနှင့်အတူ မြိုင်ကုန်းကျေးရွာ၌ ကျေးလက်ရေရရှိရေးလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေကို ကြည့်ရှုစစ်ဆေးပြီး ရာသီမရွေး သောက်သုံးရေ ဖူလုံစွာ သုံးစွဲနိုင်ရေးအတွက် သတ်မှတ်စံချိန်စံညွှန်းများအတိုင်း အချိန်မီပြီးစီးအောင် ဆောင်ရွက်ရန် ဆွေးနွေးမှာကြားခဲ့သည်။

မြစ်သားမြို့နယ် မြိုင်ကုန်းကျေးရွာ၌ ကျေးလက်ရေရရှိရေးလုပ်ငန်းကို ၂၀၂၄ -၂၀၂၅ ဘဏ္ဍာနှစ် ပြည်ထောင်စုဘတ်ဂျက်ငွေလုံးငွေရင်း (မူလ) ခွင့်ပြုရန်ပုံငွေကျပ် ၁၈ ဒသမ ၂၅ သန်းဖြင့် 3HP Cendrifulgal Pump တပ်ဆင်ခြင်း ၊ အရှည် ပေ ၁၀၀၀ နှစ်လက်မပိုက်လိုင်း သွယ်တန်းခြင်း၊ ဂါလံ ၂၄၀၀ ဆံ့ စင်မြင့်ရေစင်တည်ဆောက်ခြင်းနှင့် အနက်ပေ ၃၈၀၊ အကျယ် လေးလက်မ စက်ရေတွင်း တွင်းဆေးမှုတ်ပြုပြင်ခြင်းလုပ်ငန်းများကို ၂၀၂၄ ခုနှစ် မေ ၂၃ ရက်က လုပ်ငန်းများစတင်ဆောင်ရွက်ခဲ့ရာ ယနေ့တွင် လုပ်ငန်းအားလုံး၏ ၁၆ ရာခိုင်နှုန်းခန့် ပြီးစီးသွားပြီဖြစ်ကြောင်း ကျောက်ဆည်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ရီရီဦးက ပြောပြ၍ သိရသည်။

**ရဲဝင်းနိုင်(ညောင်ဦး)**

ပလငါးတန်ဖွံ့ဖြိုးဖို့
စာအုပ်စာပေ ဖတ်ကြစို့

# မြန်မာနိုင်ငံလက်ဝှေ့အားကစားတိုးတက်ရေးအတွက် အကြံပေးချက်

ရွှေဘိုဘာမထီခင်အောင်

အပြည်ပြည်ဆိုင်ရာ လက်ဝှေ့ (BOXING) အားကစားပညာ တိုးတက်အောင်မြင်မှုရရှိဖို့အတွက် ကျွန်တော်တို့လက်ဝှေ့သမားအားလုံးနဲ့ လက်ဝှေ့အားကစားအကြောင်းတွေ ရေးသားလေ့ရှိတဲ့ ကလောင်ရှင်တို့မှာ တာဝန်ရှိသလို လက်ဝှေ့နည်းပြဆရာတို့က အဓိကတာဝန်ရှိနေပါတယ်။

လူငယ်လူရွယ် အမျိုးသား၊ အမျိုးသမီးတွေ ကျန်းမာသန်စွမ်းကြံ့ခိုင်ဖို့နဲ့ တစ်နိုင်ငံနဲ့တစ်နိုင်ငံ အားကစားမျိုးပေါင်းစုံ ယှဉ်ပြိုင်ကြပြီး မိမိရဲ့နိုင်ငံနဲ့ လူမျိုးဂုဏ်ကို မြင့်တင်နိုင်ဖို့အတွက် ကမ္ဘာတစ်ဝန်းရှိ နိုင်ငံအသီးသီးက လေးနှစ်တစ်ကြိမ်ကျ ကမ္ဘာ့အိုလံပစ်အားကစားပြိုင်ပွဲ၊ နိုင်ငံချင်း ချစ်ကြည်ရေး အားကစားပြိုင်ပွဲတွေ၊ အာရှတိုက် အားကစားမျိုးပေါင်းစုံပြိုင်ပွဲတွေ နှစ်နှစ်တစ်ကြိမ်ကျ အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွေကို အားကြိုးမာန်တက် ကျင်းပခဲ့ကြတယ်။

တစ်နှစ်ထက်တစ်နှစ် ကမ္ဘာ့နိုင်ငံတွေအားကစားကဏ္ဍတိုးတက်လာကြတယ်။ ချမ်းသာတဲ့နိုင်ငံတွေက ပိုပြီးတိုးတက်ကြတယ်။ နိုင်ငံတိုးတက်လာဖို့အတွက် နိုင်ငံရဲ့အစိုးရအဖွဲ့က အားကစားကို အားတက်သရော အားပေးကြစမြဲပါ။

ကနေ့ အမေရိကန်၊ ဥရောပ၊ အာရှ နိုင်ငံတွေ စတဲ့နိုင်ငံတွေမှာ အားကစားကဏ္ဍတစ်ဟုန်ထိုး တိုးတက်သွားကြလေပြီ။ ကျွန်တော်တို့ မြန်မာနိုင်ငံ အပါအဝင် အခြားနိုင်ငံငယ်လေးတွေမှာသာ တိုးတက်မှုနှောင့်နှေးနေခဲ့ကြပါတယ်။

ကျွန်တော်က လက်ဝှေ့ (BOXING) အားကစားတစ်ခုတည်းကိုသာ ကျွမ်းကျွမ်းဝင်ဝင်ရှိနေတာမို့ မြန်မာ့လက်ဝှေ့အားကစားကဏ္ဍတိုးတက်မှုနှောင့်နှေးရတဲ့အကြောင်းစုံကို ဖော်ပြပါရစေ။ (အခြားခြားသော အားကစားတွေလဲပဲ ထိုနည်းလည်းကောင်း ဖြစ်ကောင်းဖြစ်နိုင်ပါတယ်)

**လက်ဝှေ့အားကစားကဏ္ဍအောင်မြင်မှု နှောင့်နှေးရခြင်း**

ကနေ့ မြန်မာနိုင်ငံ နိုင်ငံတော်အစိုးရက လက်ဝှေ့အားကစားနဲ့ အခြားအားကစားမျိုးပေါင်းစုံကို ထိထိရောက်ရောက် အားပေးဆောင်ရွက်နေပါတယ်။ ဒါပေမဲ့ လက်ဝှေ့အားကစားက ပြည်ပနိုင်ငံတွေနဲ့ ယှဉ်ပြိုင်ကြရာမှာ ကျရှုံးမှုကများလှတယ်။ ဒီလိုဆိုရတာက ၁၉၅၁ ခုနှစ်ကစပြီး ၁၉၆၅ ခုနှစ်ထိ လက်ဝှေ့ထိုးပြိုင်ခဲ့မှု၊ စေတနာ့ဝန်ထမ်းလက်ဝှေ့နည်းပြဆရာအဖြစ် ၁၉၅၉ ခုနှစ်မှ ၂၀၀၃ ခုနှစ်တိုင် ၄၄ နှစ် လုပ်ဆောင်ပေးခဲ့မှု၊ (လက်ဝှေ့ပွဲလဲထိုးနည်းပြလဲလုပ်ခဲ့) ၁၉၆၀ ပြည့်နှစ်မှ ယနေ့တိုင် စာပေရေးခဲ့မှု အတွေ့အကြုံမြောက်မြားစွာအရဖြစ်ပါတယ်။

**နိုင်ငံချင်းယှဉ်ပြိုင်ဖိတ်ခေါ် ချစ်ကြည်ရေးပွဲမရှိသလောက်နည်း**

ဘယ်အရာမဆို အတွေ့အကြုံရှိမှ တိုးတက်တာပါ။ လက်ဝှေ့ (BOXING) အားကစားကဏ္ဍအပြင် အခြားအားကစားကဏ္ဍနဲ့ပါ သက်ဆိုင်ပြီးအလွန်အရေးကြီးလှတဲ့ အတွေ့အကြုံများစွာကို ဖော်ပြပါမယ်။

နိုင်ငံချင်းယှဉ်ပြိုင်ကြရာကနေ အောင်နိုင်မှုရရှိဖို့အတွက်၊ ရွှေတံဆိပ်တွေ အမြောက်အမြားရရှိဖို့အတွက် ဖိတ်ခေါ်ပြိုင်ပွဲ(ချစ်ကြည်ရေးပွဲ)တွေ များများကျင်းပပေးဖို့၊ နိုင်ငံတကာနဲ့ ယှဉ်ပြိုင်ဖို့

❖ ဘယ်အရာလုပ်လုပ် (နိုင်ငံရေး၊ စစ်ရေး၊ စီးပွားရေး၊ ပညာရေး၊ လူမှုရေး၊ အားကစား၊ စာပေအနုပညာအပါအဝင်) အောင်မြင်ရမယ်၊ နိုင်ရမယ်ဆိုတဲ့ ယတိပြတ်ဆုံးဖြတ်ချက်ချထားဖို့လိုပါမယ်။ ဘုရင့်နောင်ကျော်ထင်အနော်ရထာရဲ့ နောင်ရိုးတိုက်ပွဲမှာထားတဲ့စိတ်ဓာတ်ပမာလို အနိုင်ပိုင်းဆုံးဖြတ်ချက် မခိုင်ကျည်ပါက အနိုင်ရဖို့မသေချာတော့ပါ။ အားကစားပြိုင်ပွဲတစ်ခုခုပြိုင်တော့မယ်ဆိုရင် နိုင်ကိုနိုင်ရမယ်ဆိုတဲ့ ဆုံးဖြတ်ချက်ထားရှိကြရမယ်။ ❖

အတွက် စေလွှတ်ပေးဖို့လိုပါတယ်။ အားကစားသမားဆိုတာ အတွေ့အကြုံများများရ၊ ပြိုင်ပွဲများများ ဝင်ရောက်ယှဉ်ပြိုင်ပါမှ အနိုင်များများရမှာဖြစ်ပါတယ်။

အနောက်နိုင်ငံ၊ ဥရောပနိုင်ငံ၊ အရှေ့အလယ်ပိုင်းနိုင်ငံ၊ အာရှနိုင်ငံတချို့မှာ လစဉ်လတိုင်း အားကစားမျိုးပေါင်းစုံ ဖိတ်ခေါ်အားကစားယှဉ်ပြိုင်ပွဲတွေ ကျင်းပလေ့ရှိတယ်။ တစ်လကို လက်ဝှေ့သမားတစ်ဦးက ဖိတ်ခေါ်ချစ်ကြည်ပွဲတစ်ပွဲပဲထိုးတယ်။ ၁၂ လဆိုရင် ၁၂ ပွဲထိုး အတွေ့အကြုံရနေပါပြီ။ ၂၄ လ(နှစ်နှစ်)ဆိုရင် လက်တွေ့ပွဲ ၂၄ ပွဲ အတွေ့အကြုံရသွားပါပြီ။

၂၄ လ(နှစ်နှစ်) အတောအတွင်း ဖိတ်ခေါ်ချစ်ကြည်ရေးပွဲတစ်ပွဲမှ မထိုးခဲ့ဖူးသူနဲ့ ၂၄ ပွဲ ထိုးခဲ့ဖူးသူ မတူနိုင်ပါ။

**သက်သေပြမယ်**

ထိုင်းနိုင်ငံက အမေရိကန်နိုင်ငံ လော့စ်အိန်ဂျလိမြို့ရှိ ကြေးစားလက်ဝှေ့ကလပ်ကို ၁၀၅ ပေါင်တန်း၊ ၁၀၂ ပေါင်တန်း၊ ၁၁၉ ပေါင်တန်း၊ ၁၂၆ ပေါင်တန်း၊ ၁၃၂ ပေါင်တန်း၊ ပေါင် ၁၄၀ တန်း၊ ၁၄၇ ပေါင်တန်း၊ ၁၅၆ ပေါင်တန်းက လက်ဝှေ့လက်ရွေးစင် ၁၆ ယောက်နဲ့ နည်းပြ၊ အုပ်ချုပ်သူကို လက်ဝှေ့လေ့ကျင့်ဖို့နဲ့ ပြိုင်ပွဲအဆင့်ဆင့်ယှဉ်ပြိုင်ဖို့ စေလွှတ်ထားခဲ့တယ်။ ဒီပြိုင်ပွဲကို ထိုင်းနိုင်ငံအစိုးရက အားလုံးတာဝန်ယူရတယ်။

နှစ်နှစ်ကိုတစ်ကြိမ် ကျင်းပလေ့ရှိတဲ့ အရှေ့တောင်အာရှလက်ဝှေ့ဗိုလ်လုပွဲမတိုင်ခင် နှစ်နှစ်အလို အမေရိကန်နိုင်ငံကို ထိုင်းနိုင်ငံက လက်ဝှေ့သမားတွေ ပို့ထားတာဖြစ်ပါတယ်။ နှစ်နှစ်ကာလအတွင်း အမေရိကန်ရှိ မြို့ပေါင်းစုံကို လစဉ်လက်ဝှေ့ပြိုင်ပွဲလေးတွေမှာ ဝင်ရောက်ယှဉ်ပြိုင်ရလေတယ်။ အတွေ့အကြုံအများအပြားရပြီး အရှေ့တောင်အာရှလက်ဝှေ့ဗိုလ်လုပွဲ (အာဆီယံ ၁၀ နိုင်ငံ)ပွဲနီးမှ ထိုင်းနိုင်ငံကို ပြန်ခေါ်ပြီး ပြိုင်ပွဲဝင်စေခဲ့တယ်။

အရှေ့တောင်အာရှလက်ဝှေ့ဗိုလ်လုပွဲမှာ ထိုင်းနိုင်ငံက ရွှေဆုတံဆိပ်တွေအားလုံးနီးပါး ရယူသွားနိုင်ကြတယ်။

ကျွန်တော်တို့ မြန်မာလက်သီးကျော်လေးတွေ ထိုင်းနဲ့တွေ့ရင် အလဲပွဲနဲ့ ဒိုင်ပွဲရပ်တွေနဲ့ ရှုံးခဲ့ရတယ်။

အဲဒါနိုင်ငံခြားပွဲ ချစ်ကြည်ရေးဖိတ်ခေါ်ပွဲ မရှိခဲ့လို့ပဲ။

အိမ်နီးချင်းနိုင်ငံနဲ့ ချစ်ကြည်ရေးလက်ဝှေ့ပွဲတွေ များများလုပ်သင့်ပါတယ်။

ထိုင်းနိုင်ငံက လက်ဝှေ့သမားတွေကို အမေရိကန်နိုင်ငံကိုပို့ထားပြီး လက်ဝှေ့လေ့ကျင့်၊ ပြိုင်ပွဲအဆင့်ဆင့်ယှဉ်ပြိုင်စေမှုကို ကျွန်တော်မဆိုလိုပါ။

မြန်မာနိုင်ငံနဲ့နီးစပ်တဲ့ ဘင်္ဂလားဒေ့ရှ်နိုင်ငံ၊ အိန္ဒိယနိုင်ငံ၊ ပါကစ္စတန်နိုင်ငံ၊ လာအိုနိုင်ငံ၊ ကမ္ဘောဒီးယားနိုင်ငံ၊ တရုတ်နိုင်ငံ၊ မလေးရှားနိုင်ငံတွေက လက်ဝှေ့ကျော်တွေကိုဖိတ်ခေါ်ပြီး အတွေ့အကြုံရဖို့ နိုင်ငံတကာ ချစ်ကြည်ရေးပွဲတွေကို ယှဉ်ပြိုင်ကြဖို့ လိုအပ်ပါတယ်။

ပြည်ပထွက်အတွေ့အကြုံရရေး ဖိတ်ခေါ်ပွဲတွေ မရှိခဲ့ရင် ရှုံးပြီးရင်းရှုံးဖြစ်နေမှာပါပဲ။

**လေ့ကျင့်ရေးကိစ္စ**

ကမ္ဘာ့ကြေးစား လက်ဝှေ့ကျော်တွေ လေ့ကျင့်ရေးလုပ်ခဲ့ရင် အပျော်တမ်းလက်ဝှေ့ပွဲမှာ အနိုင်ရဖို့ ၉၀ ရာခိုင်နှုန်းသေချာတယ်။

ယနေ့မြန်မာနိုင်ငံလက်ရွေးစင် လက်ဝှေ့သမား (ကြေးစားလက်ဝှေ့ကျော်)တွေ လေ့ကျင့်သလို လေ့ကျင့်စေချင်ပါတယ်။ အလွန်ပင်ပန်းစွာလေ့ကျင့်ပြီးရင် အားကောင်း၊ အားပြည့်အောင် ထမင်း၊ ဟင်း၊ သီးနှံ၊ အားဆေးကျွေးရပါမယ်။ ကန်ထရိုက်ထမင်းဖြစ်ကတတ်ဆန်းဆိုရင်မဖြစ်ဘူး။ အားဆေးကောင်းကောင်းကျွေးရပါမယ်။

**နိုင်ရမည်ဆိုသည့် ရဲရဲတောက်စိတ်ဓာတ်ရှိပါမှ**

ဘယ်အရာလုပ်လုပ် (နိုင်ငံရေး၊ စစ်ရေး၊ စီးပွားရေး၊ ပညာရေး၊ လူမှုရေး၊ အားကစား၊ စာပေအနုပညာအပါအဝင်) အောင်မြင်ရမယ်၊ နိုင်ရမယ်ဆိုတဲ့ ယတိပြတ်ဆုံးဖြတ်ချက်ချထားဖို့လိုပါမယ်။ ဘုရင့်နောင်ကျော်ထင်အနော်ရထာရဲ့ နောင်ရိုးတိုက်ပွဲမှာထားတဲ့စိတ်ဓာတ်ပမာလို အနိုင်ပိုင်းဆုံးဖြတ်ချက် မခိုင်ကျည်ပါက အနိုင်ရဖို့ မသေချာတော့ပါ။

အားကစားပြိုင်ပွဲ တစ်ခုခုပြိုင်တော့မယ်ဆိုရင် နိုင်ကိုနိုင်ရမယ်ဆိုတဲ့ ဆုံးဖြတ်ချက်ထားရှိကြရမယ်။

**ဖိတ်ခေါ်ချစ်ကြည်ရေး လက်ဝှေ့ပြိုင်ပွဲများစွာရှိခဲ့၍**

တစ်ခေတ်တစ်ချိန်က ဖိတ်ခေါ်ချစ်ကြည်ရေးလက်ဝှေ့ပြိုင်ပွဲတွေမြောက်မြားစွာ ကျင်းပပေးမှုကြောင့်နဲ့ ပြည်ပဖိတ်ခေါ်ချစ်ကြည်ရေး လက်ဝှေ့ပွဲတွေကို နှစ်စဉ်သွားရောက်ပြီး ယှဉ်ပြိုင်ခဲ့ကြလို့ လက်သီးကျော်တို့ အတွေ့အကြုံရ (ပွဲရေဝ) ကြတယ်။ အောင်နိုင်မှုတွေ များခဲ့ကြတယ်။

နိဂုံးချုပ်ဆိုရရင် ဖိတ်ခေါ်ပွဲတွေ များများကျင်းပမှု၊ ပြည်ပကို သွားရောက်ထိုးခဲ့တဲ့ အကျိုးသက်ရောက်မှုကြောင့် တစ်နှစ်ထက်တစ်နှစ် များစွာတိုးတက်လာမှာဖြစ်ပါတယ်။ နိုင်ငံတော်အားကစားလက်ဝှေ့တိုးတက်လာဖို့အတွက် အချက်တစ်ချက်မှာ ဖိတ်ခေါ်ချစ်ကြည်ရေးလက်ဝှေ့ပွဲတွေ များများလုပ်ပေးသင့်ပါကြောင်း အကြံပြုရေးသားဖော်ပြလိုက်ရပါတယ်။

# မြောင်းမြမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော ပဲမျိုးစုံ ၁၈၆၉၂ ဧက ရိတ်သိမ်းပြီးစီး

**မြောင်းမြ ဇွန် ၁၂**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် မြောင်းမြမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော ပဲမျိုးစုံ ၁၈၆၉၂ ဧက ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း မြောင်းမြမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်မိုးဝင်းက ပြောပြ၍ သိရသည်။

မြောင်းမြမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီက မတ်ပဲ ၁၈၆၉၂ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါ စိုက်ပျိုးခဲ့သော ပဲသီးနှံမျိုးစုံကို ယခုနှစ် မတ်လ ပထမပတ်ကစတင် ရိတ်သိမ်းခဲ့ရာ ယနေ့တွင် ပဲသီးနှံစုံဧကအားလုံး ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း၊ ပျမ်းမျှအနေဖြင့် ပဲမျိုးစုံသည် တစ်ဧကလျှင် ၁၉ ဒသမ ၀၁ တင်းထွက်ရှိခဲ့ကြောင်း သိရသည်။

"မြောင်းမြမြို့နယ်မှာ ဆောင်းသီးနှံစိုက်ပျိုးရာသီက ပဲမျိုးစုံ ၁၈၆၉၂ ဧက စိုက်ပျိုးနိုင်ခဲ့ပါတယ်။ ပဲသီးနှံတွေကို ရိတ်သိမ်းနေတာ လက်ရှိမှာ ဧကအားလုံး ရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ ရိတ်သိမ်းဖို့ အခုရိတ်သိမ်းနေတဲ့ ပဲသီးနှံတွေအပါအဝင် ဆောင်းသီးနှံတွေအားလုံး စိုက်ပျိုးနိုင်ဖို့အတွက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက လိုအပ်တဲ့နည်းပညာတွေနဲ့ သွင်းအားစုတွေကို ပံ့ပိုးကူညီပေးခဲ့ပါတယ်"ဟု မြောင်းမြမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်မိုးဝင်းက ပြောပြသည်။

မြောင်းမြမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မတ်ပဲ ၅၇၅၄ ဧက၊ ပဲတီစိမ်းဧက ၈၂၂၀၊ ဗိုလ်ကိတ်ပဲ ၄၇၁၈ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါ ပဲသီးနှံများအပါအဝင် ဆောင်းသီးနှံများစနစ်တကျ ရာနှုန်းပြည့် စိုက်ပျိုးနိုင်ရေး၊ မတ်ပဲသီးနှံများဖြစ်ထွန်းအောင်မြင်စေရေး၊ မတ်ပဲသီးနှံများ ပိုးမွှားအန္တရာယ်ကင်းရှင်းစေရေး စသည့်လုပ်ငန်းများကို စိုက်ပျိုးရေးဦးစီးဌာနနှင့် ဒေသခံတောင်သူများ ပူးပေါင်း



ဆောင်ရွက်ခဲ့ကြကြောင်း မြောင်းမြမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်မိုးဝင်းက ပြောပြ၍ သိရသည်။

**ကျော်ကျော်လင်း**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

မန္တလေး၊ အမရပူရမြို့နယ်၊ ခနုံးကျေးရွာအုပ်စု၊ ကုလားရွာ (၆)လမ်း၊ လမ်းသွယ်(၃)နေ ဦးနိုင်ဦး-ဒေါ်နုနု တို့၏သား **မောင်ဝေယံဦး(၅/ကလတ(နိုင်)၁၀၂၁၃၉)** သည် မိဘတို့၏ဆိုဆုံးမမှုကို မနာခံဘဲ စိတ်ဆင်းရဲအောင် အကြိမ်ကြိမ်ပြုလုပ်နေပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှအမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ နောက်နောင် ၎င်းနှင့်ပတ်သက်သည့် ကိစ္စအဝဝကို လုံးဝ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

*(စုံစမ်းမေးမြန်းခြင်းသည်းခံပါ)*

**ဦးနိုင်ဦး (၉/အမရ(နိုင်)၀၃၅၂၇၆)**

**ဒေါ်နုနု(၉/မဟမ(နိုင်)၀၀၉၀၄၂)**

## သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

အမရပူရမြို့နယ်၊ မုန်တန်းရပ်ကွက်၊ ဝါးတန်းတောင်ရပ်နေ ဦးအောင်ဆန်းထွန်း-ဒေါ်အေးအေးမွန်တို့၏သမီး **မအေးနန္ဒာအောင် (၉/အမရ(နိုင်)၁၇၇၃၄၅)** သည် မိခင်၏ ဆိုဆုံးမစကားကို နားမထောင်ဘဲ စိတ်ဆင်းရဲအောင် အကြိမ်ကြိမ်ပြုလုပ်နေပါသဖြင့် သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ နောက်နောင်တွင် ၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝကို တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

*(စုံစမ်းမေးမြန်းခြင်းသည်းခံပါ)*

**ဒေါ်အေးအေးမွန်**

**(၉/အမရ(နိုင်)၁၀၅၀၉၈)**

## မိဘအမည်မှန်

ဝမ်းတွင်းမြို့နယ်၊ အ. ထ. က(နဘဲကန်)၊ Grade-8 တွင် ပညာသင်ကြားနေသော မသင်းမြဇင်၊ ကျောင်းဝင်အမှတ်(၁၂၅၉)၏ မိဘအမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ ဦးဇော်ဇော်-ဒေါ်တင်တင်ခိုင် ဖြစ်ပါကြောင်း။

**ဦးဇော်ဇော်(၉/ဝတန(နိုင်)၁၅၉၅၄၈)**

**ဒေါ်တင်တင်ခိုင်(၉/ဝတန(နိုင်)၂၁၁၀၁၇)**

## တစ်ဦးတည်းဖြစ်ပါကြောင်း

မန္တလေး၊ ချမ်းအေးသာစံမြို့နယ်၊ မျိုးညွန့်ကိုယ်ပိုင်အထက်တန်းကျောင်း၊ Grade-8 မှ မမေသဇင်ဝင်း ၏ ဖခင်အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ ဦးယဉ်ရင်ဆင်း(ခ)အောင်ဆန်းဝင်း မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဦးယဉ်ရင်ဆင်း(ခ)အောင်ဆန်းဝင်း**

**(၁၃/တကန(နိုင်)၀၀၃၈၄၃)**

"အဂတိပယ်ခွာ ပြည်သာယာ"

Remove Corruption, Promote Prosperity

## အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားရာတွင် သတိပြုရမည့်အချက်များ

၁။ မည်သူမဆို အဂတိလိုက်စားမှုနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ အဂတိ လိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာလာခြင်းနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ သတ်မှတ်ချက်များနှင့်အညီ ကော်မရှင်သို့ဖြစ်စေ၊ ကော်မရှင်ရုံးသို့ ဖြစ်စေ၊ ဤဥပဒေအရ ဖွဲ့စည်းသော လုပ်ငန်းကော်မတီ၊ လုပ်ငန်းအဖွဲ့၊ ပဏာမစိစစ်ရေးအဖွဲ့နှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့ တစ်ခုခုသို့ဖြစ်စေ၊ သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းတစ်ခုခုသို့ဖြစ်စေ သတင်းပေးပို့ချက်နှင့် တိုင်တန်းချက်များကို ပေးပို့နိုင်သည်။

၂။ တိုင်ကြားစာပေးပို့ရာတွင် ကော်မရှင်ထံ မိတ္တူပေးပို့ခြင်းမပြုဘဲ တိုက်ရိုက် လိပ်မူပေးပို့ရမည်။

၃။ တိုင်ကြားသူ၏ အမည်၊ လက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ ဆက်သွယ်ရန် လိပ်စာအပြည့်အစုံ၊ ဖုန်းနံပါတ် ပါဝင်ရမည်။

၄။ အရေးကြီးသော သက်သေခံချက်ဖြစ်သည့် မျက်မြင်သက်သေ၊ စာရွက်စာတမ်း၊ ဓာတ်ပုံ၊ အသံဖိုင်၊ ဗီဒီယိုဖိုင် စသည်တို့ရှိကြောင်း ဖော်ပြနိုင်ရမည်။

၅။ ပုဂ္ဂိုလ်တစ်ဦးဦးတစ်ယောက်အား နစ်နာစေရန် သို့မဟုတ် ဂုဏ်သရေ ပျက်စေရန် တမင် ပြုလုပ်တိုင်ကြားပါက ဤဥပဒေပုဒ်မ ၅၉ အရ အရေးယူ ခံရနိုင်သည်ကိုလည်း သတိပြုရမည်။

### လိပ်မူတိုင်ကြားရန် လိပ်စာ

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်

ရုံးအမှတ် (၅၆)၊ ဇေယျာဌာနီလမ်း၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်၊

စာတိုက်သေတ္တာအမှတ်(၁၄၄)၊ ဖုန်းနံပါတ် ၀၆၇-၈၁၀၃၃၄၇၊

၀၆၇-၈၁၀၃၃၃၄၊

Email Address – accm@accm.gov.mm၊

Website Address – http://www.accm.gov.mm

# တမူးခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ၁၁၄၅ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**တမူး ဇွန် ၁၂**

စစ်ကိုင်းတိုင်းဒေသကြီး တမူးခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ၁၁၄၅ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း တမူး ခရိုင်စိုက်ပျိုးရေးဦးစီးဌာန ခရိုင် ဦးစီးမှူး ဦးလှမြင့်က ပြောပြ၍ သိရသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ တမူးခရိုင်တွင် ဟင်းသီးဟင်းရွက် ၃၃၁၈ ဧက စိုက်ပျိုးရန် လျာထားပြီး ယခုနှစ်မေလမှစတင်၍စိုက်ပျိုးခဲ့ရာ ယနေ့တွင် ၁၁၄၅ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီက တမူးခရိုင်မှာ ဟင်းသီးဟင်းရွက် ဧက ၃၀၀၀ ကျော် စိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိ ဧက ၁၀၀၀ ကျော် စိုက်ပျိုးပြီးစီးပြီ ဖြစ်ပါတယ်။ ဟင်းသီးဟင်းရွက် သီးနှံစိုက်ပျိုးမှုကတော့ တစ်နှစ်နဲ့တစ်နှစ်တိုးလာပါတယ်။ ဟင်းသီးဟင်းရွက်စိုက်ပျိုးရာမှာ ကျန်းမာရေးနဲ့ညီညွတ်တဲ့ သီးနှံတွေဖြစ်စေဖို့ စိုက်ပျိုးရေးနည်းစနစ်တွေကိုဆောင်ရွက်ပေးနေပါတယ်။ မုန်ညင်း၊ ငရုတ်၊ ခရမ်းချဉ်၊ ခရမ်းသီး၊ ဂေါ်ဖီထုပ်၊ ပန်းမုန်လာ၊ ရုံးပတီ စတဲ့ သီးနှံတွေစိုက်ပျိုးကြတယ်"ဟု တမူးခရိုင်စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးလှမြင့်က ပြောပြသည်။

ယခုနှစ် တမူးခရိုင်တွင် မြို့နယ်အလိုက် ဟင်းသီးဟင်းရွက်စိုက်ပျိုးပြီးစီးမှုအနေဖြင့် မြို့သစ်မြို့နယ်တွင် ၂၅၅ ဧက၊ တမူး မြို့နယ်တွင် ဧက ၃၆၀ နှင့်ခါမ်းပါတ်မြို့တွင် ဧက ၅၃၀ စုစုပေါင်း ၁၁၄၅ ဧက ဖြစ်ကြောင်း သိရသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ တမူးခရိုင်တွင် ဟင်းသီးဟင်းရွက်စိုက်ပျိုးရန်အတွက် မြို့နယ်အလိုက် လျာထားမှုအနေဖြင့် မြို့သစ်မြို့နယ်တွင် ၈၇၃ ဧက၊ တမူးမြို့နယ်တွင် ဧက ၉၃၀ နှင့်ခါမ်းပါတ်မြို့တွင် ၁၅၁၅ ဧက စုစုပေါင်း ၃၃၁၈ ဧက ဖြစ်ကြောင်း သိရသည်။

ယခုနှစ် တမူးခရိုင်တွင် ဟင်းသီးဟင်းရွက်စိုက်ပျိုးတောင်သူများကို သက်ဆိုင်ရာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက ဟင်းသီးဟင်းရွက်စိုက်ပျိုးတောင်သူများကို ဟင်းသီးဟင်းရွက်များ တိုးချဲ့စိုက်ပျိုးရေး၊ GAP စနစ်ဖြင့် စိုက်ပျိုးရေး၊ စိုက်နည်းစနစ်များ မှန်ကန်စေရေး၊ ကျန်းမာရေးနှင့်ညီညွတ်သော ဟင်းသီးဟင်းရွက်ရရှိရေး၊ သဘာဝမြေဩဇာ၊ ပိုးသတ်ဆေးများပြုလုပ်သုံးစွဲရေးတို့ကို အသိပညာပေး ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ (၂၀၆)

# ကံမမြို့နယ် ပွတ်စုကျေးရွာ၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ စစ်ဆေး

**ကံမ ဇွန် ၁၂**

မကွေးတိုင်းဒေသကြီး သရက်ခရိုင် ကံမမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ပွတ်စုကျေးရွာ၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဖြစ်သည့် ကျေးလက်ကုန်ထုတ်လမ်းဖောက်လုပ်နေမှုနှင့် Slab Culvert နှစ်စင်းတည်ဆောက်နေမှုအခြေအနေများကို ဇွန် ၁၁ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့သည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် သရက်ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးမိုးဝင်း၊ ကံမမြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးထွန်းကျော်ကျော်မျိုးနှင့်အင်ဂျင်နီယာဝန်ထမ်းများက ကျေးရွာကုန်ထုတ်လမ်းဖြစ်မြောက်ရေးကော်မတီဝင်များနှင့်အတူ လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသခဲ့ပြီး ခရိုင်ဦးစီးမှူးက လုပ်ငန်းအချိန်မီပြီးစီးရေး၊ သတ်မှတ်စံချိန်စံညွှန်းများပြည့်မီရေး အလေးထားဆောင်ရွက်သွားကြရန် ဆွေးနွေးမှာကြားခဲ့သည်။

ပွတ်စုကျေးရွာ၌ ကုန်ထုတ်လမ်း အရှည်ပေ ၃၃၀၀၊ အကျယ်ပေ ၁၀၊ အမြင့်ကိုးလက်မရှိ မြေနီကျောက်စရစ်ခင်းခြင်း၊ အရှည် ၁၆ ပေ၊ အကျယ် ၁၀ ပေ၊ အမြင့်သုံးပေရှိ Slab Culvert တံတားနှစ်စင်း တည်ဆောက်ခြင်းလုပ်ငန်းများကို ယခုဘဏ္ဍာနှစ်တွင် တိုင်းဒေသကြီးအစိုးရ ခွင့်ပြုရန်ပုံငွေကျပ် ၃၈ ဒသမ ၂ သန်းဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန အင်ဂျင်နီယာများနှင့် ကျေးရွာသူ၊ ကျေးရွာသားများပူးပေါင်း၍ ဇွန် ၇ ရက်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၁၀ ရာခိုင်နှုန်းပြီးစီးပြီဖြစ်ပြီး လုပ်ငန်းများအားလုံး ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးပါက ကျေးရွာရှိအိမ်ခြေ ၁၂၆ အိမ်မှ လူဦးရေ ၃၄၅ ဦးတို့၏ လယ်ယာမြေဧက ၁၁၀ မှ လယ်ယာထွက်ကုန်များ ဈေးကွက်သို့ အချိန်မီတင်ပို့ရောင်းချနိုင်မည်ဖြစ်ကြောင်း သရက်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးမိုးဝင်းက ပြောပြ၍ သိရသည်။ **ငြိမ်းသူ(စလင်း)**








## အမည်ပြောင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ အမှတ်(၂)အခြေခံပညာမူလတန်းလွန်ကျောင်း၊ Grade-2 တွင် ပညာသင်ကြားနေသော ဦးဝင်းမြိုင် ၏သမီး မနီနီထင်ကျော် အား မနီနီသာ ဟု အမည်ပြောင်းလဲခေါ်ဆိုပါရန်။

**မနီနီသာ**

## ဝန်ထမ်းအမြန်အလိုရှိသည်

(ပြည်တွင်း၌သာခန့်ထားရန်)

Ipanema, Charles & Keith, Adidas, Bonia, Bold By Blazon, Crocs Blazon @ 62 Central Point Shopping Center နှင့် Mdy Capital Blazon တွင်

**တာဝန်ထမ်းဆောင်ရန်**

1. **Junior Sale Promoter ကျား/မ (5)Posts**
2. **Junior Sale & Cashier ကျား/မ (5)Posts**

* တွဲ့ရ (သို့) တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီးသူဖြစ်ရမည်။
* အမှတ်စဉ်(၂)အတွက် Computer Basic Certificate ရရှိပြီးသူဖြစ်ရမည်။
* အမှတ်စဉ်အားလုံးအတွက် အသက် (၁၈)နှစ်ပြည့်ပြီးသူဖြစ်ရမည်။ ချပ်ရည်သန့်ပြန့်၍ ပြောဆိုဆက်ဆံရေးအထူးကောင်းမွန်ရမည်။
* စည်းကမ်းလိုက်နာနိုင်သူဖြစ်ရမည်။

လျှောက်ထားလိုသူများသည် CV Form၊ အကျင့်စာရိတ္တကောင်းမွန်ကြောင်း ရပ်ကွက်ထောက်ခံစာမူရင်း၊ ရဲစခန်းထောက်ခံစာမူရင်း၊ ပညာရေးထောက်ခံစာမိတ္တူ၊ မှတ်ပုံတင်မိတ္တူတို့နှင့်အတူ **62 Blazon Central Point Shopping Center (သို့) ၇၈လမ်း၊ ၃၄ လမ်းထောင့်၊ ရတနာပုံဈေး 4th Floor(MRCCI ရုံးခန်းနှင့် ကပ်လျက်ရုံးခန်း)သို့** လူကိုယ်တိုင် လာရောက်ပေးပို့လျှောက်ထားနိုင်ပါသည်။

**အသေးစိတ်သိရှိလိုပါက 09-969948144 mdy.bdtexecutive@gmail.com သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။**

## ပျောက်ဆုံးကြောင်း

မန္တလေး၊ ချမ်းအေးသာစံမြို့နယ်နေ မောင်ကျော်ခိုင် (ဘ) ဦးသန်းဝင်း (၉/ခအဇ(နိုင်)၀၃၉၃၆၉)၏ နိုင်ငံကူးလက်မှတ်အမှတ် (MF-456070) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**၀၉-၄၄၁၀၀၆၁၆၈**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ချမ်းမြသာစည်တောင်ရွာသစ်နေ ဦးအောင်အောင်ဦး-ဒေါ်တင်တင်အေး တို့၏သား **မောင်ဝေဖြိုးအောင်(၉/ခမစ(နိုင်)၀၈၅၅၀၀)** သည် မိဘစကားနားမထောင်ဘဲ စိတ်ဆင်းရဲအောင်အကြိမ်ကြိမ်ပြုလုပ်ပြီး နေအိမ်မှဆင်းသွားပါသဖြင့် သားအဖြစ်မှအမွေပြတ်စွန့်လွှတ်လိုက်ပါသည်။နောက်နောင်ငွေငင်းနှင့်ပတ်သက်သော ကိစ္စအဝဝကို တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

*(စုံစမ်းမေးမြန်းခြင်းသည်းခံပါ)*

**ဦးအောင်အောင်ဦး(၅/စကန(နိုင်)၀၁၂၆၁၄)**
**ဒေါ်တင်တင်အေး(၉/မရမ(နိုင်)၀၄၂၃၁၈)**

## မွေးသက္ကရာဇ်အမှန်

မလှိုင်မြို့နယ်၊ ဆည်တိုကျေးရွာ၊ ပညာဝေ့လမင်းကိုယ်ပိုင်အထက်တန်းကျောင်း၊ Grade-11 မှ မနှင်းယုဝေ (ဘ) ဦးမောင်ဝင်း ၏ မွေးသက္ကရာဇ်အမှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ ၁၀-၁၁-၂၀၀၇ ဖြစ်ပါကြောင်း။

**၁၀-၁၁-၂၀၀၇**

## ပျောက်ဆုံးကြောင်း

မန္တလေး၊ အောင်မြေသာစံမြို့နယ်၊ ဒေါနဘွားရပ်နေ ဒေါ်ဝင်းအိမွန်(ဘ)ဦးသန်းထွန်း (၉/အမဇ(နိုင်)၀၂၁၅၈၇)၏ နိုင်ငံကူးလက်မှတ်အမှတ်(MI-396427)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**၀၉-၆၉၇၀၃၉၆၄၂**

## ပျောက်ဆုံးကြောင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၁)နေ စိုင်းနန္ဒာသန်း (ဘ) ဦးမြင့်သန်း (၉/မရတ(နိုင်)၁၁၉၂၄၄)၏ နိုင်ငံကူးလက်မှတ်အမှတ် (MF-194850)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**၀၉-၅၁၃၁၈၉၉**

## ပျောက်ဆုံးကြောင်း

ပုသိမ်ကြီးမြို့နယ်နေ မောင်အောင်ခိုင်လင်း (ဘ) ဦးတင်ဝင်း (၉/အမဇ(နိုင်)၀၇၃၇၄၈)၏ နိုင်ငံကူးလက်မှတ်အမှတ် (MH-262546)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**၀၉-၉၆၅၈၄၉၈၄၉**

**စာအုပ်စာပေ လူ့မိတ်ဆွေ**

## အများသိစေရန်ကြေညာခြင်း

စစ်ကိုင်းမြို့၊ **ပန်းဘဲတန်း**ရပ်ကွက်၊ အကွက်အမှတ် (၆/၂၆)၊ အကွက်အမည် **ပန်းဘဲတန်း**ကွင်း၊ ဦးပိုင်အမှတ် (**၄၃/ခ-၁**)၊ ဧရိယာ (**၀.၀၀၈**) ဧကနှင့် ဦးပိုင်အမှတ် (**၄၃/စ-၁**)၊ ဧရိယာ (**၀.၀၁၈**)ဧက၊ စုစုပေါင်း ဧရိယာ (**၀.၀၂၆**)ဧကရှိ အောက်ဖော်ပြပါ အလားအလာရှိသည့်-

(က) အရှေ့လားသော် - လမ်း
(ခ) အနောက်လားသော် - ဦးပိုင်အမှတ်-၁၉၊၁၈/က-၂
(ဂ) တောင်လားသော် - ဦးပိုင်အမှတ်-၄၃/ခ-၂
(ဃ) မြောက်လားသော် - ဦးပိုင်အမှတ်-၄၃/စ-၂

အထက်ဖော်ပြပါမြေကို (ဘိုးဘပိုင်အမည်ပြောင်း)ပေးရန် **ဦးသိန်းထွန်း**မှ လျှောက်ထားလာသည့်အတွက် ယင်း၏အမည်ကို ပြောင်းလဲပေးမည်ဖြစ်ပါ၍ ပြောင်းလဲမပေးထိုက်ကြောင်း ကန့်ကွက်လိုသူများရှိပါက **၂၀၂၄ ခုနှစ်၊ ဇူလိုင်လ (၁၁) ရက်နေ့** မတိုင်မီ ဆိုင်ရာစာရွက်စာတမ်းအထောက်အထားများနှင့်တကွ အောက်တွင်လက်မှတ်ရေးထိုးသူထံ ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း လာရောက်ကန့်ကွက်တင်ပြမှုမရှိပါက ကန့်ကွက်သူမရှိဟုယူဆပြီး လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**မြို့နယ်ဦးစီးဌာနမှူး**
**စစ်ကိုင်းမြို့နယ်မြေစာရင်းဦးစီးဌာန၊ စစ်ကိုင်းမြို့။**

## ပျောက်ဆုံးကြောင်း

အောင်မြေသာစံမြို့နယ်နေ မောင်လှမင်းအောင်(ဘ) ဦးသန်းထွန်း(၉/မခန(နိုင်)၂၇၄၈၆၅)၏ နိုင်ငံကူးလက်မှတ်အမှတ် (MF-948617)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**၀၉-၇၇၀၆၅၄၂၀၄**

## သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

မန္တလေး၊ အောင်မြေသာစံမြို့နယ်၊ ဘုန်းတော်ကြီးရပ်နေ ဦးမျိုးမင်းဦး-ဒေါ်သန္တာမြင့် တို့၏သမီး **မမြတ်နိုးဦး (၉/အမဇ(နိုင်)၀၇၈၅၀၂)** သည် မိဘတို့၏ဆိုဆုံးမစကားကိုမနာခံဘဲ အကြိမ်ကြိမ်စိတ်ဆင်းရဲအောင်ပြုလုပ်ပြီး နေအိမ်မှဆင်းသွားပါသဖြင့် ယနေ့မှစ၍ သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ နောက်နောင်တွင် ငွေငင်းနှင့်ပတ်သက်သော ကိစ္စအဝဝကို လုံးဝ(လုံးဝ) တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

*(စုံစမ်းမေးမြန်းခြင်းသည်းခံပါ)*

**ဦးမျိုးမင်းဦး (၇/ပခန(နိုင်)၂၂၈၄၃၉)**
**ဒေါ်သန္တာမြင့် (၇/ပခန(နိုင်)၂၁၆၅၂၀)**

## ပျောက်ဆုံးကြောင်း

စဉ့်ကူးမြို့နယ်၊ ကျွန်းတော်ကျေးရွာနေ မောင်ဇော်မိုးအောင် (ဘ) ဦးနေဝင်း(၉/စကန(နိုင်)၀၉၁၅၁၄)၏ နိုင်ငံကူးလက်မှတ်အမှတ် (ME-520367) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**၀၉-၈၉၈၆၅၂၆၄၇**


ခြင်ဆေးခွေ
သုံးလျှင်
သတိယှဉ်
အောက်တွင်
ခံခွက်
မမေ့နှင့်

❖ မိမိတို့နိုင်ငံသည် ပြည်ထောင်စုစနစ်ဖြင့် တည်ဆောက်ထားသည့် နိုင်ငံဖြစ်၍ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးသည် အဓိက ကျပါသည်။ တိုင်းရင်းသားအချင်းချင်း စည်းလုံး ညီညွတ်စေရန်အတွက် အရေးကြီးဆုံးနှင့် အလို အပ်ဆုံးမှာ ပြည်ထောင်စုစိတ်ဓာတ်မွေးမြူကြ ရေးပင်ဖြစ်ကြောင်း အသိပေးတိုက်တွန်းမှာကြား လိုပါသည်...

**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီ ၇ ရက်တွင် ကျရောက်သော (၇၇)နှစ်မြောက် ရှမ်းပြည်နယ်နေ့အခမ်းအနားသို့ ပေးပို့သည့်သဝဏ်လွှာမှ ကောက်နုတ်ချက်)**

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

**၁။ နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကိုတည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA) ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံးတည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိစေရန်အလေးထားလုပ်ဆောင်ရေး။

**၂။ စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သောစိုက်ပျိုးရေးနှင့်မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကိုအားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်းထွက်ရှိအောင်ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

**၃။ လူမှုရေး**

(က) တစ်နိုင်ငံလုံးအသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍမြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ်ပါဝင်နိုင်ရေး ဗလငါးတန်နှင့်ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

# ၂၀၂၄ ခုနှစ် ပြည်နယ်နှင့် တိုင်းဒေသကြီး ရေကူးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ တက်ရောက်ကြည့်ရှုအားပေး




**နေပြည်တော် ဇွန် ၁၂**

၂၀၂၄ ခုနှစ် ပြည်နယ်နှင့် တိုင်းဒေသကြီး ရေကူးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိရေကူးကန်၌ကျင်းပရာ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်များ တက်ရောက်ကြည့်ရှုအားပေးကြသည်။

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်များဖြစ်ကြသည့် ဒေါ်ဒွဲဘူ၊ ပိုးရယ်အောင်သိန်း၊ ဒေါက်တာမှုထန်၊ ဒေါက်တာဘရွှေ၊ ခွန်စံလွင်၊ ဦးရွှေကြိမ်နှင့် ဦးရန်ကျော်၊ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ဌာနဆိုင်ရာတာဝန်ရှိသူများ၊မြန်မာနိုင်ငံရေကူးအဖွဲ့ချုပ်တို့မှ တာဝန်ရှိသူများ၊ဖိတ်ကြားထားသောဧည့်သည်တော်များ၊ **စာမျက်နှာ ၂၂ ကော်လံ ၁ ☆**

ရွှေတိဂုံစေတီတော်မြတ်ကြီးသို့ ဘုရားဖူးပြည်သူ များပြားလာသဖြင့် ဘုရားဖူးမြော်ချိန်ကို တိုးမြှင့်ပေးသွားမည် *စာမျက်နှာ - ၂၇*

ရေဝတီမြစ်ရေများချိန်ကာလ ဖြစ်သောကြောင့် တောင်သမန်အင်းအတွင်း ဇွန်လ ဒုတိယပတ်မှစ၍ အင်းရေ နှစ်ပေခန့် မြင့်တက်လာ *စာမျက်နှာ - ၂*

ရန်းတောင် ကြိုးပြင်ကာကွယ်တော သတ်မှတ် *စာမျက်နှာ - ၁၆*




## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကို သတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

**MYAWADDY TRADING LIMITED**





ပို့ကုန် — လယ်ယာထွက်သီးနှံ၊ ဆန်စပါး၊ သကြား၊ရာဘာ၊ရေထွက်ပစ္စည်း၊ အခြားပို့ကုန်အမျိုးမျိုး။

သွင်းကုန် — စားအုန်းဆီ၊ လူ့အသုံးအဆောင်၊ ရေနံနှင့်ဓာတုပစ္စည်း၊ဓာတ်မြေသြဇာ၊ ကတ္တရာ။

Tel: 95-01-8373255,8373265,8373267, 8373291

Fax: 95-01-8373257